


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဒါကြည်တော်

စိုးမိုး
စာ အုပ် တိုက်
အမှတ်(၁၃)၊ ၁၀၇လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၀၉၉၅

BURMESE CLASSIC .com



| | | |
|---|---|---|
| ထုတ်ဝေသူ | ◆ | ဒေါ်မိုးသိတာ (စိုးမိုးစာပေ) (၀၀၃၃၅) အမှတ် ၁၃၊ ၁၀၇လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ◆ | ဒေါ်ရွှေ (၀၀၇၁၉) သုခပုံနှိပ်တိုက်၊ အမှတ် (၁၂၈)၊ ၄၆လမ်း(ထက်)၊ ဗိုလ်တထောင်မြို့နယ်။ |
| အဖုံးဒီဇိုင်း | ◆ | ကိုဆန်း |
| ဖလင်ခွဲ | ◆ | ထွန်းဆိုင် |
| စာအုပ်ချုပ် | ◆ | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | ◆ | ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ။ ပထမအကြိမ် |
| အုပ်ရေ | ◆ | ၅၀၀ |
| တန်ဖိုး | ◆ | ၂၅၀၀ ကျပ် |

၈၉၅.၈၃

အကြည်တော်

အသိုက်ကိုက်/ အကြည်တော်။ – ရန်ကုန်၊

စိုးမိုးစာပေ၊ ၂၀၁၈။

၁၆၅ – စာ၊ ၁၃.၅ × ၂၀.၅ စင်တီ။

(၁) အသိုက်ကိုက်




# အသိုက်ကိုက်

မိုးကား နာမည်ပျက်ရုံကလေးသာ ရွာနေသည်။ လူတွေ အပြင်ထွက်၍ အဆင်မပြေရုံ။ ရှိရင်းစွဲ ချိုင့်ခွက်များ ဗွက်ထရုံ။ ဝတ်ထားသော အင်္ကျီကလေးများ ဖားဥစွဲရုံမျှ အသာအယာရွာနေ၏။

အပြင်သွားလိုသူတစ်ယောက်အနေနှင့်တော့ ထီးယူသွားရကောင်းနိုး၊ မယူသွားရကောင်းနိုး နှင့် မိုးရေပဲ ချိုးရမလို၊ နေပူထဲပဲ ဒိုးရမလိုနှင့် . . .

"သေချင်းဆိုးမိုး ဘယ်လိုမျိုးရွာနေပါလိမ့်"

ဟု ကျိန်ဆဲမိရုံကလေး ရွာနေလေသည်။

ထို့အပြင် မိုးကို အကာအကွယ်ယူထားသော နေမင်း ကလဲ ခုပဲ ထပွင့်တော့မလို၊ သို့တည်းမဟုတ် မိုးတိမ်နောက်မှပဲ ထာဝရခိုကိုးတော့မယောင်နှင့်။

"လိုတစ်မျိုး၊ မလိုတစ်မျိုး၊ သွေးဆိုးသော အရက် သမားလို" ဒယီးဒယိုင်ဖြစ်နေ၏။

ဝိ ၊ မိ ၊ ၀၁ ၈ ပ

မိတ်ဆွေ၊ မှုန်ဖွဲ့ဖွဲ့ မသဲမကွဲရာသီဥတု၊ ငြိုးငွေ့စရာ ကောင်းကင်အောက်၊ ဖျောက်တောက်တောက် မိုးရေ ကြား၊ ဆိုင်းဘုတ်ပြားများ၊ မညီမညာစာသားများ ဆုပ်ကိုင် ထားသော လူတစ်စုကို မြင်မိပါသလား။

ကိုင်ထားသည့်စာသားပင် အမြီးမှန်း အမောက် မှန်းမသိ။ ဘုမသိဘမသိနှင့် တစ်ယောက်ယောက် ထကြောင် လျှင် လိုက်ဟောင်ဖို့ အဆင်သင့်။ မျက်လုံး များက မှုန်ဝါးဝါး။ အမှန်အမှားကို အပေါ်ယံကြောပင် သိဟန်မပေါ်။ သို့သော် သူတို့သည် လုပ်တိုင်းကျော်၊ ပုပ်တိုင်းပေါ်လာသည့် လူတစ်စု မွေးထားသော အမှုန် အမှားများ။

ထိုအထဲတွင် ကိုရင်ပြားက ဦးဆောင်ပြီး၊ ပွဲတိုင်းကျော် "လူမသန်ကိုနန်" တို့အဖွဲ့ ပါပေသည်။

× × × × × ×





အို. . . မိတ်ဆွေ။

ဒေါင်းဖလ်ဝါနေမင်းကြီး အလျှံညီးညီးရှိ၏။

ဒေါင်းဖလ်ဝါနေမင်းကား မည်သို့အရောင်နည်း။

မြန်မာသည်ကား မြန်မာပီသအောင် အများ ဒေါင်းဖလ်ဝါ နေမင်းဆိုတိုင်း နေမင်းကြပေသည်။ဒေါင်းဖလ်ဝါ နေမင်း မည်သည့်အရောင်မှန်း မည်သူမှ မသိကြပေ။

ရှေးဆရာကြီးများအား အားနာမိပါ၏။ ထိုဒေါင်းဖလ်ဝါ (သူများဝါ၊ ကိုယ်ဝါပေါ့) နေမင်းကြီး၏ အောက် ကြွေးကြော်သံများ နာကြားကြည့်ကြပါလော့။

သင်တို့၏ လက်တစ်ကမ်းတွင် ဗွီဒီယိုများ ရုပ်ရှင်များဖြင့် လူတို့သိသင့်သော စာပေများ ဆောင်ပုဒ် များ၊ လူအရုပ်များ ရှိပေလိမ့်မည်။

ထိုအထဲကမှ ဂရိနတ်ဘုရားများပုံပြင်မှ ဆင်းသက် လာသော'လူသန်ကိုနန်' ကို ရင်းနှီးကြပေလိမ့်မည်။

လူတစ်ပိုင်းနတ်တစ်ပိုင်း မွေးဖွားခြင်းခံရသော ကိုနန်မှာ လူကဲ့သို့အဆင်းအင်္ဂါရှိပြီး နတ်ဘုရားကဲ့သို့ စွမ်းအားကြီးမားလွန်း၍ 'လူသန်ကိုနန်' အဖြစ် ထင်ရှား သိရှိကြပေလိမ့်မည်။

ယခုခြောက်တီးခြောက်ချက် မိုးရေစက်ကြား ရပ်ကြည့် သွားလာနေသော မိတ်ဆက်ပေးချင်သူ တစ်ယောက် ကား ထိုသို့ မဟုတ်။

သူကား မြန်မာပြည်ဖွားဖြစ်၏။ ထို့အပြင် ဂရိ နတ်ဘုရားမှ ဆင်းသက်လာသော လူတစ်ပိုင်း နတ်တစ်ပိုင်း ကိုနန်လို လူကမသန်။

ထမင်းက မစားရတစ်ရက်၊ စားရတစ်ရက်မို့ လူက ဘယ်လိုမှ မသန်။ ထို့အပြင် ရေကန်ကြီးနံဘေး ကျူးကျော် တဲဘေးနေရလင့် ကစား ရေချိုးစရာရေပုံးမရှိ၍ ရေလဲမချိုး သဖြင့် သာမန်ဒွာရ

အပေါက်များ ခံစားတတ်သူအဖို့ သူ့အနား မကပ်နိုင်လောက်အောင် နံစော်နေသူမို့ သူ့အား အများက နာမည်ပေး ထားလေသည်။

"လူမသန် ကိုနံ့"

လူကမသန်၊ ကိုယ်ကနံနေသည်မို့ နာမည်နှင့် လိုက်၏။ နာမည်ရင်းကား နောင်ကြီးဟု သိကြပြီး၊ အများသိသော နာမည်မှာ

"လူမသန်ကိုနံ့"

ဗလကား ပြား၏။ နံရိုးကားထွား၏။ သွားကား ဝါ၏။ နှုတ်ခမ်းမှာ ပြာ၏။ အသားမှာ မွဲ၏။ လူမှာ ချီ၏။ ကိုယ်မှာ နံ၏။

သို့သော် သူကား ရဲရဲတောက်စရာရှိ၊ အများထက် ရဲရဲတောက်ဖြစ်သည်။

ကိုနံ့ လက်ထဲ ဆိုင်းဘုတ်ထည့်ပေးလိုက်။ ထင်ရာမြင်ရာ အော်ဖို့က သူ့တာဝန်ဖြစ်သည်။

ပွဲဆူသည်။ ရံဖန်ရံခါ ကြမ်းသည်။ ရံဖန်ရံခါ ပြေးရသည်။ ရံဖန်ရံခါ . . .
ရံဖန်ရံခါ ထင်မှတ်မထားသည်အထိ ဖြစ်တတ်၏။

သို့သော်. . .

ကိုနံ့တို့သည်ကား ဆယ်လမွန်ငါးများသာ။ ဦးဆောင်သူရှိမှ နောက်ကလိုက်တတ်သည့် ခပ်ညံ့ညံ့ ဆယ်လမွန်ငါး။

ကိုနန် ဦးဆောင်သူကို အကြည့်ရောက်သွား၏။

ခန္ဓာကိုယ်က လှိုက်ခနဲ။ ခြေဖျားလက်ဖျားက အေးခနဲ။ နှလုံးသားက ဆစ်ခနဲ။ နှုတ်ဖျားမှ တီးတိုးစွာ

"ဤသို့ ချစ်ရပါသည် မခင်သန်းကြည်"

× × × × × ×



ထိုခန္ဓာကိုယ်အပြည့်အစုံ စိုစွတ်စေဖို့ဆိုလျှင်၊ မိုးအတော်ကို ရွာပေးရပေမည်။

အသားမှာ မဲ၏။ ဝင်ဝင့်ကျ၏။ လူမှာ ဝ၏။ ကွမ်းဝါး ထားသောသွားမှာ နီနေလား မဲနေလား ဝေခွဲမရ။ သို့သော် သူမ၏ ထူးခြားချက်မှာ ပေါသည်။ ပေါ့သည်။ ဂယောင်ဂယင်နိုင်သည်။ အပြေးလဲသန်၏။ သူမမှာ -

ဤသို့ ချစ်ရပါသော မခင်သန်းကြည်သာ။

မိုးစက်ပွင့်မှုန်ဖွဲဖွဲကြား တာစားလှသော အလှတရားက ကိုနံ့ရင်ကို လှိုက်ဖိုစေ၏။ နှလုံးသားက သူပုန်သူကန် ခြေလှမ်းမျိုးနှင့် ရင်ကို ခပ်ပြင်းပြင်း ဆောင့်ဆောင့် ကန်နေလေပြီ။

နေ့ည မပျက် မြင်တွေ့နေရပါလျက်၊ မှမြင်လဲ လွမ်း၊ မြင်လဲလွမ်း၊ မဆုံလဲလွမ်း၊ ဆုံလဲလွမ်းနှင့် ထပ်ခါ ထပ်ခါ မှတ်သား နေရသော မျက်နှာတချို့ မိုးစက်ကလေး ကာခြားသွားလျှင်တောင် ဗျာများပတတ် ချစ်ရပါသည်။ ဤသို့ မခင်သန်းကြည်။

လူတစ်ကိုယ် စိတ်တစ်မျိုးရှိလျှင် ကိုနံ၏ စိတ်မှာ မခင်သန်းကြည်ပါ။ ခင်သန်းကြည်သာ ဘဝ၊ ခင်သန်း ကြည်သာ အလှ၊ ခင်သန်းကြည်သာ မရှိလျှင် ကိုနံ ဖုတ်ခနဲ သေဆုံးဖို့ ဝန်မလေး။ ထမင်းမစားတာလေးသာ ရင်ခုန်မိ။

ဤသို့ ချစ်ရပါသော မခင်သန်းကြည်။

"ဟေ့ ဟေ့၊ လူများတယ်ထင်အောင် ခပ်ကျဲကျဲ နေကြ။ ဆိုင်းဘုတ်တွေ ရှေ့တက်ကြ"

ဆော်သြသံနှင့်အတူ အားလုံးလှုပ်လှုပ်ရွရွ။ အလုပ်က အလုပ်ပဲကို။

"ကားတန်းတွေ ဖြတ်တော့မယ်။ အသင့်နေကြနော်"

အော်သံများ မကြားတစ်ချက်၊ ကြားတစ်ချက်။ စိတ်ထဲတွင်တော့ ခင်သန်းကြည်သာ။

နေ့ရက်ပေါင်းများစွာ ဗလမောင် ရင်အုပ်ကနေ မောဟိုက်နေလောက်သည်အထိ ချစ်၏။ ကလေးဘဝ၏ အပျော်ရွှင်ရဆုံး အချိန်ကလေးကို ပြန်သတိရစေတာထက် ပိုချစ်၏။ ရေစက် ရေပေါက်များ စုဝေးထားသော လမ်းမ လယ်က တင့်တယ်နေသော ရေပါတီပွက်အိုင်၏ လှုပ်ခတ် မှုမျိုးထက် ပိုချစ်၏။ အုန်းသီးထဲ ရေဘယ်သူ ခပ်ထည့် ခဲ့မှန်း မသိသလို နှလုံးသားထဲ ချစ်ခြင်းတရား ဘယ်သူ ခပ်ထည့်ခဲ့မှန်း မသိခဲ့သလို ချစ်၏ - ချစ်ရပါသည် ခင်သန်းကြည်။

"ဟေ့၊ လာပြီ ...စမယ် စမယ်၊ ခင်သန်းကြည် စအော်တော့"

အသံများနှင့်အတူ ထွက်ပေါ်လာသော အသံပြာ ပြာက ..

"သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေး"

ခင်သန်းကြည်၏ ဦးဆောင်မှုနောက်၊ အလိုလို ပွင့်ကျ အော်သံက





"ဒို့အရေး၊ ဒို့အရေး"

"ဆင်းရဲသားများ ပပျောက်ရေး"

"ဒို့အရေး၊ ဒို့အရေး"

"နိုင်ထက်စီးနင်းပြုခံရမှု ဖော်ထုတ်ရေး"

"ဒို့အရေး၊ ဒို့အရေး"

ခပ်ပျက်ပျက် မိုးသားကို ဖောက်ထွက်လာသော အော်သံတချို့။

ဘယ်နေရာက ဘယ်မြေကို ဘယ်သူ သိမ်းဆည်းခဲ့သည်မသိ။ ဘယ်နေရာမှာ ဘာဖြစ်လို့ ဆန္ဒပြ နေရသည် မသိ။ ဘယ်သူက ဘာကြောင့် အော်နေမှန်းလဲမသိ။

ငွေသုံးထောင်၊ ဒန်ပေါက်တစ်ထုပ်နှင့် ချစ်ရ ပါသော ခင်သန်းကြည်မျက်နှာကြောင့်သာ မဟုတ်လျှင် ထိုအလုပ်သူလုပ်ဖြစ်မည်မဟုတ်။ ယခုတော့ ဘုမသိ ဘမသိ၊ အရှေ့က တိုင်လိုက်တိုင်း ငြိအောင် ဒို့အရေး ဟစ်ကြွေးနေသော ဂျိုကျိုးနားရွက်ပဲ့ အော်သံအား မုန်းပါရဲ့။

အမှန်တကယ် ဟစ်ကြွေးချင်နေသည့် ဒို့အရေး က...

"သိမ်းဆည်းခံ နှလုံးသား ပြန်လည်ရရှိရေး"

"ဒို့အရေး"

"အချစ်ငတ်မှု ပပျောက်ရေး"

"ဒို့အရေး"

"နှလုံးသားကို ဖိနှိပ်ချုပ်ချယ်မှု လွတ်မြောက်ရေး"

"ဒို့အရေး"

အရာရာ ပြန်ပေးပါ ခင်သန်းကြည်...။

ဤသို့ ချစ်ရပါသည်။

× × × × × ×

မိုးရေစက်ကြား ရွာနေဆဲ။

မိုးအနည်းငယ်ရွာရုံမျှနှင့် ဗွက်ထနေသော လမ်းကြားလေး၊ အခုလို မသည်းသော်လည်း မစဲတမ်းရွာ နေသော မိုးကြောင့် အဝါရောင်လမ်းကလေးဖြစ်နေပြီ။

ကိုနံ့ မိုးရေစက်များကို အကြောင်းမဲ့ ငေးကြည့် နေသည်။ ခန္ဓာကိုယ်ထဲ ချက်အရက်နှစ်ရာကျော်ဖိုး ဝင်ရောက်ထားပြီမို့ အနုပညာပိုးများ ကွန့်မြူးနေသည်။

မိုးရေကြည့်တော့လဲ ခင်သန်းကြည်၊ လေပြည် ရှူရှိုက်လိုက်တော့လဲ ခင်သန်းကြည်။ ဘာမှ မပြည့်စုံခြင်း ကလဲ ခင်သန်းကြည်။ စိတ်ကူးတချို့ ကောက်ကြည့် တော့လဲ ခင်သန်းကြည်။ ဤသို့ ချစ်ရပါသည်။

"ဟော့ကောင်၊ နောင်ကြီး ဘာငေးနေတာလဲ၊ ချလေကွာ"

နံဘေးမှ အတူသောက်နေသော ဝေကြီး၏ လော ဆော်မှု။

ခုနက ရလာသော ဒံပေါက်ထုပ်မှ ချဉ်ပေါင်ကြော် ကို နှိုက်မြည်းရင်း . . .

"ဘာလဲ၊ မိုးမိလို့ အာစေးများ ထိသွားသလား၊ ဟား ဟား"

ဝေကြီးက အရက်သောက်ရ၍ အူမြူးနေသည်။ ကိုနံ့ခေါ် နောင်ကြီးကသာ မိုးရေစက်များ ငေးမော ရင်း. . .

"ငါတို့အဖြစ်တွေက မလွယ်ပါဘူး ဝေကြီးရာ၊ ပင်လယ်ထဲ စီးဝင်နေတဲ့ စိတ်ကူးတွေ ဘယ်နေရာမှာ လှိုင်း ထန်ရမယ်ဆိုတာ မသိရသလိုမျိုးပေါ့"

ဝေကြီး မျက်နှာရှုံ့မဲ့လိုက်သည်။ နောင်ကြီးက ဤကဲ့သို့ပင် အနည်းငယ်မူးလာလျှင် အနုပညာ ဆန်လာ သည်။

မှန်ပေသည်။ နောင်ကြီးမှာ အနုပညာကိုလဲ လေးစားသူပင်။ ရပ်ကွက်တွင်း၌ ရှိသော





"ဤနေရာတွင် သေးမပေါက်ရ"

" အမှိုက်မပုံရ"

"သတိ မြောင်းကျုံနေသည်"

ဟူသော စာသားများအားလုံး ကိုနံ့ ခေါ် နောင်ကြီးလက်ရာချည်း။

ဒီထက်မက၊ အလုပ်မရှိက ဆိုက္ကား နံပါတ်ပြားလဲ ရေးသေးသည်ကို။

သူ၏ အထင်ရှားဆုံးလက်ရာမှာ ရပ်ကွက်အတွင်း ဘောလုံးကွင်းအပျက် အုတ်နံရံတွင် ဆေးအနီကြီးဖြင့်

"ဤနေရာတွင် ခွေးများသာ သေးပေါက်သည်"

ဆိုသော စာသားပင်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ ရေးမိ၍ အချုပ်ခုနစ်ရက် ကျဖူးသွားခြင်းကြောင့်ပင်။

ကိုနံ့ မိုးစက်များကို ငေးကြည့်ရင်း. . .

"ငါနဲ့ ခင်သန်းကြည်ဆိုတာ ရိုမီယိုနဲ့ ဂျူးလီးယက် လိုပါပဲကွာ"

ဝေကြီး ခေါင်းကုပ်သွား၏။ ဘယ့်နှယ့် ရေကန် ဘေးက ကျူးကျော်တဲမှာနေရင်း ဘယ်သို့ ရိုမီယို၊ ဂျူးလီးယက် ဖြစ်သွားရသည် သူမသိ။ ထို့ကြောင့် ခေါင်းကုပ်ပြီး

"နေပါဦး၊ မင်းပြောတဲ့ ရိုမီယိုနဲ့ ဂျူးလီးယက်ဆိုတာ ဘာလဲ"

ကိုနံ့ သက်ပြင်း ခပ်မှျင်းမှျင်းချပြီး

"သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးပေါ့ကွာ"

ဝေကြီး ခေါင်းကုပ်၍ စဉ်းစားသည်။ ပြီးမှ . . .

"ဘယ်သူက ယောကျ်ား၊ ဘယ်သူက မိန်းမလဲ"

ကိုနံ့က ခပ်ဝေးဝေးငေးရင်း. . .

"ရိုမီယိုက ယောကျ်ား၊ ဂျူးလီးယက်က မိန်းမ ပေါ့ကွာ"

ကိုနံ့က လေးတန်းလောက်ထိ နေဖူး၍ စာလဲ တတ်သည်။

"ဩော်၊ သိပြီ။ သူတို့လဲ ဆန္ဒပြစားရင်း ဒန်ပေါက် တိုးတော့ တွေ့တာလား"

"မြို့စား သားသမီးတွေပါကွာ"

"မြို့စား သားသမီးတွေ"

ဝေကြီး ခေါင်းရှုပ်သွား၏။ ကိုနံ့ပြောသမျှ သူ သဘောမပေါက်။ ထို့ကြောင့် . . .

"နေပါဦး၊ သူတို့က ဘယ်မြို့စား သားသမီး တွေလဲ"

"ဒါတော့ ငါဘယ်သိပ့်မလဲကွ"

ထိုမျှလောက်တော့ ကိုနံ့ မနံ့စပ်။ သူလဲ ဖြတ်သွား ဖြတ်လာ ဗွီဒီယိုကား ကြည့်ဖူးယုံမျှသာ။

သို့သော် ဘာမှမသိသော နလပိန်းတုံးကို ပြောပြ နေရတာ သူ့အတွက် အနုပညာမမြောက်သလို ခံစား နေရသည်။ အနုပညာမပါတော့ သောက်နေရသော အရက်ပင် အရသာမရှိ။

ခေါင်းကို ဆတ်ခနဲ ထောင်မတ်ပြီး

"ဟုတ်ပါပြီ: မခင်သန်းကြည်ကို သွားပြောပြရမယ်"

ဆိုကာ ထိုင်ရာက ထပြီး

"ဟေ့ကောင်၊ မင်းဆက်သောက်နှင့်တော့ကွာ၊ ငါ မခင်သန်းကြည်တို့ အိမ်ဖက် လှည့်လိုက်ဦးမယ်"

ဆိုကာ မိုးရေထဲပြေးထွက်လိုက်သည်။

"ဟာ၊ ဟေ့ကောင် တစ်ပိုင်းဖိုး ရှင်းခဲ့ဦးလေကွာ"

ကိုနံ့ လှည့်မကြည့်တော့။

× × × × × ×





အို. . . ကြည့်စမ်း။

ရွာနေတဲ့ မိုးစက်က အိပ်မက်ဆန်လိုက်တာ။ အစိတ်အပိုင်းတွေ အများကြီး ပေါင်းစပ်ထားသလို။ အရောင် အများကြီးနဲ့ ဆေးခြယ်ထားသလို။ အမှတ်တရ တွေအများကြီး ရောနှောထားသလို။ ပျော်ရွှင်မှုတွေ သီးခြား ဖြစ်တည်နေသလို။

မိုးရေစက်များကြား ပြေးသွားရတဲ့ ခြေလှမ်းများက ပက်ပက်စက်စက် လူးလှိမ့်ကစားခဲ့ရတဲ့ ကလေးဘဝက ဗွက်အိုင်ငယ်ကို ပြန်အမှတ်ရစေ၏။

ဖျားတုန်း၊ နာတုန်း တဝီဝီ နားနားလာရွနေသော ခြင်ငယ်များကို သတ်ရသည်ကို စိတ်နာနာနှင့် သတိရ စေ၏။ သူသာ အန်ချလိုက်လျှင် ကဗျာနှင့် ကမ္ဘာပြည့် လောက်ရဲ့။

ကျူးကျော်တဲများကို ညနက်နက်မှာ ဖြတ်သန်း သွားရသလို ကွက်လပ်မရှိသော ချစ်ခြင်းများက ရင်မှာ အပြည့်။

"ဟော ကြည့်စမ်း၊ အိမ်ရှေ့မှာ ဣန္ဒြေရရ ဆောင့်ကြောင့်ထိုင် ဆေးပေ့ါလိပ်ဖွာနေသော ကျွန်တော့်ရဲ့ နတ်သမီး"

သူကတော့ နည်းနည်း ဝတာပေ့ါ။ နတ်သမီး ဖိုင့်ဖိုင့်ကြီးပေ့ါ။

အိမ်ကလေးက ယိုင်နဲ့နဲ့၊ အိမ်အောက်မှာက ရေစပ် စပ်ကြီးလို့။ ဖယောင်းတိုင် မီးအလင်းရောင်က မှိန်ဖျော့ဖျော့။ ရင်ဖွင့်ပြီး ငေးလိုက်လျှင် ဤသည်ကလဲ ကမ္ဘာကျော် ပန်းချီကား တစ်ချပ်ပင်။

ရွှင်လန်းစေသည်။ တက်ကြွစေသည်။ လှပစေသည်။ ဤသို့ ချစ်ရသော ခင်သန်းကြည်။

"မခင်သန်း"

နှုတ်ခမ်းဖျားက မိုးပွင့်သွားသည်။ ဆေးပေါ့လိပ်ကြီးဖွာနေတာကိုး။

"မအိပ်သေးဘူးလား"

"ဟဲ့၊ မအိပ်သေးလို့ ငုတ်တုတ်ကြီးတွေ့ နေရ တာပေါ့ သေချင်းဆိုးရဲ့။ အရက်သောက်ပြီး ဘယ်လို အလေနတော စကားတွေ လာမေးနေတာလဲ၊ သေမှာဖြင့် မြန်မြန်ပြန် သေပါတော့လား"

ဤသို့လဲ နှုတ်မှာ ချို၏။ ဒါမျိုးမှ ကိုနံတို့ လွတ် ကြွေ၏။ ကပိုကယိုအလှက ကယ်လီယိုပထရာ အလှလို။ ရည်းစားစကား တစ်ခါပြော၊ တစ်ခါအဆဲခံ၊ တန်ပါ တယ်လေ။

ကိုနံ စိတ်ထဲ တေးမှတ်ထားလိုက်သည်။

နောက်၊ မပွင့်လန်းသော ညခင်းကို အစင်းသား ဆွဲကြည့်ရင်း ခပ်ငြီးငြီးသာပြောလိုက်ရသည်။

"ကျွန်တော်နဲ့ မခင်သန်း ဘဝကလဲ၊ ရိုမိယိုနဲ့ ဂျူးလီးယက်လိုပါပဲလားနော်"

ဖောက်ခနဲ ဆေးလိပ်မီးပေါက်သံကြားရသည်။ မခင်သန်းကြည် ငေးကြည့်၏။

"ဘယ်သူ"

ပြန်မေးသည်။ ကိုနံ ဆွေးချင်ယောင်ဆောင် ခပ်ငေးငေးကြည့်ရင်း . . .

"ရိုမိယိုနဲ့ ဂျူးလီးယက်"

မခင်သန်း ဆေးလိပ်အဖွာရပ်သွား၏။ စဉ်းစား နေပုံရသည်။ နောက်မှ . . .





"သူတို့က ဘာတွေ"

"သူတို့က ချစ်သူတွေပါ မခင်သန်း"

မခင်သန်းကြည် မျက်မှောက်ကျုံ့သွား၏။ ကိုနံ စကားကို သူသိပ်နားလည်ပုံမပေါ်။

သူ့စိတ်ထဲတော့ ရိုမိယိုအစား ရပ်ကွက်တွင်းရှိ ပိုလီယိုသမား ရှာတွေးနေပုံ။

ဆေးလိပ်ကို ဆက်မဖွာသေးဘဲ စဉ်းစားနေပုံရ၏။ အတန်ကြာမှ . . .

"သူတို့က ခုဘယ်မှာ"

"သေပြီလေ"

"ဟင်"

မခင်သန်းကြည် အံ့အားသင့်သွားပုံရ၏။ ဆောင့် ကြောင့် ထိုင်နေရုံမှ ခါးကို မတ်ရင်း ကိုနံကို ပြန်ကြည့် သည်။ ပြီးမှ . . .

"သူတို့က ဘာလို့သေ"

ကိုနံခေါင်းကုပ်ပြီး

"တစ်ယောက်က အဆိပ်သောက်၊ တစ်ယောက် က ကိုယ့်ကိုကိုယ် ဓါးနဲ့ထိုးသေတယ်ဆိုလား"

"ဟယ်"

ကိုနံ စကားကို မခင်သန်းကြည် အကြီးအကျယ် တွေ အံ့အားသင့်နေသည်။ သူ ကိုနံပြောနေသော ရိုမိယို၊ ဂျူးလီးယက်ကို ကြားဖူးပုံမပေါ်။ သူ့စိတ်ကူးထဲ သူ့ဖာသာ သူလိုရာ ပုံဖော်နေပုံရ၏။

"ဘယ်သူက အဆိပ်သောက်ပြီး ဘယ်သူကဓါးနဲ့ထိုး"

ကိုနံ သူ့ဆံပင်ကိုပင် သူပြန်ဆွဲနှုတ်ချင်သွားသည်။ ရည်းစားစကားပြောတာကို ပြန်ရှင်းပြနေရတော့ ခံစားချက်က တစ်မျိုးကြီးဖြစ်နေ၏။

"ဟဲ့ မေးနေတယ်လေ"

"ဟိုလေ၊ ဂျူးလီးယက်က အိပ်ဆေးသောက်ပြီး သေချင်ယောင်ဆောင်နေတာကို ရိုမီယိုက တကယ်သေပြီ ထင်ပြီး အဆိပ်သောက်လိုက်တာ၊ သူလဲ အဆိပ်သောက် သေပြီး ဂျူးလီးယက်နိုးတော့ သူ့ကိုယ်သူ ဓါးနဲ့ထိုး သေတာ"

"ဟင်"

ကိုနံပြောသမျှ မခင်သန်း ဘာတစ်ခုမှ သေချာမသိဘဲ အံ့အားသင့်နေပုံရ၏။ ဘာမှလဲ အသေ အချာ နားလည်ပုံမရ။ ကိုင်ထားသော ဆေးလိပ်ကို တောင်ထိုးမြောက်ထိုးနှင့် စဉ်းစားနေပုံရသည်။

"အဲလိုနှစ်လောင်းပြိုင် သေတော့ ဆန္ဒမပြကြ ဘူးလား"

မခင်သန်း လို့ရာကို ဆွဲပြောသည်။ ဒါကို ကိုနံ မလျှော်ဖြစ်တာကြာပြီဖြစ်သည့် ခေါင်းကုပ်ပြီး

"ဆန္ဒပြကြတယ်ပြောတာပဲ"

"ဘာ"

မခင်သန်းဆီက အသံကျယ်ကျယ် ကြားတော့ ကိုနံပင် လန့်သွား၏။ မခင်သန်း လက်ကြားညှပ် ထားသော ဆေးပေါ့လိပ် ပစ်ချပြီး

"အဲလို ဆန္ဒပြတာ ငါတို့ကျ ဘာလို့ မခေါ်တာလဲ။ ဒါသက်သက်ကျော်တာ။ ကျန်တဲ့လုပ်ပွဲတွေဆို ခေါ်ပြီး တကယ့်ပွဲကြီးကျ ဘာလို့ ငါတို့ မခေါ်တာလဲ။ ဘာလဲ စွေစောင်းတို့ကို ခေါ်သွားတာလား"

မခင်သန်းကြည် အကြီးအကျယ်ပေါက်ကွဲသွား သည်။ မှန်ပေသည်။ သုံးထောင်တန်ပွဲလေးတွေကျ ခေါ်ပြီး အသေအချာ လူအများလှူသည့် ပွဲမျိုးဆိုလျှင် သူတို့က အမေ့ခံနေရသည်ကိုး။





"သောက်လူကြီးတွေ၊ လက်ဆောင်တွေရ၊ နာမည်ရမဲ့ ပွဲကျ မခေါ်ဘူး။ သူများအဆဲခံရမဲ့ပွဲဆို လာကြပြီ"

မခင်သန်းရဲ့ အော်သံကျယ်ကျယ်၊ ဒါကို ကိုနံက အသာလက်တို့ပြီး

"မဟုတ်ဘူးလေ၊ ခေါ်လို့မရဘူးလေ"

မခင်သန်း မျက်မှောင်ကျုံ့သွားသည်။

"ဘာလို့ ခေါ်လို့မရတာလဲ၊ ငါတို့က ခေါ်တိုင်း လိုက်နေတာပဲ။ သူတို့က ဘယ်နားသေလို့"

"သူတို့က သေတာအင်္ဂလန်မှာလေ"

"ဟင်"

ကိုနံ စကားကြောင့် မခင်သန်းကြောင်သွားသည်။ အင်္ဂလန်မှာ သေတာ၊ အို. . သူလဲ ဘာမှလုပ်မရ။ သို့သော်

"အို၊ အင်္ဂလန်မှာတောင် သူတို့အတွက် ဆန္ဒပြရင် ဒို့ကလဲ ဒီမှာ ဘာလို့ မပြရမှာလဲ။ သူတို့လို တည်ငြိမ်တဲ့ နိုင်ငံမှာတောင် ဒါမျိုးဆန္ဒပြရင် ဒို့ဆီမှာလဲ ပြရမှာပေါ့။ ဘယ်မှာလဲ ကိုဖြားကြီး၊ လာလိုက်ခဲ့။ ကိုဖြားကြီးကို သွားပြောမယ်"

ကိုနံ၏ လည်ကုပ် မခင်သန်းကြည် လက်တစ်ဆုပ်ထဲ ငုတ်တုတ်ပါသွား၏။

သူတို့ခြေလှမ်းက ပွဲစားကိုဖြားကြီးဆီ။

× × × × × ×

ပြောရပေဦးတော့မည်။

သူတို့နေထိုင်သော နေရာမှာ ရပ်ကွက်အတွင်း မှာလဲမဟုတ်၊ ရပ်ကွက်အပြင်ဖက်လဲ ကျမနေ။ ရပ်ကွက်အတွင်း မှီတင်းအသုံးပြုနေသော ရေကန်ကြီး တစ်ခုကို အမှီသဟဲပြုပါ၏။ ထိုရေကန်ကြီးမှာ ရပ်ကွက် တစ်ခုနှင့်လည်းကောင်း၊ အနောက်ဖက်၌ ဘုန်းကြီး ကျောင်းတစ်ခုနှင့်လည်းကောင်း ထိစပ်၏။ သူတို့ကား ရပ်ကွက်နှင့် ဘုန်းကြီးကျောင်း ရေကန်အနောက်နား ကလေးမှာ တည်ရှိသောကြောင့် ရပ်ကွက်လာကြည့်လဲ ရေကန်ကွယ်၍ မမြင်ရ။ ဘုန်းကြီးကျောင်းနှင့်လဲ ထိစပ်မနေဘဲ လမ်းမှ ကြည့်လျှင်လဲ ဘုန်းကြီးကျောင်း အုတ်နံရံကြီး ကွယ်နေ၍ ကောင်းစွာမမြင်ရပေ။

ဆိုရသော် ရပ်ကွက်၊ ရေကန်၊ ဘုန်းကြီးကျောင်းတို့ ထိစပ်ရာ တြိဂံဒေါင့်ချိုးလေးတွင် တည်ရှိနေပါ သည်။

ထိုဒေါင့်ချိုးမှာမှ အိမ်ခြေငါးဆယ်ခန့်ရှိပြီး၊ ထိုအိမ်ခြေငါးဆယ်ခန့်တွင် ထောင်ထွက်လိုလို၊ အရပ် ပျက်လိုလို၊ လူကောင်းများလိုလို၊ ကလေးမိန်းမလူကြီး အပါအဝင် လူနှစ်ရာခန့် နေထိုင်ကြပါသည်။

ထိုလူနှစ်ရာခန့်မှာ တစ်နေရာထဲမှ ပြောင်း လာကြသည် မဟုတ်ဘဲ တစ်ယောက်တစ်နေရာဆီမှ ရောက်လာကြပြီး နေရာ သတ်မှတ်ပေးပြီး လာထား သွားကြခြင်းဖြစ်၏။ ထို့ကြောင့် တစ်ယောက်နှင့် တစ်ယောက်၊ ဘယ်ကလာ၍ ဘယ်လို ရောက်လာ ကြမှန်း မသိကြ။ မေးလျှင်လဲ ဝေ့လည်ကြောင်ပတ်သာ ဖြေကြသည်။





ဥပမာ၊ ကိုနံနှင့် အရင်းနှီးဆုံး ဝေကြီးဆိုလျှင်ပင် ကိုနံအကြောင်းစုံမသိ။ ထောင်ထွက်လား၊ ဒုစရိုက် သမားလား ကောင်းစွာမသိ။ ထိုသို့ပင် မခင်သန်းသည်လဲ ကိုနံဘာလဲမသိ။ အရပ်ပျက်လား၊ ထောင်ထွက် လားမသိ။

သူတို့၏ ခေါင်းချုပ်ကတော့ ဦးဖြားကြီးပင်။ အရာရာ ဦးဖြားကြီးစီစဉ်၏။ ထို့ကြောင့် ဦးဖြားကြီး ဆိုလျှင် အားလုံးအငြိမ်။

"အေး၊ လူကြီးတွေက ဘာသာရေးပွဲလေးတစ်ပွဲ လုပ်ခိုင်းနေတာ၊ အတော်ပဲ၊ "အိပ်ဆေးပေးတဲ့ တရားဟောဆရာ အလိုမရှိ" ဆိုပြီး ငါတင်ပြကြည့်မယ်"

ကိုနံ၏ ရိုမိယို၊ ဂျူးလီးယက်က ထိုမျှနှင့်မပြီး၊ အမှုကြီးပြီ။

"ဟယ်လို၊ ဟုတ်ကဲ့၊ အဘ ကျွန်တော်ဖြားကြီးပါ၊ အဘတို့လုပ်ခိုင်းနေတဲ့ ပွဲလေးလေ၊ အခု အကြောင်း အရာရလို့၊ အင်္ဂလန်မှာ ရိုမိယိုနဲ့ ဂျူးလီးယက် × × × × × × × × × × × ×"

မိုးကဖွဲ့နေတုန်း၊ ချစ်လှစွာသော ခင်သန်း ကြည် ဆေးပေ့ါလိပ်မီးက ရဲနေတုန်း၊ အရက်ဆိုင် ကျန်နေခဲ့တဲ့ ဝေကြီးက ပြဲနေတုန်း၊ ဖုန်းဆက်နေသော ပွဲစားဖြားကြီးအသံက ဝဲနေတုန်း။ ကိုနံလဲ အသည်းက ကွဲနေတုန်းပေ့ါ။

"ဒါပဲနော်၊ အဘ ကျွန်တော်စီစဉ်လိုက်တော့ မယ်နော် အဘ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဦးဖြားကြီး ဖုန်းချပြီး ကိုနံကို ပခုံးလာဖက်သည်။

"လူကြီးတွေက သဘောကျလို့ လုပ်ခိုင်းပြီ။ လူအင်အားက ခြောက်ရာလောက်သုံးချင်တယ်ဆိုတော့၊ ငါတို့ဂရုနဲ့တောင် မရဘူး၊ ဗွေစောင်းတို့ဆီကပါ လှမ်း တောင်းရမယ်ထင်တယ်"

"ဗွေစောင်းတို့ အဖွဲ့က ဂျလွတ်ပလွတ်တွေ"

မခင်သန်းက ဝင်ပြောသည်။ မှန်သည်။ သူတို့သို့

နောက်တစ်ဖွဲ့ရှိသည်။ စွေစောင်းတို့အဖွဲ့။ သူတို့ အဖွဲ့က ရှိုင်းသည်။ ကျူးကျော်ခြင်းအတူ သူတို့အဖွဲ့က အဆင့်နိမ့်၏။

"ဆိုင်းဘုတ်တွေကလဲ ဗီနိုင်းမရိုက်နိုင်တော့ဘူး။ နက်ဖြန် အားခြင်းလုပ်ခိုင်းတော့ နောင်ကြီး မင်းကိုပဲ အားကိုးရမှာပဲ။ ဆိုင်းဘုတ်တွေ လက်နဲ့ရေးကွာ"

ကိုနံပျော်သွားသည်။ ဆိုင်းဘုတ်ရေးရလျှင် ဆိုင်းဘုတ်ရေးခ၊ တစ်ဘုတ်နှစ်ရာသုံးရာက ရဦးမည်ကိုး။ ထို့ကြောင့်

"ဘာရေးရမလဲဟင်၊ ဆရာဗြား"

ဦးဗြားကြီး တစ်ချက်စဉ်းစားလိုက်ပြီး-

"အရေခြုံအဆိပ်ပေး ဘာသာရေး အလိုမရှိ" ပေါ့ကွာ။ ဒါနဲ့ အဘကမေးတယ်။ ရှိမိယိုနဲ့ ဂျူးလီးယက် က ဘယ်သူတွေလဲတဲ့"

ကိုနံ ခေါင်းကုပ်သွားသည်။ ရှင်းပြရတော့မည်ကိုး။

"ဟိုလေ၊ မင်းသားနဲ့မင်းသမီးလေ"

ဒီတစ်ခါ မျက်မှောင်ကျုံ့တာက ဦးဗြားကြီး။

"ဘယ်က မင်းသား၊ မင်းသမီးလဲ"

"အင်္ဂလန်ထင်တာပဲ"

ဦးဗြားကြီး တွေသွားသည်။

"သူတို့က ဘာလုပ်ကြတာ။ မဟုတ်ဘူး၊ တော်ကြာ အဘက လှမ်းမေးရင် မသိဘူးဖြစ်နေမှာစိုးလို့"

"ဘာသောက်လုပ်မှ မလုပ်ဖူးဟ့ေ၊ အလေလိုက် နေကြတာ"

ကိုနံ စိတ်တိုပြီး ထအော်သည်။ ဒါကို ဦးဗြားကြီး မျက်နှာ ဝင်းလက်သွားပြီး

"ဟုတ်ပြီ၊ ဒါဆို အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှု ပပျောက်ရေးဆိုတာပါ မင်းဆိုင်းဘုတ်ထဲ ထည့် ရေးလိုက်"





"အိမ်"

ဝါရင့်ပွဲစားကြီးဆိုတော့ နပ်သည်။ ဘယ်ဟာဆို ဘယ်လိုခေါင်းစဉ်တပ်ရမည်ကို တန်းသိသည်။

ဤသို့ဖြင့်. . . . .

× × × × × ×

ငါ့ရဲ့နှလုံးသား ဘယ်သူ ဘယ်လို စွမ်းအားမျိုးနဲ့ တွန်းရွေ့ တွန်းရွေ့ မရွေ့နိုင်ပါဘူး ခင်သန်းကြည်။ ဒါပေမဲ့ နင်ကသာရွေ့မယ်ဆို အကြည့်တစ်ချက်နဲ့တင် လိုရာရွေ့ ပေးပါ့မယ်။

အရောင်တွေ၊ နေ့ရက်တွေ၊ သဘာဝတရားတွေကို ဖန်ဆင်းရှင်က ဖန်ဆင်းခဲ့တယ်ဆိုရင် ဒီလူတစ်ယောက် ရဲ့ဖြစ်တည်မှုဟာ ခင်သန်းကြည်ကို ဆက်သဖို့ မွေးဖွား လိုက်တာပဲ ဖြစ်နိုင်ပါတယ်။

အချိန်ကို ဖမ်းဆုပ်ဖို့ ခက်ခဲသလို ဘာကြောင့်များ ခက်ခဲနေသလဲ မခင်သန်းကြည်။ မင်းအတွက်ဆို ကမ္ဘာကြီးပါ ငါ "မရွေ့" ပြပါ့မယ်။

"ဟေ့ကောင်၊ မနိုင်မနင်းနဲ့ ဘာတွေ မနေတာလဲ"

ဝက်စာပုံးများ ထမ်းပြီးပြန်လာသော ဝေကြီး အသံ။ ကိုနံ ဝမ်းသာသွားသည်။

"အတော်ပဲ၊ ဒီမှာကွာ။ ညနေအင်အားအတွက် လိုတဲ့ ဆိုင်းဘုတ်လေးတွေ ရေးပြီး ဦးဖြားကြီးဆီ သယ်နေတာ"

ဝေကြီးဝမ်းသာအားရပင် သယ်လာသော ဝက်စာ ပုံးများ ပစ်ချပြီး ဆိုင်းဘုတ် လာပြေးသယ်သည်။

"ဟာ၊ ဟေ့ကောင်၊ မင်းဝက်စာ ပို့ရဦးမယ် မဟုတ်လား"

ဝေကြီးက ရယ်ကျဲကျဲလုပ်ပြီး

"ဝက်စာက ဘာမှ ရတာမဟုတ်ဘူး။ အလုပ်မရှိလို့ လုပ်ပေးနေရတာ။ ဒါက ပိုက်ဆံလဲရ ထမင်းလဲ ဝမှာကွ၊ လာလာ၊ ငါကူသယ်မယ်။ ငါ့ကိုလဲ ပါအောင်ပြောပေး"

ကိုနံပြုံးလိုက်သည်။

"မပူပါနဲ့။ ပါမှာပါကွ။ အခုဟာက ပွဲကြီးမို့ လူကုန်လို့ ပြောနေတာပဲ။ လာ သွားကြစို့"

× × × × × ×





"ဦးဖြားရေ၊ ဦးဖြား"

"ဟေ့၊ ဘယ်သူတုန်း"

အိမ်ရှေ့အိမ်နောက် ဒိုးယိုးပေါက်မြင်နေရတာကို ထမကြည့်။ အဲသည်လို အကျော။

"ကျွန်တော် နောင်ကြီးပါ။ ညနေအတွက် ဆိုင်းဘုတ် တွေလာပို့တာ"

နောင်ကြီးစကားကြားသည်နှင့် ဦးဖြားကြီး မကျေ မနပ် ခြေပွတ်သည်ကို တွေ့ရ၏။ ပြီးမှ

"ပွဲပျက်တယ်ဟေ့၊ ပွဲပျက်တယ်"

နောင်ကြီးနှင့် ဝေကြီး တအံ့တသြ၊ တစ်ယောက် မျက်နှာ တစ်ယောက်ပြန်ကြည့်မိကြသည်။

နောက်မှ

"ဘာလို့ ပွဲပျက်တာလဲ၊ ဦးဖြား"

ဦးဖြားကြီး ငေါက်ခနဲထတိုင်ပြီး

"မြန်မာအသင်းဘောလုံးပွဲရှုံလို့တဲ့ဟေ့"

"ဟာ"

မျှော်လင့်ချက်များထားသော ကိုနံနှင့် ဝေကြီးတို့

ပက်လက်လန်လဲကျမတတ်ဖြစ်သွားသည်။ ထိုအချိန်မှာ ကြားလိုက်ရသော ခင်သန်းကြည်အသံက. . .

"အဲဒီ မြန်မာအသင်း ဘောလုံးကန်လို့ တစ်သက်လုံးနိုင်လာတာမဟုတ်ဘူး။ ဒါကိုပဲ မြန်မာ အသင်း ဘောလုံးကန် မယ်ဆိုလူတွေက ဘာမှ စိတ်မဝင်စားနိုင်ပဲ နန့်နန့် တွေကို ထိုးနေတာ။ ပြီးရင်ဆဲကြဦးမယ်၊ ကြည့်နေ။ သောက်လုပ် ကို ပျက်တယ်။ တကတည်း"

မှန်ပေသည်။ ဒါတော့ မခင်သန်းကြည်မှန်ပေ၏။

မြန်မာအသင်းဘောလုံးကစားသောနေ့မျိုးတွင် လူအားလုံးဘာကိုမှ စိတ်မဝင်စားနိုင်။ နိုင်လျှင် မာန်တက်ပြီး ဘောလုံးသမားကိုမင်းသားများထက် လူကြိုက်များဦးမည်။ ရှုံးလျှင်လဲ ကက်ကက်လန်ဆဲကြဦးမည်။ အေး၊ ဘောလုံးပွဲ ရှုံးပြီဆိုမှ ပုံမှန်အတိုင်း ပြန်ဖြစ်ပြီးပြန်လည်ပတ်နိုင်ကြပေသည်။ထို့ကြောင့် မြန်မာအသင်းဘောလုံးကန်သည့်နေ့တွင် ဘာကိစ္စ အရေးကြီးကြီး ဘာမှ မလုပ်ဖို့သတိထားရ ပေမည်။ ထိုအချိန် ပြည်သူတစ်ရပ်လုံးက ဘောလုံးသာ စိတ်ဝင်စားကြ၏။

"သောက်လုပ်ကို ရှုပ်တယ်။ ကန်တိုင်းလဲ တစ်ခါမှနိုင်တယ်မရှိဘူး။ ဒါကောင် လက်မှတ်ခဈေးတက် ရတာနဲ့။ အလုပ်ကစောလွှတ်ပေးရတာနဲ့။ ပွဲမပြီးမချင်း သဲသဲလှုပ်ပဲ။ ရှုံးပြီ ဆိုမှ ဆဲဆိုပြီးအေးကြတာ။ ဟော့၊ ဘောလုံးပွဲ ဘယ်မှာပြမှာလဲ၊ ရှုံးမှန်းသိလဲ သွားကြည့်ပြီးရင်ချောင်ရုံ ကလော်ဆဲကြတာပေါ့"

ရှုံးမည်သိလျှင်တောင်။

× × × × × ×





နံနက်ခင်းနေရောင်က ညီးညီးပြောင်ပြောင် မရှိလှ။ အိုင်ထွန်းနေသော အညစ်အကြေးများအလယ် စံသတ်မှတ် ထားသောဟန်ချက်ပျက်ပျက်များ လှုပ်ရှား နေလေရဲ့။

နံဘေးက ညီးစီစီအမှိုက်ပုံ။ ရေအိုးမရှိသော ရေအိုးစင်။ နတ်မရှိသော နတ်ကွန်း၊ အမိုးအကာမရှိ သော ဆိုက်ကားဂိတ်။ ထိုအနီးအနားမှာမှ အကျီမရှိသော လူမသန်ကိုနံ ရှိနေ၏။

သမားရိုးကျဇာတ်လမ်း တစ်ပုဒ်ပါပဲ။ အလုပ် မရှိ သောနေ့၌ရပ်ကွက်အတွင်းမှ ဆိုက်ကားတစ်စီးကို နေ့စားငှားပြီး လမ်းထိပ်ဆိုက်ကားဂိတ်မှာ ထွေလီကာလီ ခရီးသည်များကို လိုရာခရီးပို့ရန်နှင့်ရရှိလာသော ငွေကြေး များကို ယမကာဆိုင်တစ်ဝက်၊ ထမင်းဆိုင်တစ်ဝက် ခွဲးမြှင့်ရန်။

သို့သော်. .

နံနက်ခင်းတစ်ခင်းကိုတော့ ငွေမရှာ။ အဘယ့်ကြောင့် ဆိုသော်သူ၏ချစ်လှစွာသော မခင်သန်း ရပ်ကွက် တန်းကလေး၏ ဈေးတန်း၌အရုံဟင်းခေါ်သော ငံပြာရည်ကျော် အရောင်းထွက် သည်ကို ဆိုက်ကားဖြင့်သာ လိုက်ပို့ရန်ဖြစ်သည်။

မခင်သန်းကလဲ သူတို့လိုပင်။ အလုပ်မရှိသော နေ့များ၌ အအားမနေ။ ရလာသော ငွေစတချို့ဖြင့် ငံပြာရည်၊ ကြက်သွန်၊ ရှောက်သီးဝယ်ပြီး ငံပြာရည် ကျော်ပြုလုပ်၍ ရပ်ကွက်ဈေးကလေး လှည့်ပတ်ရောင်းချ၍ ဝမ်းရေးဖြေရှင်းရ၏။

ယခုမနက်၌လဲ ကိုနံမှ "ဘယ်သူငှားငှား ဒို့မအား၊ အမြဲစည်းလုံးမည်" ဆောင်ပုဒ်ကိုင်စွဲ၍ သဲကြီး မဲကြီး မခင်သန်းကြည် အား စောင့်မျှော်နေပါသည်။

"ဟော၊ လာပါပြီခင်ဗျ"

ဖြစ်ပေါ်နေသော ရေအိုင်ငယ်၊ အမှိုက်ပုံ၊ ကျောက်တုံး ကျောက်ခဲများကို နေသားတကျ ခုန်ပျံကျော် လွှားရင်း လမ်းမ ကလေးဖက် လှမ်းလာပါပြီ။ ခန္ဓာကိုယ်က ကြီးပြီး ဝိတ်တက် နေပုံရပြီး လေးနေပြီမထင်နှင့်။ ပေါ့သည်။ ရံဖန်ရံခါ ဆန္ဒပြ၍ ရဲတကယ် လိုက်တိုင်း ထွက်ပြေးလျှင် ခင်သန်းကြည်တို့ ထိပ်ဆုံးက၊ လုံးနေပြီ။ ရဲလိုက်တိုင်း ခင်သန်းကြည်ကို မှီတယ်မရှိ။ ရဲကလဲ အမြဲလိုလို လိုက် နေတော့ ထရိန်နင်ပဲပေးနေသလို။ ယခုလဲ. . .

"ဟော၊ ပြောရင်းဆိုရင်းရောက်လာပြီ"

"လာ၊ မခင်သန်း ကျုပ်ကစောင့်နေတာ။ လာ ဆိုက္ကားပေါ်တက်"

ကိုနံစကားကို မခင်သန်းက ငံပြာရည်ကြော် တောင်း ဆိုက္ကားပေါ်ပစ်တင်ပြီး

"သောက်ပိုတွေကလုပ်နေတယ်။ နင်တက်စမ်းပါ"

ကိုနံ အနည်းငယ်ဖရိုဖရဲဖြစ်သွားသည်။ ရှိစုမဲ့စု လက်မောင်းက သားရေကိုဖောင်းပြီး. . .

"ကျုပ် နင်းနိုင်ပါတယ် မခင်သန်းကြည်ရာ"

မခင်သန်း ကိုနံ၏ ဦးစွန်းဖုတ်ကိုဆွဲ ဆိုက္ကားပေါ် ဖောက်ခနဲ ပစ်တင်ရင်း

"အပိုတွေလုပ်လို့ ငံပြာရည်တောင်း မမှောက် စေနဲ့"

ဆိုက္ကားကိုတက်ခွ ကိုယ်တိုင် နင်းချလာတော့ သည်။

ဤသို့ပင် ကိုနံဆိုက္ကားစီးတိုင်း မခင်သန်းမှပင် ဆိုက္ကားကို တက်နင်းခဲ့ရသည်ချည်း။ တစ်ခါလား ကိုနံက မခင်သန်းကို တင်၍





နင်းဖူးသည်။ သူ့ဗလသူ့အားနှင့် မခင်သန်း ဝိတ်ကြီးတင်ထားရ၍ ဆိုက္ကားက ဘယ်မှ မရွေ့။ တစ်ခါဆင်းတွန်းပေးရလိုက်၊ ဘီးရွေ့လိုက်။ ပြန်ရပ်သွားလိုက်၊ ဆင်းတွန်းလိုက်ဆိုတော့ မခင်သန်း စိတ်မရှည်တော့။

ကိုနံ ရင်ဘတ်ပြားကလဲ ဖားဖိုလို ဖြစ်နေပြီ။ ဒီတော့. .

"နေစမ်းပါဟာ၊ ငါပဲ နင်းပါတော့မယ်"

ဆိုကာ ဆိုက္ကားပေါ်တက်နင်းရာမှ ကိုနံက ဆိုက္ကားစီး ငံပြာရည်တောင်းဆွဲ၊ ခင်သန်းကြည်မှ ဆိုက္ကား နင်းနှင့် ဤသို့ အတွဲညီခဲ့ကြ၏။

× × × × × ×

လေပြေက ခပ်မြှူးမြှူးလေး တိုက်ခတ်နေ၏။ တောင်း ထဲမှ ငံပြာရည်ကြော်နံ့က ချစ်စဖွယ် ပျံ့လွင့် နေ၏။

ချိုင့်ခွက်များ၊ ကျောက်တုံးများကို ဆိုက္ကားဘီး လွတ်အောင် နင်းနေသော ခင်သန်းကြည်၏ စကားကား တော်ယုံစကားတော့ မဟုတ်။ ကိုနံကတော့ ခပ်ဝေး ဝေးကို ငေးရင်း

"အခုတလော ပွဲနည်းတယ်နော် မခင်သန်း"

ခင်သန်းကြည် ဆိုက္ကားကို ရှုံ့ပွက်များ ကျော်နင်း နေရင်း

"အဲဒီလူကြီးတွေက ဘယ်သူ့မှ စေတနာရှိနေတာ မဟုတ်တာ။ သူတို့လိုအပ်လို့သာ ပွဲလုပ်နေတာ။ ဒီအတိုင်းဆို ဘယ်သူ့မှ တစ်ပြားမှ အကုန်ခံဖို့ မရှိဘူး။ လာပါလိမ့်မယ် ဟိုအနားနီးရင် ကြိုဆိုပွဲတွေ၊ ထောက်ခံပွဲအတုတွေ"

ကိုနံ သက်ပြင်းချသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မခင်သန်းရယ်၊ သူတို့ရှိလို့ ကျုပ်တို့နေလို့ရ အစားချောင်နေတာပေါ့"

ကိုနံ့စကားကို မခင်သန်းကြည် မျက်နှာ မဲ့ရှုံ့ လိုက်ပြီး

"အံမယ်လေး၊ အရိုးပေးကိုက်တာကို မာန်တက် နေသေးတယ်။ သူတို့တွေ မြိုဆို့နေတာက နည်းတာ မှတ်လို့"

ကိုနံ့က ထိုအကြောင်းတွေ သိပ်မသိ။ သူသိ သည်က ခင်သန်းကြည်သာ။ ခင်သန်းကြည်သာ သူ့ဘဝ။ ခင်သန်းကြည်သာ သူ့နိုင်ငံရေးဖြစ်သည်။ ခင်သန်းကြည် အင်အားရှိမှ ကိုနံလဲ အင်အားရှိမည်သာ။

"ဟော၊ ဈေးရောက်ပြီ"

ရေပေါ်ဈေးဟုခေါ်ရမည်လား၊ ရေကျော်ဈေးလို့ပဲ ခေါ်ရမည်လားမသိ။ ဈေးကလေးက မိုးရွာတိုင်း ရေကျော်၍ ရေပေါ်တွင် တဲလေးတွေထိုးပြီး ဈေးရောင်း ကြရ၏။ တဲမထိုးနိုင်





သူများကတော့ ဈေးအဝင်လမ်း ကုန်းမြင့်မြင့်ပေါ် တက်ရောင်း ကြရသည်။ ဝယ်စားသူ များက သူတို့လို ဆင်းရဲသားရပ်ကွက် သားများသာ။

"ဟင်"

ဆိုက္ကားဘရိတ်ကို ကျိခနဲအုပ်ပြီး မခင်သန်း ဆိုက္ကားပေါ်က ကမန်းကတန်း ခုန်ဆင်းလိုက်သည်။ နောက် တစ်နေရာကို ကြည့်ပြီး

"ဟင်၊ ဟဲ့၊ ကြည်နု၊ နင် ဒါဘာလုပ်တာလဲ"

မခင်သန်းရဲ့အော်သံကျယ်ကျယ်။ မခင်သန်း ဈေးခင်းရာ နေရာမှာ ရောက်နေသော တစ်ဝိုင်းထဲနေ မကြည်နု။ သူကလဲ ဗန်းကလေးတစ်ခုနှင့် ပုနေ၏။ မခင်သန်း အော်သံကြောင့် ရှိုစုမဲ့စုသွားလေးဖြဲပြီး

"ဩော်၊ မခင်သန်းလား၊ လာလေ၊ ဒီနားမှာ လာရောင်း"

မကြည်နုစကားကြောင့် ခင်သန်းကြည် တင်းသွားပုံရ၏။ သူတို့နှစ်ယောက်က ရပ်ကွက်ထဲမှာလဲ သိပ်တည့်လှသည်တော့ မဟုတ်၊ အရင်ကတော့ မကြည်နု ဆိုသည်မှာ ခင်သန်းကြည် ဆွဲခေါ်လာ၍ ဒီလောကထဲ ရောက်လာတာ။ ဘာမှမလုပ်တတ် မကိုင်တတ် ဒို့အရေးတောင် ဖြောင့်အောင် မအော်တတ်။ ဒါကို မခင်သန်းကြည်မှပင် ဆိုင်းဘုတ်ကိုင်ပုံ၊ ဝတ်စုံရွေးပုံ၊ ရဲလိုက်လျှင် ထွက်ပြေးပုံများ ထပ်ကြပ်သင်ပေးခဲ့ ရသည်။

ယခုတော့ ကြည်နုက ကျူးကျော်တဲတွင် အသား အနည်းငယ်ဖြူ၍ အလုပ်ခပ်သန့်သန့်ရွေးတိုင်း ဆရာဖြစ်သူ ခင်သန်းကြည်ကို ကျော်၍ ဆိုင်းဘုတ် ကိုင်ရခြင်း၊ ကြွေးကြော် သံတိုင်ရခြင်းများ ပြုလုပ်ရ၍ ဆရာတပည့် နှစ်ယောက် အဆင်မပြေကြတော့။ ရဲလိုက်၍ ပြေးလျှင်တောင် မကြည်နုက ပုတော့ ပိုပေါ့ပြီး ထိပ်ရောက်အောင် ပိုပြေးနိုင် လေပြီ။ ထိုသို့

ဖြစ်တည်သွားခြင်းကိုလဲ ခင်သန်းကြည်က ကြည်နုကို ညွှန်းထား၏။ ထို့ကြောင့် ရှိစုမဲ့စု ဒေါသအိုး ဖောက်ခွဲမည်အကြံဖြင့် မိကို ခပ်တိုတို ပြင်ဝတ်ပြီး. .

"ဘာ ဒီနားလာလဲ၊ ကောင်မ၊ အဲဒီ နင်ဖင်ချထားတဲ့ နေရာ ငါ့နေရာဟဲ့"

မခင်သန်းစကားကို ကြည်နုက မျက်နှာမဲ့ရွဲ့ လိုက် သည်။ ဂရုမစိုက်သည့်သဘော။

"နေရာလွတ်တွေ အများကြီးပဲလေ။ ဒီနေရာက ဘယ်သူမှ သတ်မှတ်ပေးထားတာမဟုတ်ဘူး။ ကိုယ်ဦး ကိုယ်ယူပေါ့၊ ဟုတ်ဖူးလား"

မကြည်နုစကားကို ဘေးနားလူများ ခေါင်းညိတ် ကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာ တပည့်နှစ် ယောက်ပြဿနာ မတော်တဆမဟုတ်၊ တမင်ကြံစည်၍ စိန်ခေါ်ခြင်းဖြစ်နိုင်သည်။ ဒီလိုဖြစ်မှာ ကြိုသိ၍ မကြည်နု ကလဲ လူစုထားပုံရသည်။

အခြေအနေကို ရိပ်မိသည်။ သို့သော် ခင်သန်း ကြည်ဇကလဲ မသေး။ လုံးဝ မလျှော့။ ရဲလိုက်ရင်တောင် လွတ်အောင်ပြေး ခဲ့တဲ့သူပေပဲကိုး။

"အောင်မာ၊ နောက်ထွက်တဲ့ဗဟူဗလီ၊ ဟာကြူရီ ထက် ပိုအားကြီးချင်တယ်ဟုတ်လား။ ဟဲ့၊ အဲနေရာ ငါ ရောင်းနေတာ၊ ဒီတဲတွေ စဖြစ်ကတည်းကဟဲ့၊ ငါနပမ်း မလုံးချင်ဘူးနော်ကြည်နု၊ ညည်း ဈေးသီးတောင်းကို ဖယ်လိုက်"

ခင်သန်းကြည်ကလဲ ဝံပုလွေအလယ် ရောက်နေ သော ခြသေ့်မလို လုံးဝနောက်မတွန့်။ မကြည်နုကလဲ အုပ်စုတောင့်နေ၍ လျှော့မည့်ပုံမပေါ်။ သူ့ရှေ့ချထား သော တောင်းထဲမှ ဈေးသီးများကို အသာဖွရင်း





"မခင်သန်းရယ်၊ ဒီနေရာမှ မဟုတ်ပါဘူး။ ဒီနေရာက ကျွန်မဦးထားပြီပဲ၊ မခင်သန်းကြည် တခြား နေရာမှာသာ သွားချစမ်းပါ"

"ဘာပြောတယ်"

အခြေအနေကား တင်းမာနေပြီ။ မခင်သန်းကလဲ လျှော့မည့်ပုံမပေါ်။ သူအလျှော့ပေးလိုက်လျှင် ကြည် နုက အမြဲအနိုင်ယူတော့မှာကိုး။ မကြည်နုကလဲ မခင်သန်းချည်း အနိုင်ယူနေကျမို့ နေရာလုချင်ပြီ။ သူ့နံဘေးနားတွင်လဲ အပေါ်အပြပ် မိထွန်း၊ ဖွားပု၊ အော်လေးစိန်တို့က ဝိုင်းရံထား၏။ သူဖြဲကိုယ်ဖြဲဆို ဝင်ဖြဲ ပေးမည့်သူများရှိသည်။ မခင်သန်း ဝေ့ကြည့် လိုက်သည်။

"ဩော်၊ ဒီလိုလား"

မကြည်နု ပုနေသော ဇက်ကို ဆွဲရှည်ပြီး

"ဒီလိုပဲလေ။ သဘောပေါက်သွားပြီလား"

"ဒီလိုပဲဆို၊ ငါလာပြီ၊ ယား"

မခင်သန်း ညာသံပေးပြီး ပြေးဝင်လာသည်။ မကြည်နုကလဲ ဒီအကွက်ကို ကြိုတွက်ထားပုံရ၏။ သူ့အရှေ့ တောင်းထဲက ဈေးသီးလက်တစ်ဆုပ် နှိုက်၍ လှမ်းပစ် လိုက်သည်။ သို့သော် မခင်သန်းက သူ့ထက် ပိုလျင်၏။ ညာခြေလှမ်းပြပြီး ဘယ်ဖက်ပန်းတက်လိုက်၍ ဈေးသီး မှန်နှင့်လွဲသည်။ သို့သော် ပလန်ဘီ အနေနှင့် စီစဉ်ထားသော မိထွန်း၊ ဖွားပု၊ အော်လေးစိန်တို့ ရှေ့တက်လာပြီး မခင်သန်း ကြည်ကို ဝိုင်းချုပ်ကြသည်။ ချက်ခြင်းပင် မိန်းမလေးဦးကြား မခင်သန်းကြည် ပျောက် သွားသည်။ ဝိုင်းထုခံရမည့် ပုံမျိုး။ သို့သော် သိပ်မကြာ.

"ဖြတ်"

"ဟဲ့ ပလုတ်တုတ်"

"ဖြုတ်"

"ဟယ်၊ ကျွတ်ပဟ"

"ဖလပ်"

"ဟင်၊ ဟင်ဘာလုပ်တာလဲ"

"ဖတ်"

"ဟဲ့၊ ဂျွတ်စပွတ်"

အော်သံများနှင့် အတူ မိလေးထည် ကျွတ်ကျ လာသည်ကို တွေ့ရ၏။ မကြည်နုတို့ အဖွဲ့သားများ မိကုန်းအကောက် ထိုတော့မှ ရေထဲမှ ကုန်းထလာသော ကုလားမင်းသားများလို မခင်သန်း လေးယောက်အလယ် ကုန်းထလာပြီး

"ခင်သန်းကို လာစမ်းတယ်၊ ဟုတ်လား၊ အင်းဟာ၊ အင်းဟာ"

ဆိုပြီး သူ့လက်မောင်းအတုတ်ကြီးနှင့် အင်မတန် လက်မြန်လှသော ဆိုင်းသမားလို မိကုန်း ကောက် နေသော မကြည်နုတို့ ကျောပေါ်သုံးလေးချက်စီ ထုလွှတ်လိုက်ရာ. . .

"ဘုန်း၊ ဘုန်း ဘုန်းဘုန်း"

"အု"

"အက်"

"အွတ်"

"အွား"

မကြည်နုတို့ အုပ်စု ကျောညွတ်၍ အီစိမ့် နေအောင် ခံလိုက်ရသည်။ သို့သော် ဟိုကလဲ ဘယ်ခေ လိမ့်မတုန်း။

"ဩော်၊ ရှင်က ဒီလိုလား၊ ကဲ. . . ငါတို့ပြန်လာပြီ၊ ဟိုင်းယား"

ညာသံပေး၍ မခင်သန်းခါးဆီ ပြေးသွားပြီး မိဆွဲအချွတ်

မခင်သန်းကား မိကို ဆွဲမထား၊ လက်ကိုသာ အသင့်မြှောက်၍ စောင့်နေ၏။ မကြည်နုတို့ ခါးကုန်းပြီး သူ့နား





အရောက် မြှောက်ထားသော လက်ဖြင့် ကျောပေါ် ဆင့်ချလိုက်သည်။

"ဘုန်း ဘုန်း ဘုန်း"

"အု အု အု"

ငယ်သံပါအောင် အော်ပြီး အံကြိတ်ကာ မကြည်နု၊ မခင်သန်း၏ မိကို ဆွဲချွတ်လိုက်သည်။

"ကျွတ်ပြီကွ၊ ဟင်"

မိကား ကျွတ်သွား၏။ သို့သော် မိအောက်မှာမှ ဟာဝေယံ ဘောင်းဘီအပွကြီးတစ်ထည်၊ ဘောင်းဘီတွင် ရေးဆွဲထားသော အုန်းပင်များပင် ယိမ်းထိုးလို့။

"ဟင်. . ဟင်. . ဒါက"

မကြည်နု၊ မခင်သန်းဘောင်းဘီကို ကြည့်ပြီး ကြောင်နေ၏။ သူ့စိတ်ထဲမှာတော့ သူတို့လိုပင် မိ ချွတ်လိုက်ပါက အောက်မှာ ဗလာကျင်းနေ၍ ရှက်ပြီး ကုန်းကောက်မည်မှတ်နေတာ။ အခုတော့ ဘောင်းဘီ အပွက ဖြူလွှနေသေး။ ထိုတော့မှ

"ဟား ဟား ဟား အန္တရာယ်ကို ကြိုတွက်တတ်ရတယ်ကွ။ ဒီလိုမျိုးရန်ဖြစ်နိုင်တယ်ဆိုရင် အောက်မှာ လုံခြုံအောင် ဘောင်းဘီ ဝတ်ပြီးမှ ဖြစ်ရ တယ်ကွ၊ အင်းဟာ"

"ဟဲ့၊ ပလုတ်တုတ်၊ ကျွတ် ကျွတ်"

အော်သံပေး၍ မကြည်နုရှက်လွန်း၍ မိပြေး အကောက်

"အင်းဟာ"

"ဘုန်းဘုန်းဘုန်း"

"အိ၊ အိစ်၊ အိစ်"

မိလှမ်းကောက်တော့ ကျောကုန်းပေးလျက်သား အသင့် ဖြစ်နေလေပြီ။ မခင်သန်း ကြည်နု၏ ကျောပေါ် လက်ဖျင်းတွဲကြီးနှင့် အားရပါးရချိန်ကာ

"အင်းဟာ"

"ဘုန်းဘုန်းဘုန်း"

"အိ၊ အိစ်၊ အစ်"

ကုန်းကုန်းကွေးကွေးကြီးဖြစ်နေသော မကြည်နု ကျောကို အားရပါးရချပြီး

"ဒိုးလိုက်တော့ ကောင်မ၊ အင်းဟာ"

ဟု မြည်သံပေး၍ ဖင်ကို ဆောင့်ကန်ချလိုက်ရာ မကြည်နုမှာ ''အောင်မလေးတော့'' အော်သံပေး၍ ဒလိမ့်ခေါက်ခွေး ရေမြောင်းနံဘေး လိမ့်ကျသွားရ၏။

နံဘေးနားတွင်ရှိသော မကြည်နု အဒေါ်များ ဖြစ်သော မိထွန်း၊ ဖွားပု၊ အော်လေးစိန်တို့မှာလဲ မလှုပ်ရဲ မခင်သန်း မိဆွဲချွတ်ပြီး ဝင်ထုမှာစိုး၍ လက်အုပ် ကလေးချီပြီး ပုနေရရှာသည်။

အို၊ စာရှုသူအဆွေတို့၊

ကိုနံ၏ စိတ်ထဲတွင်ကား ဤမြင်ကွင်းကို တစ်သက်မေ့အံ့မထင်။

မနက်အာရုံနေမင်းကား မခင်သန်းခေါင်းနားတွင် လင်းနေသည်။

မခင်သန်းကား မြန်မာပန်းချီကားများတွင် တွေ့ရတတ်သော အင်္ဂလိပ်များပင် လက်အုပ်ချီခစားရ သည့် စစ်သူကြီး မဟာဗန္ဓုလသဖွယ် ခါးကိုမတ်မတ်ထောက်၍ ဟာဝေယံ ဘောင်းဘီတိုအဖြူကြီးနှင့် မကြည်နု၏ ဧရုတ်သီးတောင်းကို ခြေတင် တင့်တယ် နေလေသည်။

ခန့်ညားဘိတောင်း။ အားရဘိတောင်း။ အိုက်တင်က ဗန္ဓုလထက်မလျော့။

ပြီးမှ ဧရုတ်ကောင်းကို မကြည်နုရှိရာ ကန်ချ လိုက်ပြီး





"ဒီမှာ မှတ်ထား ကြည်နု၊ ရန်ဖြစ်မယ် ကြံစည် ထားရင် ကိုယ့်ကိုကိုယ် ဟောသလို ဘောင်းဘီတိုနဲ့ ကာကွယ်ထားပြီး လုံခြုံမှ ဖြစ်ရတယ်ကွ။ ဟားဟား၊ ဒီပညာမသေမချင်းမှတ်သွား၊ ဟားဟားဟား"

မခင်သန်းကား သူ့ဘောင်းဘီရှိရာသူ အားရပါးရ ပုပ်ပြရင်း ပြောသည်။

မကြည်နုမှာ ပြုတ်ကျလာသော ဧရုတ်တောင်း ကလေးကို ပြေးပွေ့ပြီး သင်ယူစရာများစွာ ကျန်လှသော ဆရာသမား မခင်သန်းကြည်ကို ကြည်ညိုရင်းစွဲဖြင့် ဦးချပြီး ဧရုတ်တောင်းပိုက်ကာ တချိုးထဲ ဒိုးရရှာ၏။ သူ၏နောက်တွင်လဲ ဖွားပု၊ မိထွန်း၊ အော်လေးစိန်တို့မှာ ခါးပင်မမတ်ရဲ ကိုယ့်မိကိုယ်ဆွဲ၍ မကြည်နုနောက် ပုတုပုတုနှင့် ပြေးလိုက်သွားကြလေသည်။

မခင်သန်းကတော့ ဘောင်းဘီတိုနှင့် ခေါင်းမော့ ရင်ကော့ပြီး

"ဟိတ်၊ ဟိုကောင်နောင်ကြီး၊ ငံပြာရည်တောင်း ပေးစမ်း"

ထိုတော့မှ နောင်ကြီးခေါ် လူမသန်ကိုနံလဲ တုန်တက်ပြီး ငံပြာရည်တောင်းကို ခေါင်းရွက်၍ "လာပါပြီ လာပါပြီခင်ဗျ" ဆိုကာ မခင်သန်းရှိရာ မျက်နှာ ချင်းဆိုင် မကြည့်ရဲဘဲ ပြေးတက်သွားရလေ တော့၏။

မတော် သူ့ပါလုံချည် ဆွဲချွတ်ပြီး ဘေလွတ် လိုက်မဖြင့်လေ။

× × × × × ×

"အထိုင်ရှိတယ်ဟေ့၊ အထိုင်"

ထိုအသံကြားသည်နှင့် ဦးဖြားကြီးနား လူဝိုင်း သွား၏။

"အထိုင်" ဆိုသည်မှာ အလွန်တရာရခဲလှသော ပွဲမျိုးပင်။ ထိုပွဲမျိုးက နေရာတစ်ခုတွင် စခန်းချပြီး သုံးရက်မှ တစ်လလောက်ထိ ကြာတတ်သည်။ ထိုပွဲမျိုးဆို တစ်နေ့တာအတွက် စားပြီးသောက်ပြီး စရိတ်ငြိမ်း သုံးထောင်၊ ဆယ်ရက်သုံးသောင်း၊ တစ်လဆို ကိုးသောင်း ပင်။ ဒီကြားထဲ စေတနာရှင်များ လာရောက်ပေး ကမ်းသည်များလဲ ရဦးမည်။ အခြားပွဲမျိုးလို ပင်ပင်ပန်းပန်း လဲ လုပ်စရာမလို။ ခေါင်းစည်း သို့မဟုတ် လက်ပတ် ကလေးပတ်ပြီး တဲထိုးနှပ်နေရုံ။ ထို့ကြောင့် အထိုင်ပွဲမျိုး၊ လူတိုင်းက မက်မောကြသည်။

"မခင်သန်းတို့ ဖွားပုတို့ ဟုတ်ပြီ။ မိန်းကလေးက ငါးဆယ်။ ယောကျ်ားလေးက နှစ်ဆယ်ပဲ။ ဟို ကောင် နောင်ကြီးတို့၊ ဝေကြီးတို့ထွက်၊ မင်းတို့မပါဘူး"





ပွဲကြီးပွဲကောင်းမှာ မပါရ၍ ကိုနံစိတ်လေ သွားသည်။

"ဟာ၊ ဘဖြားကြီးကလဲ၊ ပွဲကောင်းပြီဆို သားတို့ကို ပယ်ပြီ"

ဦးဖြားကြီးက တစ်ချက်သာ စောင်းငဲ့ ကြည့် ပြီး. . .

"မပယ်လို့ မဖြစ်ဘူး၊ ဟိုတစ်ခါအထိုင်ပွဲတုန်းကလဲ သတ်မှတ် နေရာမှာ မနေဘဲ အရက်ဆိုင်ချည်း ရောက်နေလို့ နာမည်ပျက်ပြီးပြီ။ ဦးလေးပျော့ ဘယ်မှာလဲ၊ ဦးလေးပျော့တို့ ဝင်ကြ"

ကိုနံ စိတ်ဓာတ်ကျသွား၏။ ဟုတ်တော့လဲ ဟုတ်ပါသည်။ အထိုင်ပွဲလိုက်သူများက အလွန်တည်ငြိမ် မှ ဖြစ်ပေလိမ့်မည်။ နေပူပူ မိုးရွာရွာ ချထားပေးသော နေရာမှာ မလှုပ်မယှက် နေနိုင်မှ ကိုက်ပေလိမ့်မည်။ ဥပမာ ဦးလေးပျော့တို့လို ခါးအောက်ပိုင်း လေထိထား သူတို့နှင့်မှ အကိုက်ပင်။ လေထိထားတော့ နေပူပူ မိုးရွာရွာ ချထားပေးသော နေရာကကို မလှုပ်တော့တာ။

အံမယ်၊ ကြွားပြောရဦးမည်။ ယခင်သာကေတ ဖက် အထိုင်ပွဲတွင် ဖြုံခွင်းသူများက ဘူဒိုဇာနှင့် ဝင်ထိုး၍ အားလုံး ထပြေးသည့်ကြား တစ်ယောက်တည်း မလှုပ် မယှက် ဘူဒိုဇာရှေ့ ငုတ်တုတ်ထိုင်နေသော ဦးလေး ပျော့ကို လူတကာက လေးစားခဲ့ ကြဖူးသည်။ လူအင်အား နှင့် ဖြုံခွင်း၍မရ၍ ဘူဒိုဇာနှင့်ဝင်ထိုးချိန် အားလုံး ရုတ်ရုတ်သဲသဲထပြေးကြချိန် ဘူဒိုဇာရှေ့ တစ်ယောက် တည်း ငုတ်တုတ် မားမား အထင်အရှားရှိနေသည်မို့ ဘူဒိုဇာနှင့်လေးပျော့ မျက်နှာချင်းဆိုင်ပုံကို ဂျာနယ်များက မျက်နှာဖုံးပုံအဖြစ် လေးရောင်ခြယ်ကာ ဖော်ပြခဲ့ဖူးကြ၏။

ခေါင်းစဉ်ကိုက "အမှန်တရားအတွက် ဘူဒိုဇာလဲ မကြောက်တဲ့ ရဲရဲတောက်လေးပျော့"

ဘူဒိုဇာကို မကြောက်မရွံ့ ရင်ဆိုင်နေခြင်းမဟုတ်၊ လေဖြတ်ထား၍ အများနည်းတူ ထမပြေးနိုင်ခြင်း ကြောင့်သာ။

ရေးထားသည့်စာကိုက

"အမှန်တရားအတွက်ဘူဒိုဇာမကလို့ သံချပ်ကာ ပဲလာပစေ၊ လေးပျော့တို့နေရာလုံးဝမရှေ့ဘူး" ဟုဆို လိုက်သည့်ရဲရဲတောက်လေးပျော့။

အမှန်တော့ဘူဒိုဇာကြီးဝင်လာ၍ အားလုံး ထပြေးချိန် အောက်ပိုင်းကြီးလေဖြတ်ထား၍ ဘယ်မှ မပြေးနိုင် မလှုပ်နိုင်နှင့် ပါးစပ်က "အောင်မလေး ကယ်ကြပါဦး ငါ့ကိုတစ်ယောက်လောက်မပေးကြပါဦး ဘူဒိုဇာကြီးရယ်ရှိကြီးခိုးပါရဲ့"

အော်ဟစ်တောင်းပန်နေသည်ကို ဓာတ်ပုံ အမိအရ ရိုက်ပြီး "ငါတို့အမျိုး အမှန်တရားအတွက် အရိုးကို စည်းရိုးထိုးမယ်"ဟု

"ဘူဒိုဇာရှေ့ ကြွေးကြော်လိုက်သည့် သူရဲကောင်း လေးပျော့"

ဟုတ်သည်ရှိ မဟုတ်သည်ရှိ ပေါက်ကရ ရေးကြ သည်။

သတင်းသမားများကလဲ မယုံရ၊ လေဖြတ်ထားမှန်းသိသိကြီးနှင့် မြှောက်ပေးကြ၏။ သို့သော် ဤကိစ္စ မျိုးဆိုလျှင် ဦးလေပျော့တို့၊ ဘကြီးမှုတို့က အသုံးဝင်သည်။ အဘမှုကြီးဆိုသည်မှာလဲ နာမည်က သောင်းအေး လား ဘာလားမသိ။ မျက်စေ့မှုပြီး ဘယ်မှ မသွားနိုင်၊ မလာနိုင်မို့ ဘမှုကြီးဟုသာ ခေါ်၏။ ထိုကိစ္စဖြစ်တုန်း ကလဲ ဦးလေပျော့နောက်မှာ ဘမှုကြီးလဲပါ၏။ သူကလဲ မျက်စိမမြင်တော့ ဘယ်ပြေး ရမှန်းမသိ။

ဦးလေးပျော့ ပခုံးကိုဖက်၍ ပြေးပေါက် ရှာနေ သော ဘမှုကြီးပုံကို ဘူဒိုဇာရှေ့ အမိအရရိုက်ပြီး

"လေပျော့ မကြောက်နဲ့၊ မင်းနောက်မှာ ငါရှိတယ်" ကြွေးကြော်လိုက်တဲ့ မှုကြီး။

အမှန်တော့ ပြေးပေါက်ရှာနေတာ။ ဘာမှ မမြင်လို့ မပြေးနိုင်တာ။





သတင်းသမားတွေက လူစိတ်ဝင်စားမည်မှန်လျှင် အကုန်လုပ်သည်။

အဲ. . . ဒီလိုနေရာမျိုးတွင်မှာတော့ ကိုနံတို့ ဝေကြီးတို့နှင့်ကမဖြစ်။ တစ်ခါကလဲ လူအလစ်မှာ အရက်သွားခိုးသောက်တုန်း သတင်းသမား တစ် ယောက်က မြင်ပြီး ဓာတ်ပုံရိုက်ဖွလိုက်၍ ပွဲပျက်ဖူး၏။

ထို့ကြောင့် အထိုင်ပွဲများတွင်မူ ကိုနံတို့ကို မရွေးချယ်။

"ကဲ၊ ကဲ ထွက်မယ်၊ အနည်းဆုံး ဆယ်ရက်စာ ယူသွားကြနော်၊ ခြင်ထောင်တွေ၊ မိုးကာတွေ မမေ့နဲ့။ ဟော့၊ ကြည်နုနင်မလိုက်ဖူးလား"

"ကျွန်မ ငရုတ်သီးပို့စရာရှိလို့ မလိုက်တော့ဘူး လေးဖြား"

"အေးအေး၊ ဒါဆိုလဲပြီးရော၊ ဟဲ့၊ ကြည်နုအစား ဟိုဂျပုမ မိရွှမ်းထည့်လိုက်စမ်း၊ ဒီကောင်မ အာချောင်တဲ့ နေရာ တော်တယ်"

ဤသို့ဖြင့်. . .

× × × × × ×

ရာသီကား မှိုင်းညို့နေသည်။ နေမင်းသည်လဲ ညကြေးမရလို့ စိတ်ကောက်နေတဲ့ မင်းသားလို မထွက်တစ်ချက်ထွက်တစ်ချက်။

ကာလကြာရှည် ရွာသွန်းထားသော မိုးကြောင့် ပုံစံခွက် သဖွယ်လမ်းမသည် သူ့မိတ်ဆွေ ချိုင့်ခွက်များ နှင့် စည်းဝါးရိုက်ကာ လမ်းသွားလမ်းလာများကို ဒုက္ခပေး၏။

ဘယ်ခြေချပြီး ညာခြေအတွက် စဉ်းစားနေရသော လမ်းသွားလမ်းလာများကို လမ်းမနံဘေး အမှိုက် ပုံက ဟားတိုက်သည်။ တိမ်ချင်ယောင်ဆောင်ထားသော ချိုင့်ခွက် နက်နက်က သူ့ထံ ခြေတစ်ဖက်ကျွံလာ တိုင်း ပေါင်အရင်းခန့်ထိ သူ၏ ရေစက်များကို ခုန်တက်ကာ ဂုဏ်ယူနေ၏။

နံဘေးနားတွင်ရှိသော သန္တေပြောင်းတိုင်တစ်ခုက ဤရပ်ကွက်အစတွင် သူ၏အမည်မှန်မှာ ဓာတ်တိုင် ဖြစ်ကြောင်းကို မေ့၍ သပွတ်နွယ်များခြံရံကာ သူ့ကိုယ်သူ သစ်ပင်ဟုပင် ထင်နေလေပြီး လမ်းမငယ် လူလည်ကျ သမျှ သဘောကျနေသေး၏။

"ပျင်းလိုက်တာကွာ"

လူမသန် ကိုနံ့ အရက်ခွက်ကို ဆရင်း လူခြေတိတ် နေသော သူတို့အိမ်ဝိုင်းကလေးဘက်လှည့် ငေး၏။

အရက်သာရှိနေလျှင် ဘာကိုမှ သတိမရသော ဝေကြီးက ကိုနံ့ကို ပြန်ကြည့်သည်။

"မင်းကလဲကွာ၊ ဒီလိုဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ အရက်သောက် ရဖို့ဆိုတာ တော်ရုံချမ်းသာရုံနဲ့ မရဘူးကွ၊ ခုကြည့်စမ်း၊ ဘယ်လောက် ဇိမ်ကျလဲ"

ဝေကြီးစကားမှန်သင့်သလောက်တော့ မှန်ပါပေသည်။ ခါတိုင်းဆိုလျှင် ဆဲသံဆိုသံများနှင့် စီညံနေသော သူတို့နယ်ပယ် ကလေး တိတ်ဆိတ်နေပေ၏။





တိတ်ဆိတ်ပေမပေါ့။ သူတို့လို လူအတော် များများက အထိုင်ပွဲအနေဖြင့် မြို့လည်ခေါင်တစ်နေရာ ရောက်နေကြပြီကိုး။ သူတို့ကသာ ကံဆိုးပြီး ကျန်ရစ် ခဲ့တာလေ။

ကိုနံ့ ခပ်ဝေးဝေးငေးကြည့်ရင်း.

"အေးကွာ၊ မခင်သန်းကို သတိရလိုက်တာ"

ဝေကြီး မျက်နှာ ရှုံ့မဲ့သွား၏။

"မင်းကလဲ ပြောလိုက်ရင် မခင်သန်းချည်းပဲ၊ ဒီလောက်မဲမဲ သဲသဲကြီးကို"

ဝေကြီးစကားက ကိုနံ့နှလုံးသားကို ဆွပေး လိုက်သလိုမျိုး။

အသားမဲသည်ကား မှန်၏။ ကိုနံ့ပင် မခင်သန်းနှင့် ရည်းစားဖြစ်၊ အိမ်ထောင်ကျလျှင် ခေါ်မည့် နာမည်ပါ စဉ်းစားထားပြီးပြီ။

မခင်သန်းကို ကိုနံ့က "ညလေး"ဟု ခေါ်မည်။

ညလေးဆိုသည်မှာ ခုခေတ်ကလေးများ သူတို့ ကောင်မလေးများကို ချစ်စနိုးသမုတ်သော "ညီမလေး" ဟူသော အဓိပ္ပာယ်မဟုတ်။ မခင်သန်းကို မြင်လိုက်ရလျှင် ညခင်းတစ်ခုကို မြင်လိုက်ရသလို "မဲသဲ" နေ၍ "ညလေး" ဟု ခေါ်ချင်ရခြင်းဖြစ်၏။

ကိုနံ့ရင်ထဲ ဆစ်ခနဲဆစ်ခနဲ။ ကိုနံ့ သက်ပြင်းချပြီး

"အေးကွာ၊ အဲ့ဒီမဲမဲသဲသဲကိုပဲ စွဲနေရတာ ဟောဒီက ကိုနံ့လို့ ခေါ်တဲ့ နောင်ကြီးပါကွာ"

ဝေကြီး ကိုနံ့ကို စွေစောင်းကြည့်သည်။

"မင်းကလဲကွာ၊ အဲဒီမခင်သန်း မဲမဲသဲသဲကြီး ကြိုက်မဲ့အစား ကြည်နုကတောင် တော်သေး၊ အသား ဖြူဖြူလေးနဲ့"

"ဖွီး"

ဝေကြီးစကားကြောင့် ကိုနံ့ ပျို့ချင်သလို အန်ချင် သလိုပါဖြစ်သွား၏။ ဒါကို ဝေကြီးက

"ဟေ့ကောင် ဘာဖြစ်တာလဲကွ"

ကိုနံ မျက်နှာကို အတော်ကြာကြာရှုံ့မဲ့လိုက်သည်။ ပြီးမှ . . .

"အဲကောင်မ အသားသာဖြူတာ ဖင်မှာကျ ဝဲချည်းပဲ"

ဝေကြီး မျက်လုံးပြူးသွားသည်။

"ဟေ့ကောင် မင်းဘယ်လိုသိတာလဲ"

ကိုနံ မျက်နှာကို ရှုံ့မဲ့ထားရင်း

"ဟိုတစ်နေ့က မခင်သန်းတို့နဲ့ ဈေးမှာ ရန်ဖြစ် နေကျတော့ သူတို့မိကျွတ်ကျတာ၊ ငါလို ရေမချိုး မိုးမချိုးနဲ့ မရွံတတ်တဲ့ကောင်တောင် သုံးရက်လောက် အစား အသောက်ပျက်တယ်"

"ဟာ မင်းကလဲ"

"ဟုတ်တယ်၊ အဲ့ဒါမြင်ပြီး အိပ်မက်ဆိုးလို့ အိပ်မက်ထဲပါပါလာလို့ ငါ့မှာ ညည ထထထိုင်နေရတယ်"

"ဟုတ်ရဲ့လားကွာ"

"ငါမှန်းတာ မလွဲဘူးဆို အဲ့ကောင်မ ဖင်ကဝဲက အရေးအခင်းဝဲ။ အရေးအခင်းတုန်းက ထောင်ထဲ မှာ ဖြစ်တဲ့ဝဲ။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီကောင်မ အဲ့ဒီအရေး အခင်းတုန်းက ထောင်ကျကို ကျဖူးရမယ်"

ဝေကြီး တွေဝေသွား၏။ သူက လူတွေ၊ အဖြစ်အပျက်တွေကို အရက်လောက် သတိမထားမိ၍ သိပ်မသိ။ အလုပ်မရှိလျှင် ရပ်ကွက်တွင်းဝက်စာပုံး လှည့်ထမ်းမည်။ ဝက်ခြံမှ ပေးသော ဝက်သွေး၊ အခေါက်၊ သို့တည်းမဟုတ် ငွေကြေးပေးလျှင် အရက်ဆိုင်လာ၍ လဲစား၊ ဝယ်စားမည်။ သူ့အလုပ်က ဒါပဲဖြစ်သည်။

"ဒါနဲ့ မိရွှမ်းဆိုရင်ရော"

"ဟို အသားမဲမဲနဲ့ ဂျပုမ မိရွှမ်းလား"

"အေးလေ၊ အဲဒီတစ်ယောက်ရှိတာ"





"ငါကြားတာတော့ အဲ့ကောင်မက တောက တက်လာတာကွ။ ဘူတာကြီးမှာ လည်နေတုန်း ရွှေဝါ ရောင်မှာ ထမင်းထုပ်ဝေတော့ တော်နေတာနဲ့ ဝင်စားတာ၊ ဆွဲအစိခံရတယ်ဆိုလားပဲ"

"ဩော်"

"ရွာမှာတော့ သူ့နာမည်လောရှည်ဆိုလားပဲ"

"ဘာ၊ ဒီဂျပုမက လောရှည်"

"သူတို့ရွာမှာ သူ့အရပ်အရှည်ဆုံးပဲတဲ့။ သူ့ သူငယ်ချင်းတစ်ယောက်ရှိသေးတယ်။ မိမြဆိုတာ။ ရွာ နာမည်အရှည်ကြီးတဲ့။ အသက်မပြည့်တဲ့ကောင်လေး နှာဘူးကျပြီး ထိကပါးရိကပါး သွားလုပ်တာ၊ ကောင်လေး မိဘတွေတိုင်လို့ ကာယိန္ဒြေပျက်ပြားမှုနဲ့ ခုအထဲမှာ"

ဝေကြီးတွေသွား၏။ ပြီးမှ . . .

"ဟာ ဒါဆို သူတို့လဲ မျိုးရိုးပဲပေါ့"

"မျိုးရိုးပေါ့ဟ၊ သူတို့ ဘကြီးတစ်ယောက် ရှိသေးတယ်။ ဒီလောကထဲရောက်နေတာ၊ ဆရာကြီး"

ဝေကြီး သူ့ရှေ့က သံပရာခြမ်းကို ယူစုပ်ရင်း ခေါင်းညိတ်သည်။

"ဒါနဲ့ ခင်သန်းကြည်ကရော"

"မခင်သန်းကတော့ လူကုန်ကူးဖက်က ပြောင်းလာတာပြောတာပဲ။ မူဆယ်မှာ မိပြီး နှစ်ကြီးကနေ လွတ်ငြိမ်းနဲ့ ပြန်ထွက်လာတာပြောတာပဲ"

"မိသားစုကရော"

"သမီးက ဆယ်တန်းအရွယ်လို့ပြောတယ်။ မိဘမဲ့ ထားပြီး အခုမွေးစားမိဘနဲ့တဲ့။ သူ့ကို အတွေ့မခံဘူး"

"ဟင်၊ ဒါဆို အိမ်ထောင်ကျဖူးတာပေါ့"

"အာ၊ မင်းကလဲ၊ ဒီမှာ အိမ်ထောင်မကျဘူးတာ ဘယ်သူရှိလို့လဲ"

ဝေကြီး ခေါင်းညိတ်သည်။ မှန်ပေသည်။ သူတို့ လောကက တစ်နည်းမဟုတ်တစ်နည်းနှင့် အိမ်ထောင်ကျ ဖူးကြသည်ချည်း။

"ဒါနဲ့ ဝေကြီး၊ မင်းကရော"

ကိုနံ အမေးကြောင့် ဝေကြီးခါးမတ်သွားပြီး ကိုနံကို ခပ်စိမ်းစိမ်းစိုက်ကြည့်သည်။ အတန်ကြာ စိုက်ကြည့် နေသည်။ ပြီးမှ ဝါးလက်စသံပရာဖတ် ပစ်ချပြီး

"မင်း၊ မင်း သတင်းပေးလား ဟေ့ကောင်"

ဝေကြီးအမေးကြောင့် ကိုနံ မျက်လုံးပြူးသွား သည်။

"အာ၊ ဘယ့်နှယ့် သတင်းပေးရမှာလဲ"

ဝေကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟေ့ကောင်၊ မင်းကို ငါမသင်္ကာဘူး။ ဒီက လူတွေ အကြောင်း မင်း အကုန်သိနေတယ်။ မင်း သတင်းပေးက ဖြစ်ရမယ်"

"အာ၊ မဟုတ်ရပါဘူးကွာ၊ မင်းကလဲ ငြိမ်ငြိမ်ထိုင်စမ်းပါ"

အမှန် ကိုနံကလဲ ယခင်ကတော့ သတင်းပေး။ ရပ်ကွက်အတွင်း ဆိုက္ကားနင်းရင်း အဆက်အသွယ်ရ ကာ သတင်းပေးလုပ်ခဲ့ဖူး၏။ ဆိုက္ကားနင်းရင်း ရပ်ကွက် အတွင်းလိုက်စုံစမ်း၊ မကျေနပ်သည့်သူများကို လက်ထောက်ချ ဒုက္ခပေးခဲ့ဖူးသည်။ တစ်ခေတ်တစ်ခါ ကတော့ သတင်းပေးအနေနှင့် အနေအစားချောင်ခဲ့ပြီး အားလုံးအဖမ်းခံရချိန်မှာ သူလဲ ယောရောင် အဖမ်းခံ ခဲ့ရသည်။ ပြန်ထွက်လာတော့ သွားစရာလာစရာ မရှိ။ မိသားစုကလဲ ဘယ်ထွက်ပြေးသွားမှန်းမသိ။ နောက်တော့ ထမင်းထုပ်ပေးတာ လိုက်စားရင်း ဤနေရာသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။ ဝေကြီးက သူ့ကို မသင်္ကာတော့။

"မင်း၊ မင်း သေချာတယ်နော်"

ဝေကြီး၏ အမေးကို ကိုနံ ခေါင်းကိုခပ်သွက်သွက် ညိတ်ပြီး





"သေချာပါတယ်ကွာ၊ မင်းကလဲ၊ လာထိုင်ဦး"

ဝေကြီးခုံမှာ ပြန်ထိုင်၏။ သို့သော် မယုံ သင်္ကာဟန်နှင့် ကွက်ကြည့်ကွက်ကြည့်။ နောက်ထိုင်ရာက ထပြီး

"ဟာ၊ ဟုတ်ပါပြီ။ မင်းသတင်းပေးကပါ"

ကိုနံ ခေါင်းကုပ်ပြီး

"မဟုတ်ပါဘူးဆိုနေကွာ၊ လာထိုင်စမ်းပါ"

ဝေကြီး ခပ်ဝေးဝေးက ပြန်ကြည့်သည်။ ပြီးမှ ကိုနံကို လက်ညှိုးထိုးပြီး

"သေချာတယ်နော် ဟေ့ကောင်"

"မသေချာရင် မခင်သန်းနဲ့ ငါနဲ့မငြားကွာ"

ဝေကြီး စိတ်ချသွားပုံရသည်။ စားပွဲခုံမှာ လာပြန်ထိုင်၏။ သူတို့လောကတွင် ထိုသို့ အန္တရာယ်လဲ ရှိသည်။ ဘယ်သူက ဘယ်လို သတင်းပေးလိုက်မှန်းမသိပဲ တစ်ခုခုအကြောင်းပြပြီး ဆွဲစိခံရတာမျိုး။

ကိုနံ ခပ်ဝေးဝေးကို ငေးကြည့်သည်။

သူ့စိတ်က တစ်စက္ကန့်အတွင်း အလင်း၏ အမြန်နှုန်းနှင့် မခင်သန်းဆီ ဆိုက်ရောက်သွားသည်။ အလွမ်းမှာ အဂတိလိုက်စားမှုမရှိ၊ ပကတိရိုးသားခြင်း များသာ။ အလွမ်းသည် ဘယ်တော့မှ ပစ်မှတ်မလွဲ သော မြားသမား။

"ငါ၊ ငါ မခင်သန်းတို့ဆီ သွားချင်တယ်ကွာ"

ဝေကြီး မျက်နှာရှုံ့မဲ့သွား၏။

"ခေါ်မှ မခေါ်တာ။ မခေါ်ပဲ မသွားနဲ့ဟေ့ကောင်၊ ဈေးပျက်တယ်"

ဒါလဲမှန်ပေသည်။ မခေါ်ပဲလိုက်နေလျှင် နောက်ဆို နေ့စားခမပေးဘဲ နေလိမ့်မည်။

"ဒီကောင်တွေလိုက်လာမှာပဲ"

ဟူသော အကြံဖြင့် ထမင်းတစ်နပ်ကျွေးပြီး နေ့စားခက

သူတို့ထုတ်ယူလိုက်ကြမည်။ ဒီလောကမှာ ဒါမျိုးဈေးပေါ၍ မဖြစ်။

“ငါ အကြံရပြီ ဟေ့ကောင်”

ဝေကြီး ကိုနံကို ပြန်ကြည့်သည်။ နောက် မျက်မှောင်ကျုံ့၍

“ဘာအကြံလဲ ဟေ့ကောင်”

ကိုနံက အားတက်သရောဖြင့်.

“ခု မခင်သန်းတို့ အထိုင်ဆန္ဒပြနေတဲ့ နေရာက ကားအမြဲပိတ်တဲ့ မီးပွိုင့်နေရာကြီးကွ၊ တကယ့် ချက်ကောင်းနေရာကြီး”

ဝေကြီး မျက်မှောင်ကျုံ့၍ ပြန်ကြည့်သည်။

“အဲဒီတော့”

“အဲဒီတော့၊ ငါတို့ အဲမီးပွိုင့်မှာ ရေသန့်လေး၊ ကွမ်းယာစီးကရက်လေး သွားရောင်းလို့ ရတာပဲ။ ကိုယ့်အချင်းချင်းလဲ ဝယ်နိုင်တာပဲ”

ဝေကြီး ခါးမတ်သွား၏။ ပြီးနောက် ဝမ်းသာအားရဖြင့်

“အေး၊ မင်းအကြံက ဝက်စာထမ်းနေတာနဲ့စာရင် သာတယ်ကွ။ နောက်ပြီး ရပ်ကွက်ထဲ ငုံးခြံတစ် ခြံကလဲ၊ အလုပ်မရှိရင် သူတို့ဆီက ငုံးဥပြုတ်တွေ ယူရောင်းပေး ဆိုပြီး ပြောထားတာရှိတယ်ကွ”

“ဟာ၊ ဒါဆို အဆင်ပြေတာပေါ့။ ငုံးဥယူထားပြီး အပြန်ကျမှ ကုန်သလောက်ရှင်းကြတာပေါ့”

ဝေကြီး တက်ကြွနေသည်။

“ဒီတစ်ခါတော့ မင်းကို လေးစားသွားပြီ ကိုနံ”

“ဒီလိုပဲ ဖြစ်နေရမယ်လေ။ လူမသန့် ကိုနံပါကွ”

နေရောင်က ဒီနေ့ ပိုလှ၏။

× × × × × ×

ဝိ ၊ ဝိ ၊ ၀၇ ၀ ပ



နေရောင်က ဒီနေ့ ပိုလှ၏။

ငြိမ်းလုလုမီးစာမှ ဟုတ်ခနဲပြန်တောက်လာသော တောက်ပမှုမျိုးနှင့် လင်းနေသည်။ ပေါ်ထွက်နေ သော အလင်းရောင်က ကစဉ့်ကလျားဖြစ်မနေပဲ သေသေ သပ်သပ် ရှိလှသည်။ မည်မျှဆိုသော် မဲမဲမှောင်နေသော မခင်သန်းကြည်၏ အသားကိုပါ ဝင်းတောက်နေစေ၏။

ချစ်ရပါသည် ခင်သန်းကြည်။

“မင်းပြောတာ မှန်ပြီဟေ့ ကိုနံရေ... ငါတို့တော့ ပွပေါက်တိုးပြီ”

လမ်းမပေါ်ပိတ်ကျပ်နေသော လူများကားများကို ကြည့်ပြီး ဝေကြီး ထအော်သည်။

ကိုနံလဲ အားတွေရနေသည်။ ဖြစ်ချင်တော့ ဘယ်သူမှ ဒီလိုဖြစ်မယ် မတွေးမိလို့ထင်၏။ ဘယ်ဈေး သည်မှ မရှိ။

“ဟေ့၊ ဟေ့၊ ရေဘူး ရေဘူး”

“ရေတစ်ဘူး ငါးရာအစ်မ”

လူစည်သည့်နေရာတောင် မရောက်သေး၊ ဝေကြီးက စပြီးဈေးတင်ရောင်းသည်။ အမှန်တော့ ရေတစ်ဘူးမှ နှစ်ရာထဲ။ ဒါကို ခပ်တည်တည်နှင့် ငါးရာတင်ရောင်းသည်။

ဝိ ၊ ဝိ ၊ ၀၇ ၀ ပ

"ရေဘူး ဒီမှာလဲ တစ်ဘူးပေးပါဦး"

"ငါးရာ အစ်မ၊ အကြွေပေးပါ"

အလုပ်ဖြစ်ပြီမှန်း ချက်ချင်းသိသည်။ ဒါကို ဝေကြီးက

"ဟော့ကောင် ကိုနံ။ ငါ့ပစ္စည်းတွေပါ မင်း ရောင်းထားလိုက်။ ဒီလောက်နဲ့ မလောက်ဘူး ငါသိတယ်။ မကုန်ခင် သွားပြန်ဝယ်ထားမယ်"

"အေး အေး၊ ငါရောင်းထားမယ်"

မှန်ပေသည်။ အမှန်တော့ သူတို့နှစ်ယောက်လုံး တပ်ဒယာက်ကို ရေနှစ်ဘူး၊ စီးကရက်တစ်ဘူးစီ၊ ကွမ်းယာကလဲ နှစ်ရာဖိုး ငါးထုပ်၊ ငုံးဥက ငွေမပေးရ၍ အထုပ်နှစ်ဆယ်စီခန့်သာ ယူခဲ့ခြင်းဖြစ်၏။

ယခုအခြေအနေအတိုင်းဆို ပါလာသမျှ ပြိုက်ခနဲ ကုန်မဲ့အနေအထား။

"ကွမ်းယာ၊ စီးကရက်၊ ငုံးဥပြုတ်၊ ငုံးဥပြုတ်"

"ငုံးဥပြုတ်လာဦး"

"တစ်ထုပ် နှစ်ရာ၊ သုံးထုပ်ငါးရာအစ်မ"

ဈေးသည်က မရှိသေး၍ ဈေးနှုန်းကလဲ ပြောသလောက ဖြစ်နေသည်။

"ငုံးဥပြုတ်သည် လာပါဦး"

ကိုနံ ပေါင်ပိန်၏။ သို့သော် လန်းနေသည်။ ဒီကြားထဲ သွားရင်းလာရင်းနှင့် လမ်းမနံဘေး ဆောင့် ကြောင့်လေးထိုင်နေသော မခင်သန်းနား ရောက်အောင် သွားကာ

"မခင်သန်း ဗိုက်ဆာရင် ငုံးဥစား"

ဆိုပြီး ငုံးဥသုံးထုပ် ပစ်ပေးလိုက်သေး၏။

သိပ်မကြာပါ။ ပစ္စည်းအစုံအလင်နှင့် ဝေကြီး ပြန်ရောက်လာသည်။





ချက်ချင်းပင် သူတို့နှစ်ယောက် လမ်းဘေးတွင် ရေခဲပုံးတစ်ပုံး ထူထောင်နိုင်သော လုပ်ငန်းရှင်စစ်စစ် ဖြစ်လာလေသည်။

"လာနော်၊ ငုံးဥပြုတ်၊ ငုံးဥပြုတ်"

သို့သော် တစ်ဖက်တွင်တော့. . .

× × × × × ×

"ဦးလေး၊ ဦးလေး နာမည်လေးတဆိတ်လောက်"

ဦးဖြားကြီး ရင်ကော့ပြီး

"မင်းထက်ဖြားကြီး"

"ဩော်၊ ဟုတ်ကဲ့၊ ကျွန်တော်တို့က ဂျာနယ် သတင်းထောက်တွေပါ"

"ဟုတ်ကဲ့၊ ပြောပါ၊ ပြောပါ"

"ကျွန်တော် သိချင်တာမေးလို့ရမလား"

"မေးပါ၊ မေးပါ၊ အခု လယ်ယာမြေကိစ္စမှာ မကျေနပ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူတစ်ရပ် အနေနဲ့ ပါဝင်ရတာပါ"

"အဲဒါကို မေးမှာ မဟုတ်ဘူးဦးလေး"

"ဒါဆို ဘာမေးမလဲ၊ နိုင်ငံရေးလား စီးပွားရေးလား၊ ကြိုက်တာမေး"

ဗီဒီယိုပါ ရိုက်နေ၍ ဦးဖြားကြီး ဂိုက်ပေးကြမ်း နေသည်။

"ဦးလေးတို့ ဆန္ဒပြတဲ့အဖွဲ့က ဒီမှာလဲ ဆန္ဒပြ။ လမ်းပေါ်မှာလဲ ဈေးထွက်ရောင်းတာပဲလား။ အဲတာ သိချင်လို့ပါ"

"ဟမ်၊ ဘယ်မှာရောင်းလို့လဲ"

သတင်းထောက်လေး အမေးကြောင့် ဦးဖြားကြီး ကြောင်သွား၏။ ဒါကို သတင်းထောက်လေးက

"ဟာ၊ ဦးလေးကလဲ ရှူးချင်ယောင်ဆောင်ပြီ။ ဟိုမှာလေ ဦးလေးတို့အဖွဲ့က ငုံးဥပြုတ်ရောင်းနေတဲ့ နှစ်ယောက်"

"ဟင်"

ကြည့်လိုက်တော့ မီးပွိုင့်မှာ ငုံးဥပြုတ်ရောင်း ကောင်းပြီး ပျော်ရွှင်နေတဲ့ ကိုနံနှင့် ဝေကြီး။ ဦးဖြားကြီး မျက်နှာပျက်သွား၏။ နောက်လက်ကာပြီး

"မဟုတ်ဘူး။ မဟုတ်ဘူး။ အဲတာ ကျွန်တော်တို့





အဖွဲ့မဟုတ်ဘူး။ သူတို့က ငုံးဥသည်တွေ"

ဦးဖြားကြီး ငြင်းဆန်စကားကို သတင်းထောက် လေးက ပြုံးပြီး

"ဟာ၊ ဦးလေးကလဲ နောက်ပြီ။ ဒီမှာလေ ဦးလေးတို့အဖွဲ့တွေ"

ဓာတ်ပုံတွေ ထုတ်ပြတော့ ဟုတ်ပေသည်။ ဓာတ်ပုံတွေက ပုံဟောင်းတွေ။ အလျှိုလျှို ဆန္ဒပြခဲ့သည့် အထဲ ဦးဖြားကြီးနှင့် ကိုနံတို့မှာ တတွဲတွဲပင်။

"ဒီမှာလေ၊ ဒါက သာကေတကပုံ။ ဒါက လက်ပံတန်းမှာ၊ ဒီမှာ ဦးလေးတို့အတွဲ"

ဦးဖြားကြီး မျက်နှာဖရိုဖရဲဖြစ်သွားသည်။ နောက် အထစ်ထစ်အငေ့ါငေ့ါဖြင့်

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူးဆိုတာ ဟုတ်တယ်။ ဘာလို့လဲ ဆိုတော့"

"ပြည်သူတွေအတွက် ပြင်းပြင်းထန်ထန်ခံစား ရတယ်ဆိုပြီး ဆန္ဒပြနေရာကနေ ဘာလို့ ငုံးဥပြုတ် ထွက်ရောင်းလဲ သိချင်လို့ပါ"

ဦးဖြားကြီး ဘာဖြေရမှန်းမသိ။

"မဟုတ်ဘူးဆိုတာက၊ အဲဒီငုံးဥတွေက ဗုဒ္ဓဘာသာအနေနဲ့ ပြောရရင် အစက်အပြောက် ကလေးတွေနဲ့ ဆိုတော့"

တကယ်တမ်းဖြေရှင်းရပြီဆိုတော့ ဦးဖြားကြီး အိုးနင်းခွက်နင်း။

"ကလင်၊ ကလင်၊ ကလင်"

ထိုအချိန်မှာပင် ဦးဖြားကြီးဆီ ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့

"ဟင်"

လုပ်ငန်းရှင်အဘဟု အမည်ပေးထားသော ဖုန်း။ ကတုန်ကရင်နှင့် ဖုန်းကို ထုတ်ကိုင်လိုက်ရသည်။

"ခနနေဦး၊ ဟယ်လို"

"ဟော့ကောင်၊ ဖြားကြီး မင်းဘာလုပ်တာလဲကွ"

တစ်ဖက်မှ ဒေါသသံနှင့်မို့ ဦးဖြားကြီး တုန်တက် သွားသည်။

"ဟယ်လိုခင်ဗျာ၊ ကျွန်တော်ဘာလုပ်လို့"

"ဘာလုပ်လို့လဲ ဟုတ်လား၊ မင်းတို့အဖွဲ့ထဲက ကောင်တွေ သတ်မှတ်ထားတဲ့နေရာမှာ မနေပဲနဲ့ လမ်း လည်ကောင် ငုံးဥထွက်ရောင်းလို့ဆို၊ အခုသတင်းတွေ တက်လာပြီ။ ငါတို့က ဒီအတွက် အပြီးနေ့စားပေးထား ပြီးသား မဟုတ်လားကွ"

ဦးဖြားကြီး ချွေးစီးတွေပါ ပျံထွက်လာသည်။

ကြည့်လိုက်တော့ ဟိုနှစ်ယောက်က ဈေးရောင်း ကောင်းလို့၊ လမ်းလည်မှာ ပျော်လို့၊ ရွှင်လို့။

"ကျွန်တော်ရှင်းပြပါရစေ အဘ။ အဲ့ဒီကောင် နှစ်ကောင်က ကျွန်တော်တို့ အဖွဲ့ ထဲကတော့မှန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ခေါက် နေ့စားထဲမှာ မပါဘူးအဘ။ သူတို့ဟာ သူတို့ရောက်လာပြီး ဈေးလာ ရောင်းတာ"

"ဟော့ကောင်၊ ရေဘူးပေါက်တာ မလိုချင်ဘူး။ သူတို့ဟာသူတို့ ဘယ်လိုပဲရောက်ရောက် အဲဒီနားမှာ အဲလိုကိုးယိုးကားယား ရှိကို မရှိရဘူး။ အဲဒီနှစ်ယောက်ကို အမြန်ဆုံးရှင်းထုတ်။ မင်းတို့လုပ်တာနဲ့ ငါတို့လုပ်တာ ပေါ်ပြန်ပြီ၊ တောက်"

"ဟုတ်၊ ဟုတ်ကဲ့၊ ကျွန်တော်ဆောင်ရွက် လိုက်ပါ့မယ် အဘ။ ကျွန်တော် အခုပဲ ဆောင်ရွက်လိုက် ပါ့မယ်"

ဦးဖြားကြီး ပျာတောက်သွားသည်။ အဘတို့ စိတ်ကောက်ပြီး ပွဲမခေါ်လျှင် ခွင်ပျောက်ပြီလေ။

ထို့ကြောင့် ဒေါသတကြီးဖြင့်. . .

× × × × × ×





ထိုအဖြစ်ကို မသိသေးသော ကိုနံတို့ ဈေးရောင်း ကောင်းပြီး ပျော်နေ၏။

"ငါတို့ မခင်သန်းကြည်တို့လို မလုပ်ဘဲ ဒီလို ဈေးရောင်းစားလဲ ရတာပဲကိုနော"

"မင်းပြောတာ ဟုတ်တော့ဟုတ်တယ်။ ဈေးရောင်းတာက ကြာရင် ပင်ပန်းမယ်ကွ"

"ဟုတ်တော့လဲ ဟုတ်တယ်ကွ။ မခင်သန်းကြည်ပဲ ကြည့်စမ်း၊ ထိုင်နေရုံနဲ့ စားပြီးသောက်ပြီး သုံးထောင် မြတ်နေပြီ"

ကိုနံက ပလက်ဖောင်းအလည် တင့်တယ်စွာ ထိုင်နေသော ခင်သန်းကြည်ကို ငေးကြည့်နေသည်။ အို ကြည့်စမ်း. . . ဟိုးခပ် ဝေးဝေးဆီမှာ ကမ္ဘာကြီးကို မှိုင်းညို့စေလောက်တဲ့ အလှတရားရှိရဲ့။ ဒီလိုရာသီနဲ့ မကိုက်ညီမှန်းသိတောင် ပွင့်ရဲတဲ့ပန်းတစ်ပွင့်အတွက် မေတ္တာသုတ်အလွတ်ကျက်နေမိ။ ဖြစ်နိုင်ရင်လေ ကောင်းကင်နဲ့ မြေကြီးကြား အလှတရားဆိုတာ မင်းတစ်ယောက်တည်းပါလို့ ငါလက်ညှိုးပိန်ပိန် စွတ်စက် ထိုးလိုက်ချင်ပါရဲ့။

ဤသို့ ချစ်ရပါသော မခင်သန်းကြည်။

ကိုနံ ဖိးလ်လို့ကောင်းတုန်း။ ထိုစဉ်မှာပင်.

"ဟေ့ကောင်တွေ မင်းတို့ဘာလုပ်တာလဲကွ"

အော်သံကြားလို့ ကြည့်တော့ သူတို့ရဲ့ အလုပ်သမားခေါင်း ဦးဖြားကြီး။ သူတို့ထံ ဒေါသတကြီး ပြေးလာ၏။ ဦးဖြားကြီးမြင်တော့ ဝေကြီးမျက်နှာ ဖြုလိုက်ပြီး

"ဟာ၊ လေးဖြား ငုံးဥဝယ်စားမလို့လား၊ တစ်ထုပ် နှစ်ရာ၊ သုံးထုပ် ငါးရာ"

ဒါကို အလိုက်မသိသော ကိုနံကပါဝင်ပြီး

"မင်းကလဲကွာ တစ်ဝိုင်းထဲသားချင်းတွေ အလကား ကျွေးစမ်းပါ။ ရော့လေးဖြား ငုံးဥထုပ်"

ဦးဖြားကြီး မျက်နှာ မဲတက်လာသည်။ ကိုနံ ကမ်းပေးသော ငုံးဥပြုတ်ထုပ်ကို ဆွဲယူကာ လမ်းမပေါ် ဖောင်းခနဲ ပစ်ချလိုက်သည်။

"ဟေ့ကောင်၊ မင်းတို့ဆီ ငါလာတာ ငုံးဥစားဖို့ မဟုတ်ဘူးကွ"

"ဒါဆို ရေသောက်ဖို့လား"

"ရေသောက်ဖို့လဲ မဟုတ်ဘူး၊ မင်းတို့ကို ဒီမှာ ငုံးဥမရောင်းဖို့ လာပြောတာ"

ဦးဖြားကြီးရဲ့အသံကျယ်ကျယ်ကြောင့် ကား ပေါ်ကလူတွေရော ဖြတ်သွားဖြတ်လာတွေပါ စိတ်ဝင် စားကုန်၏။ ဦးဖြားကြီးက လက်ပတ်နှင့် ခေါင်းစည်း ကြီးနဲ့ကိုး။

ဒါကို ကိုနံက သူ့ငုံးဥထုပ်လေး သူပြန်ပြေး ကောက်ပြီး

"အာ၊ လေးဖြားကလဲ၊ ကျွန်တော်တို့ လေးဖြားတို့ကို ဘာနှောင့်ယှက်လို့လဲ။ ကျွန်တော်တို့ ကိုယ့် စရိတ်နဲ့ကိုယ် ငုံးဥရောင်းတာ"

"အဲဒီငုံးဥရောင်းတာ သောက်ပြဿနာကွ၊ သောက် ပြဿနာ"





လေးဖြားကြီး အော်သံကြောင့် ပလက်ဖောင်း နံဘေးထိုင်နေသော မခင်သန်းတို့လို ဂယောင်များကလဲ လူအာရုံစိုက်နေပြီဆို ပျော်လို့လား မသိ၊ ခေါင်းစည်းတွေ လက်ပတ်တွေနှင့် ပြေးဝင်လာကြသည်။

"ဟဲ့၊ ဒီနေရာ မရောင်းနဲ့ဆို မရောင်းနဲ့ပေါ့။ နင်တို့လုပ်တာနဲ့ ငါတို့ အလုပ်ပျက်တယ်"

ဒီတစ်ခါ ကိုနံကလဲ မလျှော့. .

"ဟာ၊ မခင်သန်းကလဲ၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ငုံးဥလေး ရောင်းနေတာကို လာပြီး"

"ဟေ့ကောင်တွေ ပြောလို့မရဘူးလား"

လူစုစုနှင့် အော်သံတွေ ဆူညံလာတော့ ဖြတ်သွား ဖြတ်လာတွေရဲ့ တယ်လီဖုန်းတွေ ပွင့်လာ၏။ ထူးထူး ဆန်းဆန်း အနေအထားမို့ တချို့ကလဲ ဓာတ်ပုံရိုက်ကြ သည်။ တချို့ကလဲ Live လွှင့်ကြပြီ။

"ကျွန်တော်တို့ ကောင်းရောင်းကောင်းဝယ်"

"အာ၊ ဒီလောက်ပြောမရတဲ့ကောင်၊ ကဲကွာ"

ဦးဖြားကြီးက ကိုနံလက်ထဲက ငုံးဥပြုတ်အထုပ်ကို ဆွဲယူ၍ ကတ္တရာလမ်းပေါ် ဒေါသတကြီး ပစ်ပေါက် လိုက်သည်။ ဒါကို ဘယ်အချိန်ထဲက လက်ယားနေမှန်း မသိသော မခင်သန်းက

"အင်းဟာ၊ အင်းဟာ"

မြည်သံပေး၍ ပါးနှစ်ချက်ဝင်ချသည်။ ကိုနံ လူက ပိန်ကလေးမို့ လမ်းမပေါ် ခွေခနဲကျသည်။ အခြေအနေ မဟန်မှန်းသိတော့ ဝေကြီးထွက်ပြေးပြီ။

ဦးဖြားကြီးက ခွေလဲနေသော ကိုနံရဲ့နံကြားကို ဆောင့်ကန်ပြီး

"မင်းထွက်မသွားရင် ဒီထက်နာမယ်"

ကိုနံ့ခမျာ ဘာမှမပြောနိုင်၊ ပျံ့ကျဲနေသော ငုံးဥပြုတ်ကလေးများကို တစ်စစီလိုက်ကောက်နေရလေသည်။ ဘာမှလဲမပြောရဲ။ ပြန်လဲမလုပ်ရဲ။ ဒီလူအုပ်ရဲ့ လက်ကျလက်နကို သိတာကိုး။

လမ်းမပေါ် ပျံ့ကျဲနေသော ငုံးဥများကိုသာ ဖြည်းဖြည်းခြင်းကောက်နေမိရှာသည်။

သိပ်မကြာပါ။ ထိုသတင်းများ Facebook ပေါ်တက်လာလေတော့သည်။

× × × × × ×





ကိုနံ့ကြေကွဲနေသည်။

သူ့ခမျာ စိတ်ပါလက်ပါလေး ကောင်းရောင်း ကောင်းဝယ်လုပ်စားကာမှ မဆီမဆိုင် မောင်းထုတ်ခံရ သည့်အပြင် ချစ်ချစ်ကပါပါးနှစ်ချက်ချသွားတာဆိုတော့ ကြေကွဲပြီပေါ့။

ခုတော့ အရက်ဆိုင်မှာ တစ်ယောက်တည်း ငေါင်းစင်းစင်း။

"ကိုကြက်ကြီး စဉ်းစားကြည့်ဗျာ"

ကိုနံ့အသံက ငိုသံစွက်နေသည်။ ဆိုင်ရှင် ကိုကြက်ကြီးကအကျႌကြီးချွတ်ပြီး ငုတ်တုတ်ထိုင် ယင် ကောင် မောင်းနေသည်။ ကိုကြက်ကြီးဆိုသူကလဲ ခေလှသူမဟုတ်။ သူက အဆိုတော်ထူးအိမ်သင် ခရေဇီ။ ထူးအိမ်သင်က ကိုငှက်ဆိုတော့ သူ့နာမည်ကိုထူးအိမ်သင်နဲ့ဆင်အောင် "ကိုကြက်" ဆိုပြီး နာမည်ပေးခဲ့ ခြင်းဖြစ်၏။ သူ့မိန်းမ မချဉ်စုခေါကတော့ အနောက်မှာ ကန်စွန်းရွက်တွေဆေးနေ၏။ အောင်မာ သူတို့ နှစ်ယောက်က အဆို ကောင်း ခင်ဗျ။ ရပ်ကွက်ထဲ အောင်ခြင်းရှစ်ပါးဆိုတိုင်း သူတို့ကို ငှားရတာ။

"ကိုကြက်ကြီးရာ၊ ကျုပ်ဘာသာကျုပ် ကောင်းရောင်းကောင်းဝယ် လမ်းလေးခွမှာ ငုံးဥလေးရောင်းတာ။ သူတို့စီးပွားရေးကို ဘယ်လိုတုတ်နဲ့ထိုးမိလို့လဲ၊ ခုတော့ဗျာ ရွှတ်"

ကိုနံ့က ပြန်ကောက်လာသော ငုံးဥများကို ဖောက်စားလိုက်သည်။

"ဒီကြားထဲ မခင်သန်းက ပြေးလာပြီး သူ့လက်မောင်းအတုတ်ကြီးနဲ့ ကျုပ်ပါးကို ဖြန်းခနဲ ဖြန်းခနဲ ချတာဗျာ။ ကျုပ်ဆိုခွေလဲသွားတာ။ ပါးကမနာပါဘူးဗျာ။ အသည်းကနာတာပါ၊ ကျွတ်ကျွတ် ကျွတ်"

ကိုနံ့က မရှိသည့် သူ့ရင်ဘတ်သူပုတ်ပီး ပြော သည်။ ကိုကြက်က ကြားလား မကြားလားမသိ။ ကိုကြက်က နားလည်း

နည်းနည်းလေးသည်။ သူမိန်းမ ချဥ်စုခေါ်ဆို လုံးဝကို မကြားသလောက်ပဲ။ သို့သော် ကလေးများက သူတို့ရှေ့သွားပြီး

"အသားလဲမဲတယ်၊ သွားခေါ်တယ်၊ အီးယား အီးယားယို"ဆို မြောက်ပြောတယ်မှတ်ပြီး ကွေးနေ အောင် ကသေး၏။ အနုပညာပိုးက မသေး။

"ဒီငုံးဥလေး ရောင်းမိတာ ကျွန်တော်မှားသလား ကိုကြက်ရာ။ ကျွန်တော့်ဘဝလေး တော်တည့် မှန်ကန် အောင်"

ထိုစဉ်မှာပင်. . .

"ဟာ၊ နောင်ကြီး၊ နောင်ကြီး"

ခေါ်သံနှင့်အတူ အလောတကြီးပြေးဝင်လာသော ဝေကြီး။ ဝေကြီးက သူ့ထံပြေးလာပြီး

"ဟာ၊ ဒီကောင်ဘယ်လိုဖြစ်နေတာလဲ၊ နည်းနည်း သပ်ရပ်အောင်နေစမ်း"

ဆိုကာ ခေါင်းကိုင်ပခုံးကိုင် လာလုပ်နေတော့ ကိုနံတင်း သွားသည်။

"ဟေ့ကောင်၊ အခုမှ မင်းဘာမှလာလုပ်နေစရာ မလိုဘူး။ ပြဿနာဖြစ်တုန်းက ထွက်ပြေးသွားပြီး ဖယ်စမ်းကွာ"

ဆိုကာ တွန်းထုတ်တော့ ဝေကြီးက

"ဟေ့ကောင်၊ ငါအရေးကြီးစကားပြောစရာရှိလို့၊ မင်းတော့ထောပြီ"

ဝေကြီးစကားကြောင့် ကိုနံမျက်မှောင်ကျုံ့သွား၏။ နောက်မှ သတိရပြီး

"ဟေ့ကောင်၊ ငုံးဥတွေအကုန်ဆုံးသွားလို့ တင်းနေ တာနော်၊ လာမနောက်နဲ့"

ဝေကြီး ကိုနံနားပြေးသွားပြန်ကာ ဆံပင်များ၊ အကျႌများကို





သပ်ပေးရင်း

"တကယ်ပြောတာကွ၊ မင်းသေချာပေါက် ထီ ပေါက်ပြီ"

ကိုနံက အတင်းရုန်းရင်း。

"မင်းဘာတွေ လာပြောနေတာလဲကွ၊ လူက ညစ်နေတာနော်"

"ငါပြောတာ အသေအချာနားထောင်"

ဝေကြီး ကိုနံပခုံးကို ဆွဲပြီး အသေအချာ ပြောသည်။

"မင်း ငုံးဥတွေ ဦးဗြားကြီးတို့ယူပြီး လွှင့်ပစ် လိုက်တယ် မဟုတ်လား"

"အေးလေ၊ မင်းလဲတွေ့တာပဲ"

"အဲဒါကို လူတွေက တယ်လီဖုန်းနဲ့ပုံတွေရိုက်ပြီး ဖေ့စ်ဖုတ်ပေါ်ဆိုလား တင်လိုက်တာ။ အခုဆို ကြည့်တဲ့ သူတိုင်း ငုံးဥသည်ကို သနားလို့တဲ့ လှူချင်ကြတာ။ အခုတောင် ပရဟိတ အဖွဲ့တွေ မင်းကို လိုက်ရှာရင်း ရပ်ကွက်ထိပ် ရောက်နေပြီ"

"ဗဟာ"

ကိုနံ ထခုန်သွားသည်။ ဒါကို ဝေကြီးက

"မင်းတော့ထောပြီ၊ ဟေ့ကောင်၊ မင်း ဦးပြောင် ရှင်းလို ဖြစ်ပြီ"

"ဟာ"

ကိုနံ မျက်လုံးပြူးသွားသည်။ ဒါမျိုးအရင်က ဦးပြောင်ရှင်းကြီး တစ်ခါဖြစ်ဖူးသည်။ ဦးပြောင်ရှင်း ဆိုသည်မှာ အရင်တုန်းက သူတို့နှင့်အတူပင်။ သံတွေ၊ ရေသန့်ဘူးတွေဝယ်လိုက်၊ ကွမ်းယာ စီးကရက်ရောင်းလိုက်၊ လည်သလို လုပ်စားနေသူဖြစ်သည်။ တစ်နေ့ ကံကောင်း ချင်တော့ ဦးပြောင်ရှင်း ဈေးရောင်းသည့် ပေါင်မုန့် တောင်းကြီးချပြီး ထိုင်နေစဉ် မည်သူက မည်သို့ ဓာတ်ပုံရိုက်

သွားသည်မသိ။ ထိုခါတ်ပုံမှာ နာမည်ကြီးပြီး အလှူငွေ အတော်များများရကာ ယခုဆို ဘဝပင် ပြောင်းနေပြီ။ တစ်ခါကလဲ ခွေးတွေအကြောင်းနှင့် အတော်ပွဖူးသည်ဆို၏။

"အဲဒါ၊ မင်းကို လာတွေ့နေကြပြီဟေ့ကောင်"

"ဟာ"

ကိုနံ ပြာပြာသလဲဖြစ်သွားသည်။ ခြေမကိုင်မိ လက်မကိုင်မိတွေဖြစ်နေသည်။ ဒီလိုကိစ္စမျိုး တစ်ခါတလေ ရုပ်ရှင်မင်းသားမင်းသမီးတွေ ကိုယ်တိုင် ရောက်လာ တတ်သည်ကိုး။

"အဲဒါ ဘယ်လိုလုပ်ရ"

"မင်းအိမ်ကို အမြန်ပြေးပြီး ခွေနေ၊ ငါသူတို့ကို လှည့်ခေါ်ခဲ့မယ်။ ဟေ့ကောင် ပီပြင်ပစေနော်"

"အေး၊ စိတ်ချ။ ငါဒိုးပြီ ဟေ့ကောင်၊ မင်းရအောင်ခေါ်ခဲ့နော်။ ဖြတ်မခုတ်နဲ့"

"စိတ်ချပါကွာ၊ ဒါမင်းပဲရမှာ ပြေးပြေး"

"ပြေးပြီ ငါ့ကောင်ရေ့"

ကိုနံ လှစ်ခနဲပြေးထွက်လာသည်။

သူ၏ ရင်ထဲ တလှပ်လှပ်၊ မြန်မာများ တစ်ခါ သနားလျှင် တစ်သက်စာလဲဖြစ်သွားနိုင်သည်ကိုး။ ကိုနံ၏ ခြေလှမ်းများက ပေါ့ပါးသွက်လက်နေသည်။ မြေပြင်နှင့် ခြေဖျားမထိလောက်အောင် ပေါ့ပါးနေသည်။ သူ့ဘဝ ဘာတွေဘယ်လိုဖြစ်ကုန်မလဲ သူရင်ခုန်စွာ သိချင်နေမိ သည်။ ခြေလှမ်းကို ပိုသွက်၍

× × × × × ×





အိမ်ကို ရောက်သည်နှင့် ကိုနံ ခြေလက်များ ရေဆေးလိုက်သည်။ မျက်နှာက အဆီပျံနေ၍မဖြစ်။ နောက် အိမ်ဒေါင့်တွင်ရှိသော အဝတ်ပုံမှ အလတ်ဆုံး အကျီတစ်ထည်ကို ကောက်ယူပြီး ကြယ်သီးကို မညီမညာတပ်လိုက်သည်။ အသေအချာညီညာနေ၍ မဖြစ်။ ဒါမှ ဖရိုဖရဲဖြစ်မှာ။ နောက်ပြဲပြီးသား အိမ်ထရံများကို အနည်းငယ်ထပ်ဖြဲလိုက်သည်။ ပြီးနောက် အိမ်ပေါက်ဝကို ကျောပေး၍ ခွေခွေလေး အိပ်နေလိုက် သည်။

သူ၏ စိတ်ကူးများ အရာရာလင်းနေသည်။ ထရံပေါက်မှ ဖြာကျနေသော နေရောင်ကလင်းနေ သည်။ စိတ်ကူးထဲ အတွေးသစ်ပင်များက လင်းနေသည်။ ရောင်းခဲ့ဖူးသော ငုံးဥပြုတ်လဲ လင်းနေသည်။ ယုတ်စွအဆုံး မဲမဲညစ်ညစ် ခင်သန်းကြည်ကပင် လင်းပနေပေ၏။

× × × × × ×

"ဒေါက် ဒေါက် ဒေါက်"

"နောင်ကြီးရေ၊ နောင်ကြီး"

မရှိသော တံခါးကို ခေါက်ပြီး အော်ခေါ် လိုက်သော ဝေကြီးအသံကြား၍ ကိုနံ ရင်လှိုက်ခနဲ ခုန် အောင် ပျော်သွား၏။ နောက်မှာ မသိချင်ယောင် ဆောင်ပြီး

"ဟေ၊ ဘယ်သူတုန်း"

"ဝေကြီးပါ အစ်ကို၊ ဒီမှာ အစ်ကို့ကို လူတွေက တွေ့ချင်လို့တဲ့"

"ဟေ၊ ဘာကိစ္စတုန်း"

ဆိုကာ နောင်ကြီးဖြည်းညင်းစွာ ထပြီး အပေါက်ဝ ဖက်လှည့်လိုက်သည်။ အိမ်ပေါက်ဝတွင် ခပ်သန့်သန့် လူရွယ်သုံးလေး ယောက် မြင်တော့ နောင်ကြီး ထိပေါက်ပြီမှန်းသိသည်။ သို့သော် ပျော်ရွှင်နေသော စိတ်ကို မြိုသိပ်၍ ကြမ်းပြင်ပေါ် လက်တစ်ဖက်ထောက် ခန္ဓာကိုယ်ကို ခပ်ရွဲ့ရွဲ့ မှီထားသည်။ အကျီကြယ်သီးကလဲ မညီမညာဖရိုဖရဲ တကယ့်သနားကမား။

"ဘာကိစ္စတုန်း သားတို့ရယ်"

"ငုံးဥရောင်းတဲ့ ဦးလေးနော်"

နောင်ကြီး ဝမ်းသာနေသော်လည်း အခြေအနေ အရ ငိုမဲ့မဲ့လုပ်ပြီး

"ကံထပ်ဆိုးပြန်ပြီလား လူလေးတို့ရယ်၊ ဦးလေးက ငုံးဥပြုတ်လေး ရိုးရိုးသားသား ရောင်းစားတာပါ။ ဦးလေးမှာ ဆီးချိုရောဂါလဲ ရှိပါတယ်လူလေးတို့ရယ်၊ အဟင့်"

လူရွယ်များ အိမ်ပေါ်တက်လာပြီး

"ကျွန်တော်တို့ အခုလာတာ ဦးလေးကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ကူညီဖို့ရောက်လာတာပါ"





နောင်ကြီးဝမ်းသာစိတ်ဖြင့် ကျလိကျလိ ဖြစ်နေသည်။ သို့သော် မျက်နှာကို အိုချပြီး

"ဒုက္ခမပေးရင် တော်ပါပြီကွယ်၊ ငုံးဥပြုတ်လေး ရောင်းတာ နှစ်နှစ်ဆယ်ရှိပါပြီသားရယ်"

အမှန်တော့ နှစ်ရက်တောင် မပြည့်သေး။

"ဦးလေးနဲ့ အဲဒီသပိတ်အဖွဲ့ အရင်ရန်ညိုးရန်စ ရှိလို့လား"

"ဦးလေး ခြေကိုင်ကျိန်ပြောရဲပါတယ်ကွယ်။ သူတို့ကို တစ်ခါမှလဲ မမြင်ဖူးပါဘူး။ ဦလေး ဆင်းရဲ လွန်းလို့ ငုံးဥလေးပဲ ရောင်းစားနေတာပါ"

အမှန်တော့ ဦးပြားကြီးအပါအဝင် တစ်ဝိုင်းလုံးက ဆန္ဒပြတဲ့ဆီရောက်နေကြတာကိုး။ နောက်မဟုတ်ရင် အလိမ်ပေါ်မည်။ ဘယ်သူမှ ရှိမနေတာ ကံကောင်း။

"အေးလေ၊ ရှေးဘဝကကုသိုလ်ပေ့ါ၊ ခံရမည့် ကံဇာတာပါရင် ခံရမှာပေါ့၊ တရားသဘောပါပဲလေ။ အဟွတ် အဟွတ်"

ကိုနံ အိုက်တင်လဲရသည်။ ရောက်လာသော လူငယ်များ ကိုနံကို ကြည့်၍ ပိုသနားသွားပုံရ၏။

"အခု ကျွန်တော်တို့လာတာ ဦးလေးရဲ့ဘဝကို စာနာလို့ ကူညီဖို့ရောက်လာတာပါ"

ကိုနံ ထကမိမတတ် ပီတိတွေဖြစ်နေ၏။ သို့သော် သူတို့ မရိပ်မိစေရန် နံဘေးနားက အဝတ်စုတ်လေး ဆွဲလိုက်၊ ထရံကလေး ချဲလိုက်လုပ်နေသည်။

"အခု ဦးလေးမှာ တယ်လီဖုန်းရှိလား"

ကိုနံ တံတွေး မျိုချနေရသည်။ ပြီးနောက် မျက်နှာလေးအိုပြီး

"ဘယ်ရှိပ့ါမလဲ လူလေးရယ်၊ အိမ်ကိုပဲ ကြည့်ပါလား"

သူ့စကားကို နံဘေးနားက ဝေကြီးကလဲ

"ဒီဘဲကြီး သိပ်ရိုးတာ၊ တယ်လီဖုန်းလဲ မကိုင်၊ မိသားစု တွေကလဲ ပစ်သွားတော့ ငုံးဥလေးပဲ ရောင်းစား နေရတာ။ ဒါတောင် ရှယ်ယာနဲ့ ရောင်းရတာ"

ဆိုပြီး ဝင်ပို့သည်။ ပို့တာတောင် သူ့ကို ရှယ်ယာ ပေးဖို့ သတိပေးရင်း ပို့သည်။ ကိုနံက အလိမ်ပေါ် မည် စိုး၍ ဝေကြီးကို မျက်စောင်းခဲသည်။

"ကဲ၊ ဒီမှာ ဦးလေးအတွက် တယ်လီဖုန်းကနှစ်လုံး၊ ဖုန်းကဒ်ကနှစ်ခု"

တယ်လီဖုန်း အသစ်နှစ်လုံးမြင်တော့ နောင်ကြီး ထကမိ မတတ် ဖြစ်နေ၏။ သို့သော် မျက်နှာကို အို ထားသည်။

"ဒီတယ်လီဖုန်းတွေက"

"ကျွန်တော်ကတစ်လုံး၊ နောက် သူငယ်ချင်း ကုမ္ပဏီတစ်ခုက တစ်လုံး"

ကိုနံ မျက်နှာကို အိုပြီး

"ဦးလေး ဖုန်းလဲ မသုံးတတ်ပါဘူးကွယ်"

တယ်လီဖုန်းတော့ လိုချင်သည်။ သို့သော် ပိုက်ဆံဆို ပိုကောင်းမည်မို့ ပြောရသည်။ ဒါကို ဘေးက ဝေကြီးက

"ဟာ နောင်ကြီးရာ၊ မင်းပဲ တလောက တယ်လီ ဖုန်းလေး လိုချင်လို့ဆို၊ ငါ့ကို ပြောပြီး"

ဝင်ပို့သည်။ ကိုနံကလဲ ထပ်ရလိုထပ်ရငြား

"အေးလေ၊ အခုက ဖုန်းဆက်ဖို့ထက်ကို အိမ်ပြင်ဖို့နဲ့၊ ငါ့ဆီးချိုရောဂါလေး ကုဖို့ ပိုအရေးကြီးနေလို့ ပါကွာ. . ဟင်း"

သူ့စကားကို လာတွေ့သော ဧည့်သည်များက လက်ကာပြပြီး

"အဲဒီအတွက် မပူနဲ့၊ အိမ်ပြင်ဖို့နဲ့ ဆေးကုဖို့က သုံးသိန်းသီးသန့်လျှမှာ ရှိတယ်"





"သုံး သုံး သုံးသိန်း"

ကိုနံ ရှိုစုမဲ့စု မျက်လုံးအရောင်လက်မတတ် ဖြစ်နေ သည်။ ဝေကြီးကလဲ မြေပြင်ပေါ် ကျွမ်းထိုးရန် ပြင်နေပြီ။

"ကလင် ကလင် ကလင်"

ပြောနေရင်းနှင့် လူငယ်၏ တယ်လီဖုန်း မြည်သံ ကြားရ၏။

"ဟယ်လို"

" × × ×"

"ဩော်၊ ဟုတ်ကဲ့ပေးလိုက်ပါ့မယ်"

" × × ×"

"ရပါတယ်၊ ကျွန်တော်စိုက်ထားပေးပါ့မယ်။ ဟုတ်တယ်၊ အခုရောက်နေတာ၊ ဒါပဲနော်"

လူငယ် တယ်လီဖုန်းကို ပြန်ချပြီး

"ကဲ အခုပဲ ပါတီဝင် အစ်မကြီးတွေက ငါးသောင်းတဲ့ ထပ်ပေးပြီ။ အိမ်ပြင်တာဆေးကုတာတွေ မပူနဲ့၊ ဦးလေးနဲ့ ကျွန်တော်ဓာတ်ပုံတွဲရိုက်ပြီး ခေန ဘာသသု ပေါ်တင်လိုက်ရင် ထပ်လာဦးမှာ"

ကိုနံ ထကချင်စိတ်ကို မနည်းမြိုသိပ်နေရသည်။ ထကမိမှာစိုးလို့ လက်ကို အနောက်မှာထိုးပြီး လှန်ချိုး ထားရသည်။ ဝေကြီးကြည့်တော့လဲ ဂနာမငြိမ်ဖြစ်နေပြီ။ သူတို့တစ်သက်တာ မမျှော်မှန်းဖူးတဲ့ ငွေအမောင့်ကိုး။

"ဦးလေးမှာ Facebook အကောင့်ရှိလား"

"တယ်လီဖုန်းတောင် ခုမှမြင်ဖူးတာ။ အဲဒါတွေ ဘယ်ရှိပါ့မလဲ"

လူငယ်ကရယ်ပြီး. . .

"ဩော်. . . ဟုတ်ပြီ အကောင့်တစ်ခု ကျွန်တော် ဖွင့်ပေးခဲ့မယ်။ အကောင့်နာမည် ဘယ်လိုပေးမလဲ"

ကိုနံ လူငယ်ပြောသမျှ ဘာတစ်ခုမှ နားမလည်။ သို့သော် ပြီးပြီးရော သဘောဖြင့်

"လူမသန် ကိုနံ"

လူရွယ်က ပြန်ကြည့်သည်။ ပြီးနောက် တယ်လီဖုန်းပေါ် တဒေါက်ဒေါက်ရိုက်ပြီး "လူမသန် ကိုနံ" (ငုံးဥပြုတ်)ပေါ့ဗျာ"

သူ့ဖာသာသူ လုပ်နေသည်။ အနည်းငယ် ကြာတော့. .

"ကဲ ရပါပြီ၊ လာဦး၊ ကျွန်တော်နဲ့ တွဲပြီး ဓာတ်ပုံရိုက်ရအောင်"

'ဖြတ်၊ ဖြတ်"

တယ်လီဖုန်းဖြင့်ပင် ဓာတ်ပုံရိုက်လိုက်သည်။ ပြီးနောက် ဖုန်းပေါ် တဒေါက်ဒေါက်လုပ်ရင်း

"ကဲ၊ ရပါပြီ၊ ဒီမှာနော် ဦးလေးအကောင့်"

ဆိုကာ တယ်လီဖုန်းကို ပြသည်။ ဖုန်းပေါ်တွင် ကိုနံရုပ်နှင့်

"လူမသန် ကိုနံ (ငုံးဥပြုတ်)"

အကောင့်က အထင်းသား။ လူရွယ်က ကိုနံကို Face book သုံးပုံ အသေးစိတ်ရှင်းပြသည်။

"ဒါက ဒီလို။ ဓာတ်ပုံတင်ချင်ဒီလို။ စာရိုက်တော့ ဒီမှာ"

စသည်ဖြင့်၊ ချက်ချင်း ကိုနံ နားလည်သွားသည်။

"ဒီတစ်လုံးကရပြီ နောက်တစ်လုံးလဲ အကောင့် ထပ် ဖွင့်ချင် ဖွင့်လို့ရသေးတယ်။ ဖွင့်ဦးမလား"

ကိုနံ ခေါင်းညိတ်သည်။

"ဘယ်နာမည်နဲ့ ဖွင့်ချင်လဲ"

လူရွယ်အမေး ကိုနံဘေးနားက ဝေကြီးက အားရ ဝမ်းသာဖြင့်

"ဝေကြီးပေါ့ကွာ၊ မင်းအချစ်ဆုံးသူငယ်ချင်းဆိုလို့ ဝေကြီးပဲရှိတာ"

ဆိုပြီး ရလိုရငြားထအော်သည်။ ကိုနံက မျက်လုံးလေး ကလယ်ကလယ်လုပ်ပြီး





"ဟိုလေ၊ ခင်သန်းကြည်"

"ခင်သန်းကြည်"

လူရွယ်က မိန်းမနာမည်ဖြစ်နေ၍ မျက်မှောင် ကျုံ့ရင်း ပြန်ကြည့်သည်။ ဝေကြီးက ကြိတ်ပြီး တောက်ခေါက်သည်။ အမှန်တော့ သူ့ကို ပေးသင့်သည်ကိုး။ ငုံးဥရောင်းတော့ အတူတူ၊ ရန်ရှာခံရ အတူတူဖြစ်ခဲ့ပြီး တကယ်တမ်းခွဲတမ်းပေးမယ်ဆိုမှ သူ့ကို ပါးချခဲ့သည့် ခင်သန်းကြည်ကြီးကို ပေးချလိုက်တာကိုး။

စိတ်ထဲတွင်တော့ ကိုနံကို သစ္စာဖောက် လောက် ကောင်အဖြစ် မြင်လာ၏။

"ခင်သန်းကြည် ဒီမှာရပြီ"

လူရွယ်က ကိုနံကို တယ်လီဖုန်းကိစ္စ အားလုံး အဆင်ပြေ အောင်လုပ်ပေးသည်။ အားလုံးပြီးတော့မှ

"ကဲ၊ ဒါကတော့ ထောက်ပံ့ငွေ သုံးသိန်း. . ညီလေး ဓာတ်ပုံရိုက်ပေး"

ငွေ ကမ်းပေးသည်။ ဓာတ်ပုံတဖြတ်ဖြတ် ရိုက်သည်။ ကိုနံလက်တို့ တုန်ရင်နေသည်။

ဝမ်းသာလွန်းနေသည်ကိုး။ ဝေကြီးဆို နံဘေးနား ကုန်းကုန်းကြီးကို ဖြစ်နေပြီ။ ခွေးငတ်ကြီး ဖိနပ်ပြုတ် မြင်သည့်အတိုင်း သားရည်တမြမြ။ ကိုနံကပင် မျက်စ မျက်နနှင့် သတိပြန်ပေးနေရသည်။

"ကဲ၊ ရပြီနော်"

"ဟိုလေ"

လူငယ်စကားကို ကိုနံက ဖြတ်ပြောသည်။

"ပြော၊ ဘာပြောစရာလို့လဲ"

ကိုနံက ဖြခနဲ ရယ်လိုက်ပြီး. .

"ခုနက ပါတီဝင်တွေပေးသေးတဲ့ ငါးသောင်း

မပါသေးဘူးလားလို့၊ အဟီး"

လူငယ်မျက်နှာ အနည်းငယ်ပျက်သွားသည်။ ကိုနံက အရှက်မရှိ ထတောင်းတာကိုး။

ထို့ကြောင့် သူ့အိတ် သူနှိုက်ပြီး

"ဪ၊ ဟုတ်ပါပြီ၊ ရပါပြီ၊ ဒီမှာ ငါးသောင်း"

ဆိုကာ ငါးသောင်းထပ်နှိုက်ပေးသည်။ နောက် သူ့အိတ်ထဲက ကဒ်တစ်ခုထုတ်ပေးပြီး

"ဒီမှာ ကျွန်တော့်ကဒ်၊ ဦးလေးကို သူတို့ ရန်လာရှာ တာတို့ ဘာတို့လုပ်ရင် ဖုန်းဆက်လိုက်၊ ကဲ. . ကျွန်တော် တို့သွားမယ်"

"ကျေး၊ ကျေးဇူးပါ ညီလေးတို့ရယ်"

လာထောက်ပံ့သော လူငယ်များ အိမ်ပေါ်က ဆင်းသွားသည်။ နောင်ကြီးနှင့် ဝေကြီးမှာ တုတ်တုတ် မျှ မလှုပ်သေး။ ဝမ်းသာစိတ်ကို မြိုသိပ်၍ မျက်နှာသေ ကလေးနှင့် ထိုင်နေကြသည်။ သူတို့ ခပ်ဝေးဝေး ရောက်မှ

"ဟေး"

"ရဟူး"

မြည်သံပေး ထခုန်ကာ ကျွမ်းထိုးကြပါတော့သည်။

"ထောပြီကွ၊ ထောပြီ"

"သူဌေးဖြစ်ပြီကွ"

ရှစ်ပေပင်မပြည့်တတ်သော အိမ်ကလေးမှာ ယိမ်းခါနေသည်။ ဒီကြားထဲ ဝေကြီးက. .

"ဟေ့ကောင်၊ ငါ့ကိုလဲ ပေးနော်"

ဆိုကာ ပိုက်ဆံဝင်လုသည်။ ကိုနံက ပတ်ပြေးရင်း

"ဟေ့ကောင် ဘာလုပ်တာလဲ၊ ပေးမှာပေါ့"

"ပျော်လို့ပါကွာ၊ ငါကျွမ်းထိုးပါရစေဦး"





ဟုဆိုကာ တဝုန်းဝုန်းနဲ့ ကျွမ်းထိုးနေသည်။

"မင်းက တယ်လီဖုန်းကျ ငါ့ကို မပေးဘူး"

"အာ၊ မင်းကလဲ ခင်သန်းကြည်က ကျေးဇူး ရှိတယ်ကွ"

ဝေကြီး မျက်မှောင်ကျုံ့ကြည့်ပြီး

"ဒီလောက် လူလည်ခေါင် ပါးချခဲ့တာ ဘယ်နှယ့် ကျေးဇူးရှိသွားတာတုန်း"

ကိုနံ ခုန်ဆွခုန်ဆွလုပ်ပြီး

"ဟာ၊ သူပါးချလိုက်လို့ဒါတွေရတာပေါ့ကွ၊ နို့မို့ဆိုရမှာမဟုတ်ဘူး"

ထိုတော့မှ ဝေကြီးလဲ သဘောပေါက်သွားပြီး

"အေး၊ ဟုတ်တယ်ကွ၊ နေပါဦး၊ ငါကျွမ်းထိုး လိုက်ဦးမယ်"

ဆိုကာ ဂျွမ်းကြီးလိုမ့်ထိုးနေလေရာ

"ကလစ်"

"ဟာ"

အိမ်တိုင်များဆီမှ မြည်သံ၊ နှစ်ယောက်သား ကျွမ်းထိုးနေရာမှ ကြောင်သွားသည်။ နောက်

"ဝုန်း"

ဆိုသော မြည်သံနှင့်အတူ

"ဟာ၊ အိမ်ပြိုပြီဟ"

"အုန်း"

နှစ်ယောက်သား မြေပြင်ပေါ် ဒလိမ့်ခေါက်ကွေး ပြုတ်ကျကုန်၏။ အိမ်က အစကတည်းက ယိုင်နဲ့ နဲ့လေ။ ဒါကို သူတို့နှစ်ယောက် ထခုန်တော့ မခံနိုင်တော့ဘူး ထင်ပ့ါ။ မြေပြင်သို့ ပြိုကျရာပြီ။ ထိုတော့မှ လေးဖက်ထောက် လျက်သားနှင့် တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်သည်။ ပြီးနောက် အပြင်ဖက်ကို ငေ့ကြည့် လိုက်ရာ.

"ဟာ"

"ဟင်၊ ဘာကြီးလဲ"

နှစ်ယောက်သား လန့်ပြီး ထအော်မိသည်။

"ဟာ၊ သွားပြီ"

အပြင်ဖက်မှာ ခုနက သူတို့ကို ငွေကြေးလာ ထောက်ပံ့သော လူငယ်။ ထိုလူငယ်ကလဲ သူတို့ကို ကြောင်ပြီး ကြည့်နေသည်။ အတန်ကြာမှ တစ်နေရာကို လက်ညိုးထိုးရင်း. .

"ကျွန်တော့် တယ်လီဖုန်းကျန်ခဲ့လို့"

နှစ်ယောက်လုံး လေးဖက်ထောက်လျက်သားနှင့် တယ်လီဖုန်းရှိရာလှမ်းကြည့်မိကြသည်။

× × × × × ×





အလုပ်မရှိသောနေ့မို့ မခင်သန်းဈေးကပြန်ပြီး သူနေသော တဲရှေ့တရေးတမော အိပ်စက်နေသည်။

အလုပ်မရှိသော နေ့များ၌ မခင်သန်းကြည်တို့ တခြားအလုပ် ထပ်လုပ်ရန် ဘယ်တုန်းကမှ စိတ်ကူး မယဉ်ခဲ့။ ပင်ပန်းလျှင် မရှင်လန်း မည်စိုး၍ ခင်သန်းတို့ အိပ်ယာကပင် မထ။ အထူးသဖြင့် နေ့ခင်းပိုင်း တရေးတမော အိပ်စက်ရခြင်းကို နှစ်သက်၏။ ဤနေ့၌လဲ ခါတိုင်း လိုပင် မခင်သန်း အိမ်ကပြင်မှာ နေရာယူ၍ စက်တော်ခေ၏။

အိပ်ပျော်ခါစမှာပင် မခင်သန်း မျက်နှာပေါ် ကျနေ သော နေရောင် ရုတ်တရက် ပျောက်ကွယ်သွား သယောင် ထင်ရသည်။ ထိုခနမှာပင်.

"ဟိတ်၊ မလွတ်စေနဲ့"

"ခြေထောက်ကို တစ်ယောက်ဖမ်း"

"မျက်နှာကို လှမ်းအုပ်"

အော်သံနှင့် အတူ မခင်သန်းအပေါ် ကျလာသော လက်များ။

အိပ်ပျော်ကာစအခြေအနေမို့ မခင်သန်း အငိုက်မိ သွားသည်။ သတိကြီးစွာ သူ ထရုန်းမည်ပြုတော့ မမီတော့။

"ဟာ၊ ဟာ၊ ဘာဖြစ်"

သူအော်၍ပင် မမီတော့။

သူ့မျက်နှာကို တစ်ခုခုနှင့် အုပ်ထားသည့် အပြင် လက်နှင့်ခြေများကို ကြိုးများဖြင့် အသေအချာ စည်းနှောင်ထားပြီးပြီ။

ခင်သန်းကြည် စိတ်ထဲ ထိတ်ခနဲဖြစ်သွား၏။ သူအငိုက်မိပြီး အဖမ်းခံရပြီ။ မျက်နှာကိုပါ အုပ်ပြီး ဖမ်းတာ ဆိုတော့ တော်ရုံအမှုမဟုတ်။ ဇောချွေးတွေ ထွက်ပြီး ဝူးဝူး ဝါးဝါးနှင့် ရုန်းကန်မည်အလုပ်

"ဟာ"

သူ့ခန္ဓာကိုယ်က ဗွေ့ခနဲ။ အော်လို့ မရအောင် 'မ' ပြေးပြီမှန်း

သူသိလိုက်ပြီ။ ဒါမျိုးက လျို့ဝှက် စစ်ဆင်ရေး တွေမှာသာ သုံးလေ့ရှိသော စနစ်။ မခင်သန်း အားကုန်သုံးပြီး ရုန်းကြည့်သည်။

"ဟင်. . သွားပြီ"

သူ ပိုအံ့အားသင့်သွားသည်။ သူ့ကို ဖမ်းဆီးသော နည်းမှာ အာဏာပိုင်များ ဖမ်းဆီးတတ်သော နည်းမျိုး မဟုတ်။ အာဏာပိုင်များ ဖမ်းဆီးပါက တင်းကြပ်သည်။ သို့သော် ညင်သာသည်။ ယခုဖမ်းဆီး နည်းက သူတို့လို လူအချင်းချင်း ဖမ်းဆည်းသောနည်း။ တင်းကြပ်သည်။ နာကျင်သည်။

အတွေ့အကြုံရင့်ကျက်သူမို့ သူချက်ချင်း ရိပ်မိ လိုက်သည်။

"သစ္စာဖောက်ခံလိုက်ရပြီ"

"ဘယ်သူချောက်တွန်းလိုက်ပြီလဲ"

သူ ထိတ်ခန့်။ ထိုသို့ သစ္စာဖောက်ခံရလျှင် လွယ်လှသည်တော့မဟုတ်။ အာဏာပိုင် လက်ထဲအပ် လျှင်လဲ အမှုကြီးသည်။ မအပ်လျှင် ပိုဆိုးသည်။ ဘယ်နား ဘယ်နားမှန်း မသိ၊ အထုထောင်းခံ၊ အကြိမ်း မောင်းခံရပြီး တစ်နေရာရာမှာ ပစ်သွားတတ်သည်ကိုး။

အခုလဲ သူခံရပြီလား။

ရင်ထဲ ထိတ်ခနဲ၊ ခြေလှမ်းတွေက ပြေးနေသည်။ သူရုန်းကန်ကြည့်သည်။ ဘယ်လိုမှမရ။ မျက်နှာ ကိုလဲ အုပ်ထားသည်မို့ ဘယ်သွားနေသည်ကို မမြင်ရ။ ဝူးဝူး ဝါးဝါးသာ အော်နေရရှာသည်။

သူ့ခန္ဓာကိုယ်ကို မြေပြင်ပေါ် ချလိုက်ကြသည်။ နောက်. . .

"ဟာ"

ချည်ထားသော ကြိုးများ ဖြုတ်ခနဲ ပြုတ်ကျ သွားသည်။ ခေါင်းကို အုပ်ထားသော ခေါင်းစွပ်ဖျတ်ခနဲ ကျွတ်သွားသည်။

"ဟင်"





မြင်မြင်ရခြင်း မခင်သန်းအနီးနား ဝေ့ကြည့်မိ သည်။ ဘယ်သူမှ ရှိမနေ။

သူရောက်နေတာက တောတန်းလေးတစ်ခု။ ဘယ်နေရာမှန်း သူဇဝေဇဝါ။

အောက်ကို ငုံ့ကြည့်လိုက်တော့

"အလို"

သူ့ခန္ဓာကိုယ်က ဖျာစုတ်တစ်ချပ်ပေါ်မှာ။ ထိုဖျာစုတ်မှာ ထုံးဖြူဖြူနှင့်ရေးထားသည်က

"ရှေ့သို့"

"အင်"

မခင်သန်း အံ့အားသင့်သွားသည်။ ဘေးဘီဝေ့ ကြည့်တော့ ဘာအရိပ်အယောင်မှ မတွေ့ရ။

"ဘယ်လို စစ်ဆင်ရေးလဲ"

သူ မဝေခွဲနိုင်။ ပြောသည့်အတိုင်း မလုပ်က ပိုအထောင်းခံရမည်။ ထို့ကြောင့် မရဲတရဲနှင့် ညွှန်ပြရာ အရှေ့ဖက်ဆက်သွားလိုက်တော့

"ဟာ"

တောထဲ ပိစပ်ပင်မှာ ချိတ်ထားသော အသဲပုံ ဓာတ်ဘောလုံး နှစ်လုံး။

ဓာတ်ဘောလုံးများ မြင်တော့ မခင်သန်းကြည် ကြည်နူး သွားသည်။ ပိစပ်ပင်ဆီ ပြေးသွားပြီး ချိတ် ထားသော ဓာတ်ဘောလုံးကို ဖြုတ်ယူလိုက်သည်။ ဒါ ဘာစစ်ဆင်ရေး မှန်းတော့သူမသိ။ တစ်ခါတခေါ ရာထူးတိုးလဲ ဤသို့လုပ်တတ်သည် မဟုတ်လော။ အောက်သို့ ငုံ့ကြည့်မိပြန်သည်။

"ရှေ့သို့"

မြေပြင်ပေါ် ထုံးဖြူဖြူနှင့် ရေးထားသော စာလုံးနှင့် မြှားတံကို

ထပ်မံတွေ့ရှိရပြန်သည်။ မခင်သန်း မြားပြ ထားသည့်အတိုင်း ဘောလုံးကလေး မြောက်ကာ မြောက်ကာနှင့် ခုန်ဆွခုန်ဆွသွားရာ. . .

"အို. . အမေ့"

ကုန်းဆင်းတစ်ခုကို မမြင်ဘဲ သူ့ကိုယ်လုံး ဖိုင့်ဖိုင့်ကြီး ဒလိမ့်ခေါက်ခွေးလိမ့်ကျသွားလေသည်။ သူ သူ့ခန္ဓာကိုယ်ကို ပြန်ထိန်းသေးသည်။ သို့သော် မမိတော့။

"ဟဲ့. . သေပဟ"

"ဒုံ၊ ဒုံ၊ ဒုံ"

မျက်နှာက မိအုပ်။ မိကို မျက်နှာအုပ်နှင့် သုံးလေး ချက်မျှ ငယ်ထိပ်နှင့် မြေကြီး၊ မြေကြီးနှင့် ဖင်လည်ပတ်ပြီး ကုန်းလျှောလေး တစ်ခုကို အလိုက်သင့် ကလေး လေးဘက် လှလှ ခွေးကျကျ၏။

"ရှိုး"

"ထွင်"

ခန္ဓာကိုယ်ကြီး မြေကြီးနှင့် အနည်းငယ်လျှောပြီး တစ်နေရာ တွင်ရပ်သည်။ လေးဖက်ကြီးနှင့် သူ့ မျက်နှာရှေ့တွင် အပြာရောင် ခတ်ဘောလုံး၊ အောက်ငုံ့ကြည့်တော့.

"ရောက်ပြီ"

"ဟင်"

ရေးထားသော စာသားကို ကြည့်ပြီး ခင်သန်းကြည် အံ့အားသင့်သွားသည်။ အနည်းငယ် ငေ့ကြည့် တော့ ဖျာတစ်ချပ်နှင့် ခတ်ဘောလုံးလေးလုံး၊ ဖျာချပ်အလယ် တည့်တည့်မှာမှ ပေါင်မုန့် အညိုတစ်ချပ်။ ထိုပေါင်မုန့်ပေါ် မီးထွန်းထားသော ဖယောင်းတိုင်နှင့်။

ထိုစဉ်ကြားလိုက်ရသော အသံများက

"ဟက်ပီးဘတ်ဒေး တူးယူ၊ ဟက်ပီးဘတ်ဒေး တူးယူ၊ ဟက်ပီးဘတ်ဒေး ခင်ကြည်သန်း"





ကြည့်လိုက်တော့ ပြုံးဖြဲဖြဲနှင့် လူမသန်ကိုနံ။ နံဘေးမှာက ဝေကြီးတို့ ဦးဖြားကြီးတို့။ ကြည်နုတို့ မိရွှမ်းတို့တောင်ပါသေး။ ခုနက သူ့ကို ဝိုင်းဖမ်းတာ သူတို့အဖွဲ့ဖြစ်မည်။

ခင်သန်းကြည် အံ့အားသင့်သွားပြီး

"ဟင်၊ ဒီနေ့ ငါ့မွေးနေ့မှ မဟုတ်တာ"

"ဟက်ပီး"

ဆိုနေရင်းနှင့် သီချင်းရပ်သွား၏။ ကိုနံက ခေါင်းကုပ်ပြီး

"မသိဘူးလေ။ ဖေ့စ်ဘွတ်မှာ ကောင်မလေးကို မျက်လုံးမှိတ် ခေါ်လာ၊ လမ်းမှာ ခတ်ဘောလုံးချိတ်၊ ပြီးရင် ဖျာပေါ်မှာ အဲလိုလုပ်ရင်း အဲ့ဒီသီချင်းဆိုတာ မြင်ရတော့ ငါလဲ အဲ့လိုလုပ်ရတာပဲ ထင်နေတာ"

ဘေးနားက အားလုံးကလဲ ရယ်ကျဲကျဲ။ သူတို့ကလဲ ဘာမှသိတာမဟုတ်ပဲကိုး။

"ဟဲ့၊ အဲ့ဒါ မွေးနေ့တွေမှ လုပ်တာဟဲ့ သေနာရဲ့။ ဒီနေ့ ငါ့မွေးနေ့မှ မဟုတ်တာ"

ကိုနံ ခေါင်းကုပ်ရင်း

"ဟုတ်လား၊ သိဖူးလေ၊ ကျုပ်လဲ ဖေ့စ်ဘွတ် ပွတ်ရင်းတွေ့လို့ ဆိုင်မလားဆိုပြီး လုပ်မိတာ"

မခင်သန်းက အားလုံးကို ငေ့ကြည့်ပြီး

"ခုန ကျွန်မကို ချုပ်ပြီး ခေါ်လာတာ ရှင်တို့အဖွဲ့လား"

အားလုံးက သွားဖြဲနှင့် ခေါင်းညိတ်ကြသည်။

"ထင်တော့ထင်သား၊ ဒီလို ချုပ်ကွက်က ဒီလူတွေမှာပဲ ရှိတယ်လို့"

အားလုံးရယ်ကျဲကျဲနှင့် ခေါင်းညိတ်ကြပြန်သည်။

"အခု ကျွန်မကို ဒီနေရာခေါ်လာတာက"

ကိုနံ ရှေ့ကို မရဲတရဲထွက်ပြီး

"မခင်သန်းကို တကူးတကမုန့်ကျွေးချင်လို့ပါ"

မခင်သန်း မျက်မှောင်ကြုတ်သွား၏။ နောက်မှ. .

"မုန့်ကျွေးချင် အိမ်မှာကျွေးလဲ ရတာကို အခုက"

"လာပါ မခင်သန်းရယ်၊ ဒီမှာထိုင်"

ကိုနံ့ မခင်သန်း လက်ကို ဆွဲပြီး ဖျာပေါ်ထိုင်ခိုင်း လိုက်သည်။ မခင်သန်းဖျာပေါ်ရောက်မှ

"ကဲ. . မှုတ်"

"ဘာ"

"ဟို၊ ဟိုလေ. . . ဖယောင်းတိုင်မီးမှုတ်ဖို့ပြောတာ"

"ဖူး"

မခင်သန်း သူ့အားကြီးနှင့် ဖယောင်းတိုင်မီး သာမက ဖယောင်းတိုင်ပါ လွင့်ထွက်သွားအောင် မှုတ်ထည့်လိုက် သည်။

"ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

နံဘေးနားက လူများကလဲ ပျော်ချင်ယောင်ဆောင် လက်ခုပ်တီးပေးကြသည်။ ကိုနံ့က ပေါင်မုန့်ကို ယူပြီး

"ကဲ. . မခင်သန်း ပါးစပ်ဟ"

မခင်သန်းက ပါးစပ်ဟသည်။ ကိုနံ့က ကြည့်ပြီး

"မရဘူး၊ အကျယ်ကြီးဟ"

"ဟဲ့၊ အောက်မေးပါ ပြုတ်တော့မှာကို"

ခင်သန်းကြည်က ပါးစပ်အကျယ်ကြီးဟသည်။ ကိုနံ့က သူ့ပေါင်မုန့် အညှိနှင့် အသေအချာချိန်ပြီး ဇွတ်ဆိုထိုးထည့်လိုက်သည်။

"ဖွတ်"

ပေါင်မုန့်ညို တစ်တောင့်မှာ ထက်ဝက်ခန့်မျှ မခင် သန်းပါးစပ်ထဲ ဝင်သွား၏။





"ဖလူး၊ ဖလူး"

မခင်သန်း ပေါင်မုန့်ကြီးသီးပြီး မျက်လုံးပါပြူး၏။ ဒါကို နံဘေးနားကြည့်နေသူများကလဲ အားတက် သရော ကြည့်၏။

"မခင်သန်း ကိုက်ချလိုက်"

"ဖလူး၊ ဖလူး"

"ဂွပ်"

ပေါင်မုန့်ထဲမှ တစ်ခုခုကိုက်မိ၍ မခင်သန်း လန့် သွား၏။ နောက် မျက်လုံးကြီးပြူးပြီး

"ဘာကြီး၊ ဘာကြီး"

ဆိုပြီး ဆွဲထုတ်လိုက်ရင်း . .

"ဟင်"

မခင်သန်း အံ့အားသင့်သွား၏။ သူ့ရှေ့မှာ မြင်နေရတာက တယ်လီဖုန်းတစ်လုံး။ ခေါင်းပေါ်မှာက ဖုန်းနှင့်ချည်ထားသော အပြာရောင် ဓာတ်ဘောလုံး တစ်လုံး။

ကိုနံ့ရဲ့စကားက

"ဒါ မခင်သန်းအတွက် ကျွန်တော့်ရဲ့ ချစ်သက် လက်ဆောင်ပါ"

မခင်သန်း မျက်ရည်ဝိုင်းသွား၏။ ပေါင်မုန့် နင်နေ၍ ဖြစ်သည်။ နံဘေးမှ ဦးဗြားကြီးတို့ လူစုကလဲ မျက်ရည်ဝိုင်းကုန်၏။ ကြည်နူးကြ၍ ဖြစ်သည်။

"မခင်သန်း နာမည်နဲ့ အခုခေတ်စားနေတဲ့ ဖေ့စ်ဘွတ် ဆိုလားပဲ ဖွင့်ထားပြီးသား"

"ဟဲ့၊ အေး၊ ငါလဲ အဲ့တာပဲသိချင်တာ ဘယ်လို သုံးလဲ ပြပေးစမ်း"

ထိုနေ့က နေအလွန်သာပါသည်။ တူနှစ်ကိုယ် ဖျာစုတ်ပေါ်မှာ

စံရစ်ရ၊ ပေါင်မုန့်ညိုကို လျက်ရ လျက်ရ၊ အချစ်အတွက်ဆိုလျှင်လေ မျက်ခွက်မှ အားမနာ ရှာရိုးကိုးပေါက်၊ တဏှာအသိုးနဲ့ လမ်းအတူလျှောက် ချင်ရဲ့။

"ဟဲ့ ဟဲ့ ဆယ်လဖီဆိုတာ ဘယ်လိုဆွဲရလဲ"

"ဒီမှာလေ မခင်သန်းရဲ့။ ဒီမှာ ကင်မလာပါတယ်။ ဒါကိုဖွင့်"

"ဟယ် . . ငါ့ရုပ်ကြီးတော့ ရုပ်ဆိုးလိုက်တာ ဟီးဟီး"

"ချလပ် ချလပ်"

တိမ်များက ကောင်းကင်ဝှက်တမ်း ကစားနေ ကြသည်။ ဖျာစုတ်အနားထိုးထားသော အသည်းပုံ ခေတ်ဘောလုံးများက ကောင်းကင်ပျံတက်ရမဲ့အစား ချစ်ခြင်းမေတ္တာကို ထိုင်ငေးရှာသည်။ ခနခြင်း၊ ခနခြင်း အကုန်လွယ်လာသောအချိန်တို့ နေရောင်ကို နည်းနည်း ကူရွေ့သည်။

အတ္တမရှိ၊ နာကျင်ဖွယ်မရှိ ပကတိအလှတရား။ ကိုနံ့ မခင်သန်းအနားကပ်ပြီး

"ချစ်တယ်၊ မခင်သန်းရယ်"

မခင်သန်းက ရှက်ပြုံးပြုံးပြီး၊ ကိုနံ့ ရင်ဘတ်ပြားကို တွန်းလွှတ်သည်။

"သွား လူဆိုး ရေလဲမချိုးပဲ"

သူကသာ အသာအယာတွန်းလွှတ်တာ ကိုနံ့လို ငပိန်ကသုံးကိုက်ခန့်လွင့်သည်။ ကိုနံ့ ကုန်းရုန်းပြန် ထပြီး မခင်သန်းနားပြန်ပြေးလာကာ

"တကယ်ပြောတာပါ မခင်သန်း၊ ကျွန်တော့် အသက်နဲ့ ရင်းပြီး ကျိန်ပါရစေ"

မခင်သန်း ရှက်ပြုံးပြုံးနေသည်။

"ကျွန်တော့်ကို စဉ်းစား"



BURMESE CLASSIC .com



ကိုနံ့ စကားမဆုံးလိုက်။

"ဖလွှား"

သူတို့ကြည်နူးလို့မဆုံးခင်မှာပင် သူတို့ခေါင်းပေါ် ဖွားခနဲကျလာသော နီနီအမှုန့်များ။

"ဟင် ဘာကြီးလဲ"

"ဟာ၊ စပ်တယ်ဟ"

လန့်ပြီး မိရာ လှမ်းယူကြည့်မှ . . .

"ဟာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်တွေ"

"ဟင်၊ ဒီငရုတ်သီးမှုန့်တွေက ဘယ်ကဟင်"

ဘေးနား ဝေ့ကြည့်တော့ ငရုတ်သီးသည် ကြည်နု ဆောင့်ကြောင့်ကြီးထိုင်၊ ငရုတ်သီးတစ်ဆုပ်ကိုင် ပြီး မျက်ရည်များ ဝိုင်းနေသည်။

"ဟင်၊ နင်၊ နင်ဘာလုပ်တာလဲ"

မခင်သန်းအော်သံ။ မကြည်နုမျက်ရည် ပတစ်ခနဲ ထွက်လာပြီး

"ကြည်နူးလွန်းလို့ အလွမ်းတွေပိုလှသွားအောင် ငရုတ်သီးနဲ့ ပက်ပေးတာပါ။ ထက်ပက်ရဦးမလား ဟင်၊ ငါးဆယ်ဖိုးလောက်"

မခင်သန်း ဒေါသထွက်သွား၏။

"ဟင်၊ ဒီမှာ သူများ အဆင်ပြေနေတာကို ငရုတ်သီးနဲ့ ဝင်ပက်တယ်ဟုတ်လား။ အေး ငါလာပြီ။

ဆိုပြီး ခုန်အထ

"ဟာ၊ တကယ်လာပြီ၊ သမီးပြေးပြီ"

ဆိုပြီး ကြည်နုလက်ထဲက ငရုတ်သီးတစ်ဆုပ် ကျဲပြီး လုံးနေအောင် ပြေးသည်။

မခင်သန်း မရှင်မလန်းဖြစ်သွားပုံထင့်၊ ကြည်နု နောက်

ခုန်ပေါက်လိုက်သွားတာ ပြန်ပေါ်မလာတော့။

ကိုနံခမျာသာ ဖျာစုတ်တစ်ချပ်ပေါ် ဓာတ်ဘောလုံး လေးလုံးနှင့် ငေါင်းစင်းစင်း။

"တောက်၊ သူများ ခွင်ကောင်းနေပြီဆိုမှ ပိုပြီးလှသွားအောင် ငရုတ်သီးမှုန့်နဲ့ ပက်သွားတာဆိုတော့ စဉ်းစား သာကြည့်"

ကိုနံ မျက်ရည်ဝိုင်းနေပြီ။ ငရုတ်သီးက အစပ် ဆိုတော့ စပ်တာကိုး။

× × × × × ×

BURMESE CLASSIC .com





လူဆန်ဆန်အလွဲများက လောကကြီးကို ပြုပြင် ယူသည်။ ပြွတ်သိပ်နေသော ဘဝအမောများကို သဘာဝက ချောင်ထိုးနိုင်သမျှတော့ ထိုးထားပေး၏။ တယုတယ စိုက်ပျိုးထားသော အလွမ်းများက အပွင့်ပင်ပွင့်နေလေပြီ။

မေတ္တာနှင့် ပေါင်းခံထားသော ချစ်ခြင်း၏ အရိပ်အယောင်က မျှော်လင့်ခြင်းကို သယ်ဆောင်ပေပြီ။

အို . . အသင်လောက၊ လူသားများအား ချစ်နိုင်သမျှ ချစ်ပါ။ အမုန်းများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးပါ။ လူသားများသည် အတ္တ၏သားကောင် ချည်းများသာ။ သင်၏ တစ်ဣန္ဒြိယမှု အလင်းပျံ့နှံ့ရာမှာ ... 

× × × × × ×

BURMESE CLASSIC .com

ဦးဖြားကြီးဆင့်ခေါ်လိုက်တယ်ဆိုတာကြောင့် တစ်ဝိုင်းလုံးရှိ လူများ အားတက်သရော ရောက်လာကြသည်။

အလုပ်ကလေးများပါးတုန်း၊ အထိုင်တစ်ပွဲလောက် ရရင်နည်းလားပေါ့။ လူအားလုံးစုံတော့ ဦးဖြားကြီးက လူများရှေ့ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ တချို့လူတွေက စိတ်မရှည်တော့။

"ဦးဖြားကြီး ဘာပွဲရှိလို့ ခေါ်တာလဲ၊ အထိုင်လား၊ အတိုင်လား"

"မြန်မြန်ပြောပါဗျို့၊ ဝတ်စုံဆင်စရာရှိ အမြန်ပြန်ဆင်ရအောင်"

တချို့ပွဲတွေက တိုင်းရင်းသားပွဲရှိလျှင် ဝတ်စုံက လိုသေးသည်ကိုး။

ဦးဖြားကြီးက ဘာမှ မပြောသေးဘဲ လမ်းကိုသာ ခေါက်တုန့်ခေါက်ပြန်လျှောက်နေသည်။ သူလဲ ပြောသင့်၊ မပြောသင့် စဉ်းစားနေပုံ။ ပြီးမှ . . .

"အခုခေါ်လိုက်တာ ပွဲအတွက်မဟုတ်ပါဘူး"

"အာ၊ ဦးဖြားကြီးရာ"

"ပွဲမရှိပဲ ဘာလို့ခေါ်တာလဲ၊ အာချောင်နေလို့ လား"

တချို့သူတွေက စိတ်မရှည်စွာ ထပြန်ဖို့လုပ်သည်။ တချို့က မဲ့ရွဲ့ကာ ဦးဖြားကြီးကို ကြည့်သည်။ တချို့တွေက နှုတ်ခမ်းလှုပ်ရုံ အသံတိတ်ဆဲသည်။





ဦးဖြားကြီးက အားလုံးကို အလျင်အမြန် လက်ကာ ပြပြီး

"နေကြပါဦး၊ အခုဟာက ပွဲ မဟုတ်ပေမဲ့ ငါတို့ အတွက် ပွဲတွေထက် ပိုအရေးကြီးတဲ့ ကိစ္စလေး တိုင်ပင်ကြ ဖို့ပါ၊ အားလုံးအကျိုးရှိဖို့ပါ"

ထွက်ခွာသူများ ခြေလှမ်းတန့်သွား၏။ မဲ့ရွဲ့သူများ ပြန်တည့်သွား၏။ အသံတိတ်ဆဲဆိုသူများကလဲ အသံ ထွက်ပြီး

"ဒါဖြင့် မြန်မြန်ပြောလေဗျာ။ အကျိုးရှိမယ်ဆိုတာ ဘယ်လိုမျိုးလဲ"

အားလုံးက အချောင်သမားချည်းပဲမို့ အချောင် အကျိုးရှိမည့် အလုပ်ဆိုလျှင် အားလုံးစိတ်ဝင်စားကြသည်။

ဦးဖြားကြီးက အသက်ကို ခပ်ပြင်းပြင်းရှူပြီး

"ဒီလိုပါ၊ ငါတို့လဲ အမြဲတစေ အိမ်က ထွက်ထွက် သွားပြီး ဘယ်အချိန် အိမ်ပြန်ရောက်မယ် မှန်းမသိ။ ဘယ်အချိန်ဆွဲစိခံရမယ်မှန်း မသိတော့ အိမ်မှာကျန်ခဲ့တဲ့ သားသမီးတွေအတွက် စဉ်းစားကြရတော့မယ်လေ"

အားလုံး ရုတ်တရက်တော့ ငြိမ်သွားသည်။ မှန်ပေ သည်။ တစ်ခါတစ်ရံ လူခေါ်များ၍ အားလုံးထွက် သွားလျှင် ဒိဝင်းအတွင်း ကလေးချည်းကျန်ခဲ့ရသည်ကိုး။ တစ်ခါတရံ မိဘများက အထိုင်ပွဲရှိလျှင် လေးငါး ဆယ်ရက်၊ တစ်ခါတစ်ရံ လချီပြီး ပြန်မလာတတ်ကြ။ ထိုအခါ ကလေးများအတွက် စိုးရိမ်ရသည်။

ဒါကို ကလေးမရှိ၊ မိသားစုမရှိသော ဝေကြီးက.

"အာ၊ အားလုံးထွက်သွားတော့လဲ ကလေး တွေက ကြုံရာတောင်းစားနေတာပဲ၊ မိဘမရှိရင် သူတို့ ပိုတောင် ပျော်သေး၊ လုပ်ချင်ရာ လုပ်ကြရလို့"

ဒါလဲ မှန်ပေသည်။ မိဘများမရှိလျှင် ထိုကလေး များမှာ

လုပ်ချင်တာ လုပ်ပြီး နေချင်သလိုနေရ၍ ပိုတောင် ပျော်နေကြသေး၏။

ဦးဖြားကြီးက ခေါင်းယမ်းပြီး

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးက ရှိသေးတယ်လေ"

အားလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ သည်။ ဝေကြီးမှပင် . .

"ဒီက ကလေးဘယ်နှစ်ယောက် ကျောင်းနေ လို့လဲ"

သူ့စကားကို အားလုံး ဇဝေဇဝါ၊ ဒါကို ဦးဖြားကြီးမှ . .

"ငါ့ကလေးတွေရှိတယ်လေ၊ ကျောင်းတက် နေတာ"

"ခင်ဗျား ဘယ်ကလေးကျောင်းတက်နေလို့လဲ။ အခုမှ မတ်တပ်သွားတစ်ယောက်၊ နို့စို့တစ်ယောက်၊ ဗိုက်ထဲ တစ်ယောက် ရှိတာကို"

ဦးမှုံကြီးက ဝင်ပြောသည်။ ဒါကို ဦးဖြားကြီးက ဖြဲခနဲရယ်ပြီး အသံတိုးတိုးဖြင့်

"ဒါက အငယ်ကမွေးတာတွေလေ၊ အကြီးက မွေးတာ တွေက ကျောင်းတက်နေပြီ အဟီး"

ဟုတ်ပေလိမ့်မည်။ ဦးဖြားကြီးဆိုသူကလဲ လူ နာမည်သာ ဖြားကြီး။ ကျန်တာ ဘာမှ မပြား။ အကုန် အချွန်။ ဒီထဲမှာတောင် သူနှင့်လွတ်ကင်းတာ ခပ်ရှားရှား။

"အဲဒီတော့၊ ငါတို့ရဲ့ ကလေးတွေ အနာဂတ် လုံခြုံ အောင် ငါက ပရဟိတအဖွဲ့လေးတစ်ဖွဲ့ ထူထောင် မလို့ပါ"

ပရဟိတဆိုသော စကားကြားတော့ အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ တစ်တိုင်းတစ်ပြည်လုံး ပရဟိတ အဖွဲ့များ အသီးသီးရှိကြသည်။ သူတို့မှာသာ ပရဟိတ အဖွဲ့က မရှိ။ ဒါကြောင့် ကိုနံက.





"ပရဟိတအဖွဲ့ ဖွဲ့တာက ဟုတ်ပါပြီ။ ပရဟိတ အဖွဲ့နာမည်က"

ဦးဖြားကြီးက ရင်ကော့ပြီး

"ဒီပရဟိတအဖွဲ့ကို ငါကပဲ ဦးဆောင် တည်ထောင် တော့ ပရဟိတအဖွဲ့နာမည်ကိုလဲ "မင်းထက်ဖြားကြီး လူမှုကူညီမှုပရဟိတ အဖွဲ့" လို့ပဲ နာမည်ပေးထားရမှာပေါ့"

ကိုနံ မျက်မှောင်ကျုံ့သွားသည်။

"ဒါဆို ဥက္ကဋ္ဌကရော"

ဦးဖြားကြီး သူ့ရင်ပြားပြားကို ထုပြီး

"ငါ ဖွဲ့ထားတဲ့အဖွဲ့ဆိုတော့ ဥက္ကဋ္ဌက ငါပဲပေါ့ကွာ၊ အနစ်နာခံပြီး ငါပဲလုပ်ရမှာပေါ့"

ကိုနံနှင့် ဝေကြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် သည်။ နံဘေးနားက မခင်သန်းတို့က ငြိမ်နေသည်။

"ဒါဆို၊ အတွင်းရေးမှူးကရော"

ဦးဖြားကြီးက သူ့ရင်ကို သူထပ်ထုရင်း

"အတွင်းရေးမှူးကလဲ ငါ့အပေါ် စိတ်ချရတဲ့ မင်းထက် ဖြားကြီးဆိုတဲ့ ငါကိုယ်တိုင်ပဲပေါ့ကွာ"

"အဖွဲ့ဝင်ကရော"

"အဖွဲ့ဝင်ကလဲ ငါပဲရှိတာလေ၊ ငါပဲပေါ့"

"ဘဏ္ဍာရေးကရော"

"အဲဒါက သိပ်အရေးကြီးတယ်"

အားလုံး ဦးဖြားကြီး စကားနားစွင့်နေကြသည်။

"ပရဟိတအဖွဲ့အောင်မြင်လို့ အလှူငွေတွေ ဝင်လာရင် ဥက္ကဋ္ဌဖြစ်တဲ့ငါ့ကို လိမ်ချင်ကောက်ချင်လာကြမယ်"

"အဲဒီတော့"

"ငါ့ကို မလိမ်မကောက်မဲ့ ငါပဲ အနစ်နာခံပြီး ဘဏ္ဍာ

ရေးမှူးလုပ်ရမှာပေါ့ကွ၊ ဟုတ်ဖူးလား"

သူ့အမေးကို တချို့က ယောင်ပြီး ခေါင်းညိတ်ကြ သည်။ တချို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ကုန်ကြ၏။ ဒါကို ဘေးမှ ပွဲမကြမ်းသေးသော မခင်သန်း က. . .

"ပရဟိတအဖွဲ့ဖွဲ့တာက ဟုတ်ပါပြီ။ လှူတာက ဘယ်သူတွေကို လှူမှာလဲ"

ဦးဖြားကြီးက ရင်ကော့ပြီး

"ခုန ပြောပြီးသားလေ၊ ဒို့ထဲက ကျောင်း မတက်နိုင်တဲ့ ကလေးတွေကို ကျောင်းထားဖို့လေ"

မခင်သန်း ဇဝေဇဝါဖြစ်သွားသည်။

"ကျုပ်တို့ထဲက ကျောင်းနေတဲ့ကလေး ဘယ်သူ့မှာ ရှိလို့လဲ"

ဦးဖြားကြီး သူ့ရင်ပြား တဘုတ်ဘုတ်ပုတ်ပြီး

"ငါ့မှာ ရှိတယ်လေ၊ ငါ့မှာ၊ အရင်မိန်းမနဲ့ ကလေး လေးယောက်တောင်"

ထိုတော့မှ မခင်သန်း မုက်လုံးမီးတောက်သွားပြီး

"ဟဲ့ ဖြားကြီး"

"ခင်ညာ"

မခင်သန်း အသံကျယ်ကျယ်ကြောင့် ဦးဖြားကြီး ကျုံ့ဝင် သွားသည်

"ကိုယ့်သားသမီးကိုယ် ထမင်းကျွေးချင်တာ ပရဟိတ အမည်ခံနေသေးတယ်။ အောင်မလေး၊ သူ ထောင်တဲ့ ပရဟိတ သူဥက္ကဋ္ဌလုပ်ပြီး ပိုက်ဆံ ရရင် သားသမီး ပေးချင်တယ် ဟုတ်လား"

ထိုတော့မှ အားလုံးလှုပ်လှုပ်ရွရွဖြစ်ပြီး

"အေးလေ၊ ဦးဖြားကြီးရာ၊ ကိုယ့်မိသားစု အဆင်ပြေဖို့ ပရဟိတဆိုပြီး ထောင်၊ ရလာတာ မိသားစု ပေးမဲ့ဟာကို၊





ကိုယ်မပေးနိုင်တိုင်း သူများဆီက အလှူခံချင်သေး"

"ငါတို့က ညဏ်နည်းရင် နည်းမယ်၊ အဲလောက် မတုံးဘူးဟေ့။ မင်းအကွက် ငါတို့သိတယ်"

"မင်းထက်ဖြားကြီး ပရဟိတဟုတ်လား။ မင်းသား လေးဘာလေး ဖြစ်အောင် အရင်လုပ်လိုက်ဦး"

စသည်ဖြင့် ဆူညံကုန်၏။ ထိုအထဲမှာမှ မခင်သန်း က ပြတ်သည်။

"တော့၊ ကိုဖြားကြီး"

"ဟော၊ ဘာတုန်းခင်သန်း"

"ရှင့် ပရဟိတအတွက် ကျွန်မတော့ ဒီတစ်ပြား တောင် မထည့်နိုင်ဘူး"

"ဖတ်၊ ဖတ်"

အေးရော. . .

"လူက ထိပ်ပြောင်၊ ထောင်ချင်တာက ဝမ်းဝေး၊ ဟားဟား၊ ရယ်လိုက်ရတာ အသားတောင် မနည်း ဖြု သွားတယ်"

ဆိုပဲ။

အေးရော. . .

× × × × × ×

"နယ်ဝေးရှိတယ်၊ နယ်ဝေး။ အကြိုအပို့စရိတ်ငြိမ်း တစ်သောင်းခရီး၊ တစ်သောင်းခရီး"

ဦးဗြားကြီးရဲ့အော်သံက သူတို့အစုအဖွဲ့ကို တုတ်နဲ့ ထိုးလိုက်သလို အုံကြွလာ၏။ နယ်ဝေးဆို ဈေးပိုရတာတော့မှန်၏။

"ဘာပါသေးလဲ ဦးဗြားကြီး"

"အတိုင်ပါတယ်၊ တစ်ခါထဲ"

"အအုပ်ကရော"

"အအုပ်က စွေစောင်းတို့အဖွဲ့"

"ဟင်"

ငွေတစ်သောင်း လိုချင်ကြသော်လည်း တစ်ဖက်မှ စွေစောင်းတို့အဖွဲ့ဆိုတော့ အားလုံးစိတ်ဓာတ်ကျသွားသည်။ စွေစောင်းတို့အဖွဲ့မှာ လောကသားချင်း တူသော်လည်း ညာတာစိတ်မရှိ။ သူတို့အလှည့်ကျလျှင် မညှာမတာ အုပ် သည်။

အတိုင်အအုပ်ဆိုသည်မှာ ဈေးကြီးသလောက် ပညာသားလဲပါသည်။ ဆိုပါစို့ အဖွဲ့နှစ်ဖွဲ့ ခေါင်းတည်ပြီး ဘာမှမဖြစ်သေးဘူး။ နှစ်ဖက်လုံးက တင်းခံနေပြီ။ အတိုင်အဖွဲ့သားများက ထိုအဖွဲ့ထဲ မသိမသာ ဝင်ရောနေရသည်။ နောက်မှ အုပ်သည့်အဖွဲ့မှ ဝင်လာရန်စပြီး ရန်ပွဲဖြစ်အောင် ပွဲလှုပ်အောင် ဝင်လုပ်ရသည်။ ထိုတော့မှ ခုနက တင်းခံနေသော နှစ်ဖွဲ့ မသိမသာ ခြေရာပြန်ဖျောက်၍ ရှောင်ထွက်ရသည်။

လှုပ်ရှားရသည့် အချိန်က သိပ်မကြာ။ သို့သော် စည်းရှိရသည်။ အအုပ်အဖွဲ့က တခြားလူကို မထိရ။ အတိုင်အဖွဲ့သားကိုသာ ရွေး၍ ရန်ဖြစ်ရသည်။ အခြား တကယ်လုပ်နေသူများကို မထိရ။ ထိလျှင် အမှုကြီးသွား နိုင်သည်။

ဦးဗြားကြီးတို့ အအုပ်ရလျှင် ပွဲဆူရုံမျှ ဝင်ပါပြီး ရှောင်ထွက်ခဲ့သည်ချည်း။ သို့သော် စွေစောင်းတို့ အဖွဲ့က ထိုသို့မဟုတ်။





သိပ်စည်းမရှိ။ မူးရူးပြီး ဝင်ရောက် ရမ်းကား၍ မဆိုင်သူတွေပါ ထိပြီး ပြဿနာကြီးသွား တတ်သည်။ ကိုနံ့တို့က ဒါကို မကျေနပ်။

"ဘဗြားကြီးကလဲဗျာ။ တစ်ခါတလေလဲ တပည့် တွေကို ပေးအုပ်စမ်းပါဦး"

ဘဗြားကြီးက သက်ပြင်းချပြီး

"မဲနှိုက်ရတာပဲကွာ၊ ကိုကခံရဖို့ချည်းပါလာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

သူ့စကားကို ဝေကြီးက. .

"ဒါဆို ဒီကောင်တွေ မဲလိမ်တာပဲ။ သူတောင်းစား။ လူက ဘာမှမဖြစ်သေးဘူး မဲလိမ်နေပြီ။ နိုင်ဦးမယ် နောက်တစ်ခါ"

အားလုံးစူပွပွ။ သို့သော် မတတ်နိုင်။

"ကဲ၊ ကားတွေလမ်းမဖက်မှာ ရပ်ထားတယ်။ ပိရိပစေနော်။ အရက်ဆိုင်တွေ ဘာတွေမှာ ခြေစလက် စ မကျန်ခဲ့စေနဲ့။ ပြီးတာနဲ့ စုရပ်ကို ပြန်ထွက်ကြနော်။ မြို့ထဲမှာလဲ လမ်းသလား မနေနဲ့။ ဆုံရပ်က မြို့ပြင်"

မှာတမ်းချွေသံက တော်ရုံမဆုံး။ အမှန် ဒီလို ကိစ္စမျိုး သင်ပေးစရာပင် မလို။ အားလုံးက ဝါရင့်တွေ ချည်းမို့၊ ဘာပွဲဆို ဘယ်လိုနွှဲရမည်ကို သိကြသည်။

ကိုနံ့ ကားများရှိရာ လှမ်းကြည့်လိုက်သည်။ ကားများ က ခပ်ဝေးဝေးမှာ။

× × × × × ×

ကားက ဘယ်ကို ဦးတည်သွားနေမှန်းမသိ။ ကားပေါ် လူပါမှန်းမသိအောင် တာလပတ်တွေနှင့် လုံအောင် ကာထားသည်။ ကားပေါ်မှာ မခင်သန်းက ကိုနံ့ပေးထားသော တယ်လီဖုန်းနှင့် ဆယ်ဖီချည်း ဆွဲနေသည်။ ကိုနံ့ မခင်သန်းကို စကားပြောချင် သော်လည်း စကားပြောဖို့ အခွင့်အရေးမရ။ မခင်သန်းက သူနား ရှိနေသော နောက်တက်တပည့် မိရွှမ်းနှင့် မိမြတို့နှင့် အလုပ်ရှုပ် နေကြသည်။

မိရွှမ်းတို့ မိမြတို့က စာတတ်သည်။ လေးတန်းနှစ်နှစ်ကျကိုယ်စီနှင့် အောင်ဖူးသည်ဆိုလား။ သူတို့က လဲ ဖေ့စ်ဘွတ်သုံးတော့ သူတို့ဆီမှ အစိုးရ မကောင်း ကြောင်း ဘာညာတင်တာ တွေ့ဖူးသည်။ အပြင်မှာသာ ဇုပုတွေ ဖေ့စ်ဘွတ်တွင်တော့ ရှည်သည်။

မိရွှမ်းဆိုလျှင် ဟိုလူ့ရန်စ၊ ဒီလူ့ရန်စနှင့် နာမည်ပါ ရနေပြီ။ သူနှင့် ရန်ဖက်က သူ့လိုပဲ ဖေ့စ်ဘွတ် ဆယ်လီ ဆိုလား၊ စာရေးလိုက်လျှင် သူ့ရှိပစ္စည်းကြီး ပျံပျံတက်လာ သူကြီး။

မခင်သန်းက ထိုပညာကို မိရွှမ်းတို့ မိမြတို့ဆီက ပြန်သင်ရသည်။ ဘယ်သူ့ကို ဘယ်လိုစောင်းဆဲ နည်း၊ ဘယ်သူ့ကို ဘယ်လိုပြောင်ချဲနည်းများ သူတို့နှစ်ပုက ပိုင်သည်။

"ဟဲ့၊ ဟဲ့လာဦး၊ ငါတို့သုံးယောက်ပုံ ဆလယ်ဖီ တစ်ပုံလောက် ဆွဲတင်ရအောင်"

"လုပ်လိုက်လေ၊ မရီးသန်း"

ဟိုကလဲ မြှောက်ပေးသည်။ ဆယ်ဖီရှူးနှင့် လိုင်းလူးနှင့်။ လက်နှစ်ချောင်းထောင်သည်။ ပါးဖောင်းသည်။

"ချလပ်၊ ချလပ်၊ ချလပ်"

"ရပြီ"

"ဟဲ့၊ ပုံလေးက မဆိုးဘူး။ စာလေးနဲ့ ပုံတင်လိုက်မယ်"

"ဘယ်လိုရေးရမလဲ"





"အို၊ မရီးသန်းကလဲ၊ ဒို့တွေ ခရုလားလို့ ရေးတင်ပေါ့"

မိမြစကားကို မခင်သန်း မျက်မှောင်ကျုံ့ သွားသည်။

"ခရုလားဆိုတာ ဘာလဲ"

မိမြမလျှော်ဘူးသော ခေါင်းကို တဖြင်းဖြင်း ကုပ်သည်။

"မရီးသန်းကလဲ၊ ခရုလားဆိုတာ ဟိုလေ"

အမှန်တော့ ထိုစကားအဓိပ္ပာယ်သူလဲမသိ။ သူများ ဖေ့စ်ဘုတ်ပေါ်တွင် "ဒို့ခရုလား" ဆိုတာ မြင်ပြီး ဝင်လျှာရှည်ခြင်းဖြစ်၏။ ဒါကို သူတို့ထက်ခေါင်းနည်းနည်း ပိုကြီးသော မိရွှမ်းက ကျိုးတိုးကျဲတဲ သူ့ဆံပင်ကို ခါပြီး. . .

"အာ၊ မရီးသန်းကလဲ ခရုလားဆိုတာ ခရုတွေ ချွဲတယ်လေ။ အဲဒီတော့ ဒို့ခရုလားဆိုတာ ဒို့ချွဲတတ် လားလို့မေးတာပေ့ါ"

မခင်သန်း မျက်နှာဝင်းလက်သွားသည်။

"ဩော်၊ ဒီလိုလား"

"အင်း၊ အဲ့လို"

မခင်သန်းသူ့မေးသူထောက်ပြီး စဉ်းစားသည်။ နောက်ခုတ်ပုံကို ပြန်ကြည့်ပြီး

"ဟဲ့၊ နင်တို့က ခရုလိုသေးသေးချွဲချွဲလေးတွေ၊ ငါကျတော့ 'ဝ'ပြီး ဖားကြီးလိုဖြစ်နေတယ်ဟ"

သူ့စကားကို မိမြက. .

"အို၊ ဒါဆိုလဲ ဖားခရုလေးတွေလို့ တင်လိုက် တာပေါ့ ဟုတ်ဖူးလား"

သူ့စကားကို မိရွှမ်းက

"အို၊ အဲ့လိုတင်ရင် လူဘယ်စိတ်ဝင်စားမလဲ"

"ဘယ်လို"

"ဒီလိုတင်လိုက်"၊ ငါတို့က အပုဆုံးပု၊ အားလုံး ကိုတော့

ဖားခရုဟေ့" အဲလိုကဗျာဆန်ဆန် တင်စမ်း ပါ။ နင် ငါ့လောက်နာမည် မကြီးတာ အာ့တွေပါတယ်"

တစ်တောင့်တစ်ထွာချင်းအတူ ပေပိုယူသည်။ မခင်သန်းက သဘောကျပြီး

"ငါတို့တွေက အပုသုံးပုံ၊ အခုကြည့်နေသူ အားလုံးကိုတော့ ဖားခရုပဲဟေ့"

ဆိုပြီး ကွန့်ညွှန့်ပြီး တင်လိုက်သည်။ သူတို့တင်ပြီး သိပ်မကြာလိုက်.

"တုံ၊ တုံ၊ တုံ၊ တုံ"

ဝင်လာပြီ Message များ။ မခင်သန်း မျက်လုံး အရောင် လက်သွားပြီး

"ဟယ်၊ ဟယ်၊ ဝိုင်းဆဲကြတယ်တော့၊ ပျော်စရာကြီး"

သူတို့ပို့စ်အောက်တွင် ဆဲသည့်ကွန်မန့်ကြီး တန်းစီ တက်လာ၏...

"အေး၊ နင်တို့က ဖားခရုဆို ငါတို့ကလဲ ဒါပဲဟေ့"

"လုံချည်လှန်ပြီး ပုတ်ပြသွားတယ်သိလား ဖားခရုတွေ"

"နင်တို့ရိုင်းရင် ဒို့လဲရိုင်းရိုင်းပဲ၊ ဒါပဲဟေ့"

ဆဲစာများ ပလူပျံလာ၏။ တချို့တွေက သူတို့ပုံတွေ ချက်ခြင်းရှဲလ်ပြီး ဆဲကြသည်။

''ဟယ်၊ ရှဲလ်ပြီးတော့တောင် ဆဲကြတယ်တော့၊ ဘယ်လိုတွေတောင်လား"

ဒါကို မိရွှမ်းက အားရဝမ်းသာဖြင့်. .

"ဟယ်၊ ဒါဆို မခင်သန်းနာမည်ကြီးပြီ၊ ပြန်ဆဲ ပြန်ဆဲ၊ ဒါမှ လူစိတ်ဝင်စားမှာ။ နေဦး၊ ကျွန်မတို့ပါ ဝင်ဆဲပေးမယ်"

"အေး၊ ငါလဲဝင်ဆဲမယ်ဟေ့"





ဆိုကာ ကိုယ်စီ တယ်လီဖုန်းထုတ်၍ တွေ့ကရာလူ ကလော်တုတ်နေလေတော့သည်။ ခဏချင်း ထိုခေတ်ပုံ ဖြင့်ပင် Facebook ပေါ် ဆဲသံများ ဆူညံသွား လေ တော့၏။ မခင်သန်းတို့လဲ ငြိမ်ခံမနေ၊ ရှဲလ်သူများ၏ ဝေါလ်ထဲအရောက်ကို လိုက်လံဆဲ ပေးရှာသည်။

ကိုနံပင် မနေနိုင်တော့ပဲ

"အသာလုပ်ကြပါဟာ"

ဟု ဝင်မန့်သည်။ ဒါကို မခင်သန်းက မြင်တော့. .

"အသာလုပ်ရအောင် နင့်မေလင်တွေမို့လား"

ဟု စာရေးကလော်သည်။ မိရွှမ်းက ထိုအောက် မှာပင်

"သူ့မေလင် သူတောင် တွေ့ဖူးရဲ့လားမသိဘူး"

ဝင်မန့်သည့် မိမြကလဲ အားကျမခံ.

''ဘယ်မြင်ဖူးမလဲ၊ အဲ့တုန်းက သူ့ကို စောင်နဲ့အုပ် ထားတာကိုး"

ဟု ဝင်ကလပ်သည်။ ထိုအောက်မှာမှ ကြည်နုက

"ငရုတ်သီးတွေရမယ်၊ ငရုတ်သီးတွေ၊ ပိသာဈေးက တစ်မျိုး၊ တစ်ဆယ်သားဈေးကတစ်မျိုး၊ ကင်ချီတွေလဲ မှာရင်လုပ်ပေးတယ်နော့"

ဆိုပြီး သူ့ငရုတ်သီးဈေး ဝင်ကြော်ငြာသည်။ ဤသို့ဖြင့်. .

× × × × × ×

နေကား ကျဲကျဲတောက်ပူနေပြီ။ အလုပ်မရှိ အကိုင်မရှိသူများဆိုလျှင် ထိုမျှလောက် ပူနေသော နေရောင်ကြောင့် အပြင်ထွက်ကြမည်မဟုတ်။

ကိုနံတို့အဖွဲ့ကတော့ ကားကြီးပေါ်တွင် တာလပတ်တွေအုပ်ပြီး ငြိမ်နေရသည်။

ထိုခနမှာပင်. . . .

“ဟယ်လို ဦးဖြားကြီးပြော၊ ခင်သန်းပါ”

“အတိုင်တွေအသင့်ဖြင်”

အားလုံးပွဲစတော့မည်မှန်းသိကြသည်။

လုံချည်တွေပြင်ဝတ်ကြ ချွေးတွေသုတ်ကြလုပ်ရ သည်။

“ဆိုင်းဘုတ်တွေအလယ်ထဲဝင်မယ် ရောက်တာနဲ့ လှုပ်မယ်။ မြန်မြန်လုပ်မယ် ဒါပဲ”

ဦးဖြားကြီး ဖုန်းချသွားသည်။ ဒီတော့မှ မခင်သန်းက တစ်ခါဦးဆောင်ပြန်သည်။

“ဆိုင်းဘုတ်တွေဖွက်မယ်။ အလယ်တည့်တည့် ဝင်ပြီး သုံးတန်းတန်းပြီး စတိုင်မယ်။ ကဲ. . အားလုံးဆင်း ပိရိစေနော်”

ကားပေါ်က တဖြုတ်ဖြုတ်ဆင်းကြသည်။ ခြေသံ များက ပိပိရိရိ။

ခပ်လှမ်းလှမ်းမှာ ခေါင်းချင်းဆိုင်နေသော အဖွဲ့ နှစ်ဖွဲ့ကို မြင်ရသည်။ သူတို့မျက်နှာချင်းဆိုင်ရှေ့တွင် ဝါးလုံး ကလေးတားထားသော်လည်း အေးအေးဆေးဆေးပင်။ ခေါင်းချင်းဆိုင်နှစ်ဖွဲ့လုံး သူ့မှန်ကို ယူစား ကိုယ့်ရေဘူး သူပေးနှင့် အေးအေး ဆေးဆေးရှိလှသည်။

လူတန်းက ငြိမ်နေပုံထောက်လျှင် နှစ်ဖက်ခေါင်း ဆောင်ပိုင်း တချို့၊ တစ်နေရာရာတွင်ညှိနှိုင်းနေကြပုံပေါ်သည်။ ပြဿနာက အေးအေးဆေးဆေး ပြေလည်တော့မည့် သဘော။





ဒီလိုအခြေအနေမျိုးကို ပွဲဖြစ်စေချင်သူများက မကြိုက်။ နှစ်ဖက်အဖွဲ့ခေါင်းဆောင်ချင်းဆိုင်ပြီး ရန်ပွဲဖြစ်၍ ထိန်းသိမ်းလိုက်ရသည့် အဖြစ်မျိုးသာ လိုချင်သည်။ ထို့ ကြောင့် ထိုကဲ့သို့ အခြေအနေမျိုး၌ သူတို့အဖွဲ့တွေကို ထုတ် သုံးခြင်းဖြစ်သည်။

သူတို့အဖွဲ့ လူကြားထဲဝင်သည်နှင့် အားလုံး ရှုတ်ရှုတ် သဲသဲဖြစ်ကုန်ကြသည်။ သတိထားမိသော လူကြီး တချို့ က. . .

“ဟော့ ဟော့ ဒါဘယ်အဖွဲ့ကလူတွေလဲ ဘာလို့ဝင်လာ တာလဲ”

“ဟော့ ဟော့ လူစိမ်းတွေဝင်လာပြီ သတိထားကြ”

သူတို့ သတိပေးလို့မဆုံးခင် အတွေ့အကြုံ ရင့်ကျက် သော မခင်သန်းနှင့် ဆိုင်းဘုတ်ကိုင် အဖွဲ့များ အရှေ့ ရောက်သွားပြီး အသံကျယ်ကျယ်ဖြင့် စအော်သည်။

“ကျွန်မတို့ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ ဒီလို လွယ်လွယ်ကူကူနဲ့ ဖြေရှင်းတာမျိုး လုံးဝသဘောမတူဘူး”

သူ့အသံနှင့်အတူ သူ့နောက်ကလူများကလဲ လက်သီး လက်မောင်းတန်းပြီး

“ဟုတ်တယ်၊ ဒီကိစ္စကို ကာယကံရှင်တွေကို မေးသင့် တယ်။ ဒီမိုကရေစီတိုင်းပြည်မှာ ဒါမျိုးလုံးဝ မဖြစ်သင့်ဘူး”

“ဒီပြဿနာကို ဒီမှာပဲဖြေရှင်းပေးပါ။ ဘယ် ခေါင်းဆောင်မှ မလိုချင်ဘူး”

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ထအော် လိုက်ရာ ချက်ချင်းပွဲဆူသွားသည်။

သူတို့အော်သံကို သတိထားမိသော လူကြီး တချို့ က. .

“ဟော့၊ ဟော့၊ အားလုံးသတိထားကြနော်၊ ဒါ ဒို့လူတွေ မဟုတ်ဘူး”

“လူစိမ်းတွေ ရောက်လာပြီ၊ သတိထားကြ”

လူကြီးတချို့က မခင်သန်းတို့ရှေ့ရောက်လာပြီး

"နေပါဦး၊ နေပါဦး၊ နင်တို့က ဘယ်သူတွေလဲ၊ ဘယ်ကလဲ၊ ဒီမှာဘာဖြစ်နေတာလဲ သိရဲ့လား"

အားလုံးကြောင်ကုန်သည်။ခုဖြစ်နေတာ ဘာ အကြောင်းမှန်း လဲမသိ။ ဝင်လှုပ်ဆို၍ လှုပ်ရသည်ကိုး။ဂယောင်ဂယက်နှင့် ကြောင်ကြည့်နေကြသည်။ ဒါကို ပွဲကြော နပ်နေသည့် မခင်သန်းက. .

"ဒါတွေ ကျွန်မတို့ သိစရာမလိုဘူး။ ကျွန်မတို့ သိတာ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ ထောက်ခံလား ဟေ့"

"ထောက်ခံပါတယ်၊ ထောက်ခံပါတယ်"

အားလုံးဆူညံလာ၏။ လူကြီးများကတော့

"ဟေ့၊ ဟေ့ သတိထားကြဟေ့။ လူစိမ်းတွေ ဝင်နေပြီ။ လူစိမ်းတွေ ဝင်နေပြီ"

သူတို့သတိပေးလို့မှ မဆုံးလိုက်။ လာပါပြီ၊ ဟိုဖက်က စွေစောင်းတို့အဖွဲ့။ လက်မောင်းမှာ လက်ပတ် တစ်ခုပတ်ပြီး တုတ်များ၊ အုတ်ခဲကျိုးများ ကိုင်လာသည်။

စွေစောင်းတို့အဖွဲ့ကိုကြည့်ပြီး ကိုနံ ပြာတောက် သွားသည်။ ထိုအဖွဲ့ထဲတွင် သူ့ကိုမှ ရွေးဆော်နေကြ။ လက်မောင်းမှာ တက်တူးထိုးထားပြီး အသားမဲမဲ ခေါင်းနီနီနှင့် ငတိပါလာသည်။ ထိုငတိက ဒီလိုပွဲမျိုးရှိတိုင်း သူ့ဆီသာ ပြေးပြီးတွယ်နေကြ။ အရင် တစ်ခေါက်ကလဲ ခေါင်းသုံးချက်မျှ ဖုပြီး လက်ကတစ်ပါတ်လောက် မလှုပ်နိုင်ဖြစ်ခဲ့ရပြီးပြီ။ ထိုငတိကို မြင်သည်နှင့် ကိုနံ တုန်တက်သွားပြီး အနားမှ ဝေကြီးလက်ကို အားကိုးတကြီး လှမ်းကိုင်ကာ.

"ဟေ့ကောင်၊ ဟေ့ကောင်၊ ဟိုမှာ ခေါင်းနီကောင်၊ ငါ့ဆီ လာနေပြီ၊ ငါ့ဆီလာနေပြီ"

ဝေကြီးက ကိုနံလက်ကိုပြန်ဆွဲရင်း





"လာပါစေ၊ ဒီတစ်ခါပြန်ခံသုတ်မယ်ဟေ့ကောင်"

ကိုနံ ဝေကြီးကို အားကိုးတကြီးပြန်ကြည့်မိသည်။

"ဟေ့ကောင်၊ တကယ်လား"

"တကယ်ဟေ့ကောင်၊ လာရဲလာကြည့်"

အမှန်ပင်၊ ခေါင်းနီကောင်ကလဲ ကိုနံကို လိုက်ရှာပြီး ကိုနံ့တည့်တည့်သာ တိုးဝင်လာသည်။

နဂိုရှိရင်းစွဲလူများက ထပ်တိုးလာသော စွေစောင်း တို့အဖွဲ့ပါ တုတ်များ၊ အုတ်ခဲများနှင့် မြင်တော့ ပို၍ မျက်လုံး ပြူးသွားကြသည်။

"ဟေ့ဟေ့၊ အားလုံးသတိထားကြနော်။ လူစိမ်းတွေ ပါလာပြီ။ လူစိမ်းတွေပါလာပြီ"

"မဆိုင်တဲ့သူတွေ ရောက်လာပြီ။ ဘာမှ မလုပ်ကြနဲ့။ ဘာမှ မလုပ်ကြနဲ့"

သူတို့ တားမြစ်သံ မဆုံးလိုက်။

"ဘယ်ကကောင်တွေလဲ၊ ချကွာ၊ ချချ"

အော်သံနှင့်အတူ စွေစောင်းတို့အဖွဲ့ လူကြားထဲ အုန်းအုန်းခနဲ ပြေးဝင်လာကြသည်။ အုတ်ခဲကျိုး တစ်ခုက လူအုပ်ထဲ ဝဲပျံလာသည်။ ဖြစ်ချင်တော့ ထိုအုတ်ခဲကျိုးက ကိုနံခေါင်းပေါ် တည့်တည့်။

"ခွပ်"

"အား"

ခေါင်းကသွေးဖြာခနဲ။ ဆံပင်နီ၏ လက်ချက်ပင်။ ထိုခနမှာပင်

"ဟာ၊ ခဲနဲ့ထုတယ်၊ ချချ"

အော်သံနှင့်အတူ အားလုံး ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။ အားလုံးတဝုန်းဝုန်းနှင့် ပြေးသူပြေး လိုက်သူလိုက်နှင့် ရှုပ်ယှက်ခတ်ကုန်၏။

သတိရှိသော ယခင်အဖွဲ့မှ လူကြီးများက

"ဟော့ဟော့၊ သတိရှိကြ၊ ဘာမှမလုပ်နဲ့ ရှောင်နေကြနော်"

သူတို့ကသာ ရှောင်နေခိုင်းတာ၊ စွေစောင်းတို့ အဖွဲ့က ဘယ်သူ့မှ ရှောင်မနေ၊ ပါလာသော တုတ်များ အုတ်ခဲကျိုးများ ရမ်းပြီး ဝင်လာသည်။

"ဟော့ကောင်၊ လာပြီကွ။ လာပြီ"

ဝေကြီးအော်သံ။

ကိုနံ့ ခေါင်းကို ပြန်မော့ကြည့်တော့

"ဟင်"

သူ့နား ရောက်နေသော ဆံနီကောင်၊ ကိုနံ့ ကြောက်အား လန့်အား လှည့်ပြေးမည်ကြံသောအခါ

"ဟာ"

သူ့ခြေလှမ်းတွေ လှမ်းမရ။ သူ့ကို ဂုတ်က ဆွဲညှစ်ထားသော ဝေကြီး။ ကိုနံ့မျက်လုံးပြူးသွားပြီး

"ဝေကြီး၊ မင်း ဘာလုပ်၊ ဘာလုပ်"

သူ့စကားမဆုံးခင် ဆံနီကောင်တုတ်ပိုင်းက သူ့ခန္ဓာကိုယ်ပေါ် အဆက်မပြတ်။

"ခွပ်"

"ခွပ်"

"ခွပ်"

"အား၊ ဝေကြီး မင်း မင်း. . အား"

ဝေကြီးက သူ့ကို ချုပ်ထားရင်း

"တယ်လီဖုန်း ငါ့ကို မပေးထဲက မကျေနပ်တာကွ၊ ချစ်မ်း ချချ"

ကိုနံ့ သိလိုက်ပြီ။ ရာဇဝင်ကြွေး ခုမှ လာပေးဆပ် နေရကြောင်း.

"ခွပ်"





"ခွပ်"

"အား"

ကိုနံ့ ဘယ်လိုမှ မခံနိုင်တော့။ ဝေကြီးလက်မှ အတင်းရုန်းပြီး ပြေးထွက်လိုက်ရသည်။

သူ့ရှေ့မှာ လုံးနေအောင် ပြေးနေသူက ချစ်ရပါသော မခင်သန်း။ မိရွှမ်း။ မိမြကတော့ မိခေါင်းမြီးခြုံရင်း သစ်ပင် ဘေး ကပ်နေသည်။ သူ့ကို သစ်ကိုင်းခြောက် မှတ်ပြီး ဘယ်သူ မှ မမြင်။ ကလေးတစ်ယောက်ကသာ ပြေးရင်းလွှားရင်း ပြောင်နေသော သူ့ဖင်ကို မြင်ပြီး

"ဝေ့ါ ထွီ၊ ရွှံ့စရာကြီး"

ဟူ၍ တံတွေးဝင်ထွေးသွားသည်။ မိမြက ဖင်အေး သွားမှန်းတော့သိသည်။ သို့သော် တုတ်တုတ်မျှ မလှုပ်။ လှုပ်လျှင် အအုပ်ခံရမှာကိုး။

လူတွေက ရှုပ်ယှက်ခတ်ကုန်ပြီ။

ကိုနံ့ လှည့်မကြည့်တော့၊ သွေးကျနေသော ခေါင်းကို အုပ်၍ ပြေးရပြီ

× × × × × ×

နေစောင်းပြီ။

လူပြန်စုရမည့် ဆုံမှတ်သို့ ကိုနံ ရောက်ပြီ။ ကျန်သည့် သူမည်သူ့အရိပ်အယောင်မှ မတွေ့ရ။ လာကြိုမည့် ကားများလဲ မမြင်။ ခပ်လှမ်းလှမ်းတွင်တော့ ကားတစ်စီး ထိုးရပ်ထားသည်ကို တွေ့ရသည်။ ထိုကားတွင်လဲ လူရှိနေပုံ မပေါ်။ လမ်းတစ်ဖက် တစ်ချက်မနီးမဝေးတွင် ရဲသား သုံးယောက်နှင့် ရဲကား တစ်စီးတွေ့ရသည်။ ကြည့်ရသည်မှာ အမြန်လမ်း လုံခြုံရေးများဖြစ်ပေလိမ့်မည်။

"အား၊ ကျွတ်ကျွတ်"

ကိုနံ ခေါင်းကို ပြန်စမ်းကြည့်သည်။ သွေးကား ခြောက်နေပြီ။ ဒဏ်ရာက သိပ်ကြီးပုံမပေါ်။

လမ်းဘေးဆင်းပြီး ရေမြောင်းက ရေများ လက်ဖြင့်ခပ်ယူပြီး သွေးများကို ဆေးကြောလိုက်သည်။

"အား ကျွတ် ကျွတ်"

ခေါင်းပေါက်ထားသည့်နေရာက ရေနှင့် ထိ၍ စပ်နေသည်။

"မေဘေးဝေကြီး"

ကိုနံ မကျေမချမ်းရေရွတ်သည်။ စိတ်ထဲမှာလဲ တနုံ့နုံ့။ အချင်းချင်းကို သူမို့လုပ်ရက်သည်။ ပြန်တွေးတိုင်း အသဲနာမိ၏။

"သစ္စာဖောက်ကောင်"

သူရေရွတ်နေတုန်းမှာပင်. . .

"ဟာ၊ ဘယ်သူမှ မရောက်သေးဘူးလား"

ရင်းနှီးသော အသံမို့ ခေါင်းထောင် ကြည့်လိုက်တော့

"ဝေကြီး"

ခုနကပင် သူ့ကိုတစ်ဖက်လူအားရပါးရ ချနိုင်အောင် ဖမ်းချုပ်ပေးခဲ့ သောဝေကြီး။ အခုတော့လဲ ဘာမှမဖြစ်ခဲ့သလို၊ ဘေးဘီဝေ့ကြည့်ရင်း

"ဟေ့ကောင် နောင်ကြီး၊ ဘယ်သူမှ မလာသေး တာလား"





ဝေကြီးကို မြင်တော့ ကိုနံ ဒေါသထွက်သွားပြီး

"ဟင်. . မင်း. . မင်း"

ဆိုပြီး ပြေးထိုးရန်ပြင်သည်။ ဝေကြီးကလဲ လည်သည်။ သွားကို အကုန်မြင်ရအောင်ဖြဲခနဲဖြဲချလိုက်ပြီး လက်ကိုကာလိုက်ကာ. . .

"ဟာ၊ ဟေ့ကောင်၊ နေပါဦးနေဦး၊ အချင်းချင်းကို"

ဝေကြီး စပ်ဖြဲဖြဲမျက်နှာမြင်တော့ နောင်ကြီး ပြေးထိုးမဲ့လက် တန့်သွားသည်။ လက်သီးကိုသာ ရွယ်၍ အံကြိတ်သံဖြင့်

"မင်းကွာ. . လုပ်ရက်တာ"

ဝေကြီးက ကိုနံလက်ကို ဆွဲ၍ တဟဲဟဲ ရယ်ရင်း. . .

"ဘယ်နားထိသွားလဲ၊ မှန်းစမ်း၊ ဟဲဟဲ၊ သြော်၊ ခေါင်း နည်းနည်းပေါက်သွားတာပဲ၊ ဘာမှ မဖြစ်ပါဘူး"

ဝေကြီးက ကိုနံ ခေါင်းကို ပွတ်ရင်း ပြောသည်။ ကိုနံကသာ ခေါင်းပြန်ကိုင်ပြီး

"အား၊ ကျွတ်ကျွတ်၊ ဟိုကောင်တကယ် ဝင်ဆော်သွား တာပဲကွ။ ကျွတ်ကျွတ်"

သူ့ရေရွတ်စကားကို ဝေကြီးက. . .

"အဲဒါ မင်းကို ငါက ပညာပေးလိုက်တာ"

ကိုနံ မျက်မှောင်ကျုံ့သွားသည်။

"ဘာပညာပေးတာလဲ"

ဝေကြီးက ဘေးဘီဝေ့ကြည့်ရင်း

"ငါတို့စည်းကမ်းလေ"

ကိုနံ သူ့စကားကို နားမလည်။

"ဘာစည်းကမ်းလဲ"

"ငါတို့လို လူတွေရဲ့စည်းကမ်းက တစ်ယောက်ကို တစ်ယောက် ဘာစည်းကမ်းမှ မရှိဘူးဆိုတာပဲ။ မှတ်ထား"

"ဩော်"

ကိုနံ ခေါင်းညိတ်မိသည်။ သဘောကတော့ တစ်ယောက်ကို တစ်ယောက် ဘာစည်းကမ်းမှမထားတာကိုက စည်းကမ်းတစ်ခုလို။ ဝေကြီးဘေးဘီ ဝေ့ကြည့်ပြီး . .

"အေး၊ ဘယ်သူမှလဲမတွေ့ပါလား။ ချိန်းထားတာ ဒီနေရာပါပဲနော်"

"ဟုတ်ပါတယ်ကွာ၊ ငါအသေအချာမေးခဲ့တာပဲ"

ဝေကြီး ခြေလှမ်းတန့်ပြီး မျက်မှောင်ကျုံ့ သွားသည်။

"နေပါဦး၊ ဒီပွဲကို စီစဉ်တာက ဘယ်သူလဲ"

ကိုနံ သူ့ကွဲနေသော ခေါင်းကို ပြန်စမ်းရင်း

"လှဆွေလားပဲ"

ဝေကြီး ပျော့ကျသွားသည်။

"သွားပြီ၊ ဒါဆိုသွားပြီ"

"ဟင်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီလူက လူလိမ်။ တစ်ခါကလဲ ပွဲတစ်ပွဲကို တစ်ယောက်ငါးထောင်နဲ့ ခေါ်သွားတာ။ ပြီးတော့ လေးထောင့် ငါးရာပဲပေးတယ်။ အဲ့ဒါနဲ့ သွားပြောတော့ မင်းတို့ ကားပေါ်မှာ ထိုင်နေရုံနဲ့ ဒံပေါက်တစ်ထုပ် ပိုက်ဆံလေး ထောင့် ငါးရာရတာ မတန်ဘူးလား ဘာလားနဲ့ ပြန်ဖြနေတာ"

"ဟာ၊ အဲ့ဒါဆို အခုက ဘယ်လိုလုပ်မလဲ"

"သေချာတယ်ဟေ့ကောင်၊ လာကြိုမယ်ဆိုတဲ့ ကား တွေလာမှာမဟုတ်တော့ဘူး"

ကိုနံ စိတ်ညစ်သွားသည်။ ခုန ဝေကြီးပြောသော စကားက ချက်ချင်းခေါင်းထဲပြန်ဝင်လာ၏။

"ငါတို့စည်းကမ်းက တစ်ယောက်ကို တစ်ယောက်





ဘာစည်းကမ်းမှ မရှိတာစည်းကမ်းပဲ"

လမ်းပေါ်ကြည့်တော့ ဖြတ်သွားဖြတ်လာကားများ ကျဲပါးဆဲ။

ဝေကြီးက ဟိုကြည့်ဒီကြည့်လုပ်ပြီး . .

"နေဦးကွ၊ ဒီအတိုင်းနေမဲ့အတူ တစ်ခုခု ကိုယ့်အတွက် ကျန်အောင်လုပ်ရမယ်"

ကိုနံ မျက်လုံးပြူးသွားသည်။ ဒီကောင်မျိုးက မထင်ရင် မထင်သလိုကိုး . . .

"ဟေ့ကောင်၊ ဘာလုပ်ဦးမလို့လဲ"

ဝေကြီးမျက်စပစ်ပြီး

"ဟိုရပ်ထားတဲ့ကား ဘက်(ခ်)မှန်ဖြုတ်မယ်လေ"

ကိုနံ ထိတ်ထိတ်ပြာပြာဖြစ်သွားသည်။

"ဟိတ်ကောင် ဟိုမှာ ရဲကားက မဝေးဘူးနော်"

ဝေကြီးက ဂရုမစိုက်ဟန်ဖြင့် . . .

"အေးဆေးပါကွာ၊ အဲ့ဒီရဲကား မင်း အခြေအနေကြည့်ထား၊ ဘက်(ခ်)မှန် ငါသွားချွတ်မယ်"

ဆိုကာ ခဏရပ်ထားသောကားဆီ ခပ်တည်တည် လှမ်းသွားသည်။ နောက်ပတ်ဝန်းကျင် အခြေအနေကြည့်ပြီး

"ယောက်ျားတံခွန် လူရည်ချွန်၊ ကောင်းကင် တမွတ်၊ ဘက်(ခ်)မှန်ချွတ်ပြီ"

သီချင်းတညီးညီးနှင့် ကားဘက်(ခ်)မှန် ချွတ်နေသည်။

ကိုနံကသာ ဘက်(ခ်)မှန်ချွတ်နေသော ဝေကြီး ကြည့်လိုက်၊ ခပ်လှမ်းလှမ်းမှ ရဲကိုကြည့်လိုက်ဖြစ်နေသည်။ ဝေကြီးကတော့ အေးအေးဆေးဆေးပင် သီချင်းလေးညီးရင်း ကားဘက်(ခ်) မှန်ရအောင် ဖြုတ်နေသည်။

ဝေကြီးပုံကို ကြည့်မှ ကိုနံလဲ သဘောပေါက် တော့သည်။

သေချာသည်။ ဒီကောင်သူခိုးဘဝက ဒီထဲ ရောက်လာ တာဖြစ်ပေမည်။

"ယောက်ျားကောင်းတို့မည်သည် ဘက်(ခ်)မှန် ကိုလဲ ချွတ်၊ ချွတ်တတ်ရမည်"

ဝေကြီးကို ကြည့်ပြီး ကိုနံခေါင်းထဲ လက်ခနဲ။

"ဩော်၊ ဒီကောင် ဒီလိုကိုး"

ဟု တွေးမိပြီး အေးအေးဆေးဆေး ငေးကြည့်နေလိုက်သည်။

"ရပြီ"

ရေရွတ်သံနှင့်အတူ ဝေကြီးလက်ထဲ ကားဘက်(ခ်) မှန်တစ်ဖက် ပါလာသည်။ ထိုတော့မှ ကိုနံရုတ်ချည်း ကားလမ်းတစ်ဖက်ကို ပြေးသွားရင်း . . .

"ဦးဦးရဲသားတို့ ဦးဦးရဲသားတို့ ၊ ဟိုကောင် ဟိုကောင်၊ ကားဘက်(ခ်)မှန် ဖြုတ်ခိုးနေလို့၊ ကားဘက်(ခ်)မှန် ဖြုတ်ခိုးနေလို့"

"ဟင်"

ကိုနံ၏ အပြုအမူကြောင့် ဝေကြီး ကြောင်သွားသည်။ သူလုံးဝ မထင်မှတ်သော မြင်ကွင်း။ သူ့လက်မှာက ဖြုတ်ပြီးသား ဘက်(ခ်)မှန် တစ်ချပ်။

"ဦးဦးရဲသားတို့၊ ဟိုမှာ ဟိုမှာ ကားဘက်(ခ်)မှန် သူခိုး၊ ဘက်(ခ်)မှန် သူခိုး"

"ဘယ်မှာလဲ"

"ဟိုမှာ ဟိုမှာ"

"ဟာ လိုက်၊ လိုက်၊ မိအောင်လိုက်"

ပြေးလာသောခြေသံများ။ ဝေကြီး ကားဘက်(ခ်) မှန်ကြီး ကိုင်ပြီး ကြောင်ကြည့်နေမိသည်။ နောက်မှ သူ သတိရပြီး လှည့်ပြေးမည်ကြံစဉ်

"ဟာ"

ရဲသားသုံးလေးယောက်က သူ့ကို ဝိုင်းချုပ်ထားပြီးပြီ။





သူပြေးမလွတ်တော့. . .

"ကလစ်"

လက်ထိပ်ခတ်သံ။

"သွားပြီ"

ဝေကြီး နဖူးမှ ဇောချွေးတို့ စိမ့်ထွက်လာသည်။

သူ လှမ်းကြည့်တော့၊ သူ့ဆီတစ်လှမ်းချင်း ခပ်တည်တည် လှမ်းလာသော သူ့ သူငယ်ချင်း နောင်ကြီး။

နောင်ကြီး၏ မခို့တရို့အပြုံးကို မြင်တော့၊ ဝေကြီး ဒေါသထွက် ယူကြုံးမရလဲ ဖြစ်သွား၏။

"နောင်ကြီး၊ နောင်ကြီး၊ မင်းကွာ တောက်"

သူ၏ အသံတိုးတိုးဖြင့် ကြိတ်မနိုင်ခဲမရ စကားကို နောင်ကြီးက အနားထိကပ်လာပြီး

"မင်းပဲပြောထား တယ်လေ၊ ငါတို့ရဲ့ စည်းကမ်းဆိုတာ တစ်ယောက်ကို တစ်ယောက် ဘာ စည်းကမ်းမှ မရှိတာပဲဆို"

"နောင်ကြီးကွာ"

ဝေကြီး ငိုသံဖြင့် ရေရွတ်သည်။ ဒါကို နောင်ကြီးက. .

"အေး မင်းကို ငါပြန်ပြီး သင်ပေးလိုက်ဦးမယ်၊ မှတ်ထား၊ စည်းကမ်းမရှိတဲ့နေရာမှာ ထိထိရောက်ရောက် အသုံးချတတ်ရမယ် ဆိုတာပဲ၊ မသေမချင်းမှတ်သွား"

"နောင်ကြီး . . မင်းကို ငါ တစ်သက်မကြေဘူးကွ"

ဝေကြီး၏ အော်သံတချို့ ကိုယ်တိုင်က ရဲလက်ထဲ ယက်ကန် ယက်ကန် ပါသွား၏။

သိပ်မကြာပါ၊ ရဲကားများ ဝေကြီးကို တင်ဆောင်ပြီး ၊ ငှ ခနဲ မောင်းထွက်သွားလေတော့သည်။

× × × × × ×

နောင်ကြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ လွင်ပြင်ကျယ်မှ တိုက်ခတ်လာသော လေတို့က အေးမြနေသည်။

အနီးအနားမှာ ဘယ်သူမှမရှိ။ သူ လူချွန်လူကောင်းသီချင်းကိုသာ အသံခပ်ကျယ်ကျယ် သီဆိုလိုက်သည်။

"ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်"

ပြီးနောက် ခုန ဝေကြီး ဖြုတ်ခဲ့သော ကားဆီ ခပ်ဖြည်း ဖြည်း ပြန်လျှောက်သွားသည်။

ဝေကြီး ဖြုတ်ဖို့ ကျန်ခဲ့သော ကားဘက်(ခ်)မှန် တစ်ဖက်ကို လူချွန်လူကောင်း သီချင်းတညီးညီးနှင့် အေးအေး ဆေးဆေး ဖြုတ်နေလိုက်သည်။

"ကမ္ဘာ့ရေကြောင်း သဘော်မောင်းနှင့်"

× × × × × ×





အရောင်များသည် သဘာဝတရားဖြစ်၏။

ဖြူသောနေ့ ရှိသည်။ ပြာသောနေ့ ရှိသည်။ မဲမှောင်သောနေ့လည်း ရှိပေလိမ့်မည်။

ထိုနည်းတူစွာ လူတို့၏ ကံတရားသည်လည်း ဖြူသောကံတရား။ နီသော ကံတရား၊ စိမ်းလန်းသော ကံတရား၊ ညိုညစ်သောကံတရား စသည်ဖြင့် ရှိနိုင် ပါသည်။

ထိုမှ အစပြု၍ လူများသည်လဲ အရောင်များ အဖြစ်ပြောင်းလဲမှန်းမသိ ပြောင်းလဲလာ၏။

ဖြူသောသူ၊ ညိုသောသူ၊ နီရဲသောသူ၊ ရွှေရောင်အဆင်းလူသား စသည်ဖြင့် ကွဲပြားခဲ့လေပြီ။ မည်သို့ပင် အသားအရောင်ကွဲပြားပါစေ။ လူတိုင်း၌ အရိပ်တစ်ခုကိုတော့ မပိုင်ဆိုင်ချင်လဲ ပိုင်ဆိုင်ကြရပေသည်။

သို့သော် အရိပ်မဲရှိတိုင်း၊ လူကား မမဲနိုင်။ အဘယ်ကြောင့်ဆိုသော် လူတိုင်း၌ အရိပ်မဲတစ်ခုစီ ရှိကြမြဲပင်။ ဆိုကြသော် အရိပ်မဲတစ်ခုကို မေ့မပြစ်ပဲ မည်သူမျှ ဘဝသစ်ကို မစတင်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော်၊ အရိပ်မဲ မရှိသော သူသည် လောက၌မရှိ။

× × × × × ×

ဂျိုင်း ခနဲ တံခါးဖွင့်သံနှင့်အတူ၊ လူတစ်ယောက် မြင်ကွင်းထဲသို့ တိုးဝင်လာသည်။

"ဝေကြီး"

"ဟာ၊ ကိုနံ"

ထောင်ဝတ်စုံပြည့် လက်ထိပ်တန်းလန်းနှင့် ဝေကြီးက ကိုနံကို ရှင်လန်းစွာ နှုတ်ဆက်သည်။

ကိုနံ စိတ်ထဲ ထိုသို့ထင်မထား။ သူ့ကို ထောင်ဝင်စာ တွေ့လျှင် ဝေကြီးက သေချာပေါက် စိတ်ဆိုးမည်ဟု တွက်ခဲ့ သည်။ အခုတော့ အထင်နှင့်အမြင် တခြားစီ။

"နေကောင်းလား၊ ဝေကြီး"

"ကောင်းပါတယ်ကွ၊ အေးဆေးပါပဲ"

ဝေကြီးက တကယ့် အေးအေးဆေးဆေးပုံ။ ကိုယ့်အိမ် ကိုယ့်ယာ ပြန်ရောက်ပြီး အပန်းဖြေနေသလိုမျိုး။ ထိုင်ခုံမှာ ထိုင်ပြီး၊ ဒူးပင်နှံ့နေသေး၏။

"ဒီမှာ. . ငါ မင်းအတွက် ငပိကြော် ယူလာတယ်"

ပေကြီးက ငပိကြော်ဗူးကို မ ကြည့်ပြီး. . .

"အေး. . အတော်ပဲ၊ ငါလဲ ငပိကြော် စားချင်နေ တာကွ"

ဝေကြီးက ရယ်ရယ်ပြုံးပြုံး ရှိသော်လည်း၊ ကိုနံ ရင်ထဲမကောင်း။ သူ့ကြောင့် ဝေကြီး ဒီလို အထဲရောက် နေရသည်ကိုး။ ထို့ကြောင့် မလုံမလဲဖြင့်

"ငါ၊ ငါ စိတ်မကောင်းပါဘူး ဝေကြီးရာ။ ငါလဲ စိတ်လိုက်မာန်ပါ လုပ်လိုက်မိတာ"

"ဟား. . ဟား. . ဟား. . ."

ဝေကြီးက အားရဝမ်းသာ ရယ်သည်။ သူ့ပုံက တကယ့် ရွှင်ရွှင်လန်းလန်းပြုံး၍ ကိုနံ ပခုံးကို လာပုတ်ပြီး





"ဘာမှ စိတ်မကောင်းမဖြစ်နဲ့ သူငယ်ချင်း၊ မင်း ကောင်းမှုနဲ့မှ ငါလဲ အမျိုးတွေနဲ့ ပြန်တွေ့ရတာ"

"တကယ်"

"ဟုတ်တယ်။ သူတို့ကတောင် ငါ ရောက်လာလို့ ပျော် နေသေး။ သူတို့ကတောင် ငါ့ကို ရောက်တုန်း ရောက်ခိုက် ဒီထက်ပို ကြာကြာနေစေချင်တာ။ ဒါပေမဲ့ ပြန်ဖျောင်းဖျ ထားရတယ်။ မဟုတ်ဖူးလို့ ကျွန်တော်က အမျိုးတွေ သတိရလို့ အလည်သက်သက် ဝင်လာတာလို့။ သူတို့က မကျေနပ်ဘူး။ ဟား. . ဟား. . ဟား"

ဪ. . ကောင်းလိုက်သည့်အမျိုး။ တစ်ဆွေလုံး တစ်မျိုးလုံး အထဲရောက်နေကြတာကိုး။ ထောင်ထဲမှာ အမျိုးတောင့်တော့ ပျော်စရာကြီးပေါ့။ ဒါကြောင့် ပျော်နေနိုင်တာကိုး။ ဝေကြီး၏ အမျိုးများ အကြောင်းကြားရတာ ပျော်စရာကောင်း၏။

"အမျိုးတွေထဲမှာ ငါက အလိမ္မာဆုံးဆိုတော့ သူတို့ ချစ်ကြ တယ်ကွ"

အလိမ္မာဆုံးလူက ခိုးမှုနှင့် ထောင်ကျနေသူ။ ကျန်သူ တွေဆို စဉ်းစားကြည့်။

"မင်း စဉ်းစားကြည့်လေကွာ။ အခု မင်းလိုမျိုး တစ်ရက် တလေမှ ထောင်ဝင်စာ လာတွေ့နေရင် အမျိုးစုံ အောင် ဘယ်တွေ့ ရမလဲ။ ဒီလို ခြောက်လ တစ်နှစ်နေမှ ဘာတာ အစုံရောက်ပြီး အမျိုး စုံစုံလင်လင် တွေ့ရမှာ"

ဆွေမျိုးထုက အံ့မခမ်းပင်။

"အဖေကလဲ အသက်ကြီးပြီလေ။ သူ့ကို အနီးကပ် ပြုစုဖို့ လူက လိုပြီ။ အခုဆို အဖေက ငါရောက် လာလို့ စိတ်တွေချမ်းသာနေတာ၊ အမေနဲ့ကတော့ မတွေ့ရဘူးပေါ့။ သူက ဟိုဘက်မှာ ဆိုတော့လေ"။

အလွန်ပျော်စရာကောင်းသော မိသားစုပင်။ အဖေ ဦးလေး၊

ဘကြီး အားလုံးနှစ်ကြီးသမား တွေချည်း။ အခုသား အလိမ္မာလေး ထောင်ထဲရောက် လွန်ပျော် နေကြရှာပြီ။

“ဒါနဲ့ မင်းနဲ့မခင်သန်းရော အခြေအနေ ဘယ်လိုလဲ၊ ကလေးတွေ ဘာတွေ ရပြီလား”

ဝေကြီး အမေးကြောင့် ကိုနံ့ သက်ပြင်းချမိသည်။ သူ၏ စိတ်ထဲတွင်လဲ မခင်သန်း၏ ဖားမျက်နှာကြီး ပေါ်လာ၏။ ကိုနံ့ ခေါင်းခါရင်း. .

“ မခင်သန်းက အရင်လို မဟုတ်တော့ဘူးကွ”

“ဘယ်လို”

ဝေကြီး စိတ်ဝင်စားသွားသည်။ ကိုနံ့ အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်မိသည်။ နှာခေါင်းထဲတွင်တော့ ထောင်နံ့က တလှိုင်လှိုင်. . .

အလိုလိုနေရင်း မခင်သန်းအကြောင်း ခေါင်းထဲ ရောက်လာသည်။

“ငါ ပြန်ဦးမယ် သူငယ်ချင်း”

“ဩော်. . အေးအေး . . ပြန်တော့မှာလား။ မင်းလဲ ငါမထွက်ခင် ဝင်လာဦးလေကွာ”

ဝေကြီးက ဖိတ်ခေါ်သည်။ ကိုနံ့က ခေါင်းညိတ်ပြီး

“အင်းပါ။ ငါစဉ်းစားလိုက်ဦးမယ် သူငယ်ချင်း သွားပြီ”

“အေးအေး. . ဝင်ဖြစ်အောင်တော့ ဝင်ခဲ့ကွာ၊ ဒီမှာ အကုန် ငါတာဝန်ယူတယ်. . ပျော်စရာကြီး”

× × × × × ×





အပြင်မှာ နေမင်းက ဖျော့တော့တော့ အလင်းရောင်သာ ပေးသည်။ ကိုနံ့၏ ရင်ထဲတွင်လဲ ဖျော့တော့တော့ အတွေးသာရှိသည်။

မျှော်လင့်ချက်တွေက မှိန်ဖျော့နေပြီ။

“အလှာချင်းမတူလို့ မပေါင်းရတော့ဘူးတဲ့လား မခင်သန်းရယ်”

ကိုနံ့ တိုးတိုးသာ ရေရွတ်မိသည်။ မှန်ပေသည်။ မခင်သန်းနှင့်သူ အလှာချင်းခြားခဲ့လေပြီ။

ခင်သန်းကြည်နှင့် ကိုနံ့၊ ရင်ခေါင်းနှင့် ဒူး ပမာ။

× × × × × ×

မာနတွေစိမ်းစိုနေတဲ့ တောတန်းမှာ မခင်သန်း ရှိတယ်။

"အမှန်တရားဟာ လက်တွေ့မဆန်ဘူး"

ခံယူချက်နဲ့ မခင်သန်း စိမ်းလန်းတယ်။ အမှန်ကန် မဟုတ်မှန်း သိပေမဲ့ ပတ်ဝန်းကျင်က သူ့ကို ရေလောင်း ပေါင်းသင်တယ်။ မျိုးစေ့မမှန်တဲ့အတွက် ခပ်ခါးခါး အပင်ပေါက်တယ်။

လူ့အဖွဲ့အစည်းမှာရှိတဲ့ အဆိပ်ပင်ဆိုတာမျိုးက ပုန်းရှိုးကွယ်ရှိုးနေနိုင်ရိုးကား တခါတလေလဲ လူလုံးပြကောင်းပြရဲ့။ မလတ်ဆတ်နိုင်တော့တဲ့ အတုအယောင် မေတ္တာတရားဆိုတာ ဖွဲ့စည်းပုံပျက်နေတဲ့နိုင်ငံတစ်နိုင်ငံ လိုပါပဲ။ နေရာဒေသအမှား သက္ကရာဇ်အမှား၊ မာနအမှား၊ အမှန်တရားအမှားနဲ့ ခပ်ရွှဲရွှဲစောင်းစောင်းပဲ နေထိုင်တယ်လေ။ မမှားဘူးထင်နေတာကိုက အမှားပဲပေါ့။

ဒီလိုပါပဲ မခင်သန်းရယ်။ မမှားဘူးထင်နေတာကိုက အမှားတစ်ခုပါပဲ။

ဤသို့ ချစ်ရပါသည် ခင်သန်းကြည်။

အမှားတစ်ခုကို ဆက်လက်ဆုပ်ကိုင်ထားမိမှန်း သိရသောနေ့ကို ပြန်အမှတ်ရမိပါသည်။ ခင်သန်း ကြည်. .

ထိုနေ့ကား. . .

× × × × × ×





နေစောင်းပြီဖြစ်သော်ငြား လေပူများ တိုက်ခတ်နေသည်။ အဝေးပြေးကားများထွက်ချိန် မဟုတ်၍ထင့်၊ လမ်းမပေါ် ကိုယ်ပိုင်ကားများသာ ခပ်ကျဲကျဲပြေးလွှား နေသည်။

ဝေကြီးကို လက်ထိပ်ခတ် တင်ဆောင်သွားသော ကားက ခပ်ဝေးဝေးရောက်နေလေပြီ။ ကိုနံ့ တစ်ယောက်ထဲ ဖြုတ်ထားသော ကားဘက်(ခ်)မှန်ကိုကိုင်ရင်း ယောင်လည် လည်။ စိတ်ထဲတွင်လဲ. .

"တောက်၊ ဝေကြီးရှိရင်ကောင်းမယ်"

ဟူ၍ သူချောက်တွန်း၍ ရဲဖမ်းခံလိုက်ရသော သူငယ်ချင်း အကောင်းစားကို ပြန်သတိရမိသည်။

ယောင်လည်လည်နှင့် အဝေးပြေးလမ်းမ ခပ်ဝေးဝေးကို ငေးကြည့်နေမိသည်။

"ဟာ"

ခပ်ဝေးဝေးမှ ပြေးလာသောကားကိုမြင်၍ ကိုနံ့ ဝမ်းသာသွားသည်။ ကားက သူတို့ကို လာကြိုသွားသော ကားနှင့် ပုံစံတူပင်။

ကိုနံ့ ဝမ်းသာပြီး လမ်းမပေါ်ပြေးတက်လိုက်သည်။

ဟုတ်သည်။ သူတို့ကို လာကြိုသောကားပင် ဖြစ်လိမ့်မည်။ ကိုနံ့ ဝမ်းသာအားရ လက်ကို ဝှေ့ယမ်း မြှောက်ပြလိုက်သည်။ ကားလေးက နီးလာတော့မှ. .

"ဟင်"

ကားကိုမြင်တော့မှ ကိုနံ့ လန့်သွားသည်။ မှန်ပေ သည်။ ကားက သူတို့ကို မကြာခဏ တင်ပို့နေသောကား။ သို့သော် ထိုကားမှာ သူတို့အဖွဲ့ ကားမဟုတ်။ ဇွေစောင်းတို့ ကားကြီး။

ဇွေစောင်းတို့အဖွဲ့ကားကိုမြင်တော့ ကိုနံ့ တုန်တက်သွားသည်။ ကားပေါ်ခေါ်တင်သွားပြီး မထင်လျှင် မထင်သလို နှိပ်စက်သွားမှဖြင့်ဒုက္ခ။ ပြောလို့ရသည်မဟုတ်။ ဘာစည်းကမ်းမှ မရှိတာကိုက

စည်းကမ်းပင် မဟုတ်လား။

ကိုနံ့လန့်ပြီး လမ်းဘေးအမြန်ပြန်ခုန်ချပြီး ပုန်းနေလိုက်ရသည်။

ကားက ဗြိုးခနဲ ဖြတ်ကျော်သွားသည်။ ကားပေါ်တွင် သူ့ကို "သမ" ခဲ့သော ဆံပင်နီကောင် ဘီယာချရင်းလိုက်ပါ သွားသည်ကို တွေ့ရ၏။

အတော်ကြာသည်အထိ သူမထရဲ။ လမ်းဘေးမှာပင် ပုနေမိသည်။ အခြေအနေငြိမ်သက်လောက်မှ ဘေးဘီ ဝေ့ကြည့်တော့

"ဟာ"

သူနဲ့ မလှမ်းမကမ်းသစ်ပင်အောက်မှာ ကုန်းကုန်း ကွကွနှင့် တစ်ခုခုကို စူးစမ်းနေဟန်ရှိသော သူတစ်ယောက်။

"မြင်ဖူးသလို ရှိသား"

သူထင်မိသည်။ ထိုသူကတော့ သူ့ကို မြင်ပုံမရ။ တခြားဖက်ကို ကုန်းကုန်းကွကွနှင့် စူးစမ်းနေသည်။ ကြည့်ရတာ ပါလာသော တယ်လီဖုန်းကင်မရာဖြင့် တစ်ခုခုကို ခိုးရိုက်နေသလို။

"ဘယ်သူပါလိမ့်"

အသေအချာကြည့်မှ. .

"ဟာ မိရွှမ်းဖြစ်မယ်"

ဒီလောက်ပုသောအရပ်ကို သူမှတ်မိသွားသည်။ မိရွှမ်းကတော့ သူ့ကို မြင်ပုံမပေါ်။ တစ်နေရာရာကို စိတ်ဝင် စားနေပုံ။

ကိုနံ့ ဝမ်းသာသွားပြီး မိရွှမ်းဆီ အသာအယာ ချည်း ကပ်လိုက်သည်။ မိရွှမ်းက သူ့အနားရောက်သည်အထိ သတိမထားမိသေး။ တယ်လီဖုန်းနှင့် တစ်နေရာရာကို ခိုးရိုက်ပြီး ပျော်နေသည်။ နှုတ်ကလဲ

"ဟိဟိ Live လွှင့်ရမည်။ ဟိဟိ"

ကိုနံ့ အနားကပ်ပြီး မိရွှမ်းတယ်လီဖုန်းကင်မရာကို လှမ်းကြည့်လိုက်သည်။ ကင်မရာမှာ ပေါ်နေသည်က လူနှစ်ယောက် ကန်သင်းရိုး





အကွယ်လေးမှာ နပန်းလုံးနေကြပုံ။ ကင်မရာက သေးနေတော့ မသဲကွဲ။ ထို့ကြောင့်

"ဟိတ်. . မိရွှမ်း"

အနီးကပ် ပခုံးပုတ်လိုက်တော့ မိရွှမ်းတုန်တက်သွားသည်။ လှည့်ကြည့်ပြီး

"ဟာ. ကိုနံ့"

ကိုနံ့ကိုမြင်တော့ အံ့အားသင့်သွားသည်။ နောက် ဖြဲခနဲရယ်လိုက်ပြီး. .

"ဟိဟိ၊ ပွဲကောင်းနေပြီ၊ ဟိုမှာ လုံးနေတာ အတော် ကြာပြီ"

သူ ညွှန်ပြရာလှမ်းကြည့်တော့ ဖုန်တထောင်းထောင်းနှင့် လူနှစ်ယောက်လုံးနေသည်။ ကန်သင်းရိုးကလဲ ကွယ်နေတော့ မည်သူမည်ဝါမသဲကွဲ။

ထို့ကြောင့်. .

"ဘယ်သူလဲ၊ အဲဒါတွေ"

"မခင်သန်း"

"ဘာ"

ကိုနံ့ ငယ်ထိပ်မိုးကြိုးပစ်သလို ခံစားလိုက်ရသည်။

"ဟိုပွဲပြီးတာနဲ့ ဒီပွဲဆက်ကတာ ဟိဟိ။ ပျော်စရာကြီး။ ကောင်ကတော့ ဘယ်ကောင်လဲ မသိဘူး" မိရွှမ်းက ပျော်နေသည်။

"ကျွန်မ Live လွှင့်နေတာ ဟိဟိ။ နာမည်ကြီးပြီ"

ကိုနံ့သာ လမ်းဘေးမှာ ချထားသော စာခြောက်ရုပ်လို ငြိမ်သက်သွားသည်။ နောက် အလိုလိုနေရင်း မျက်ဝန်းထဲ မျက်ရည်ကြည်များ ဝေ့တက်လာသည်။

ပင်ပန်းလျှင် မရှင်လန်းမှာစိုးလို့ ဈေးသွားလျှင်တောင် ဆိုက္ကားနဲ့ လိုက်ပို့ခံရသော မခင်သန်း။

တစ်ခုခုဖြစ်ဖို့ ပြေးပေါက်ရှာတိုင်း သူပြေးလို့ လွတ်အောင်
ခန္ဓာကိုယ်ထဲမှရှိသမျှ အားနဲ့ကာကွယ် လမ်းရှာပေးခဲ့ရပါသော မခင်သန်း။

လူလည်ခေါင် ပါးအရိုက်ခံရတာတောင်၊ တယ်လီဖုန်း ရတဲ့အခါ
အမှတ်တရ ချစ်သက်လက်ဆောင် ပြန်ပေးခဲ့ရ ပါသော မခင်သန်း။

နေ့လဲ ခင်သန်း၊ ညလဲ ခင်သန်းနှင့် နေ့နေ့ညည အိပ်မက်
မင်းသမီး မခင်သန်း။ ဤသို့ ချစ်ခဲ့ရသော မခင်သန်း။

ခုတော့ ဘယ်သူမှန်းမသိသော အကောင်နှင့် မျက်စိ ရှေ့တင်
ပလူးနေလေပြီ။

ကိုနံ ဘယ်လိုမှ မခံစားနိုင်တော့ အာခေါင်ခြစ်၍ အော်မိသည်။

"မခင်သန်း"

"ဟဲ့ ၊ ပလုတ်တုတ်၊ လန့်တာ ဖုန်းတောင် လွတ်ကျ ကုန်ပြီ"

သူအော်သံ မည်မျှကျယ်သည်မသိ။ ဗိုဒိုယို ခိုးရိုက်ရင်း
ဖီးလ်တက်နေသော မိရွှမ်းပင် တယ်လီဖုန်း လွတ်ကျသွား၏။

သူ၏ အော်သံကြောင့် ကန်သင်းရိုးအကွယ်မှ မခင်သန်း
ကျီးကြည့်ကြောင်ကြည့်နှင့် မော့ကြည့် သည်။ တစ်ကိုယ်လုံးကလဲ
ဖရိုဖရဲနှင့်။

"ဟင်၊ ကိုနံ ၊ မိရွှမ်း"

ကိုနံနှင့် မိရွှမ်းကိုမြင်တော့ မခင်သန်း ဖုတ်ဖက်ခါပြီး
ထလာသည်။ သူ့နောက်က ထလာသူကို ကြည့် လိုက်တော့. .

"ဦးဗြားကြီး"

ဦးဗြားကြီးကို မြင်တော့ ကိုနံ မျက်လုံးပြူးပြီး တုန်တက်
သွားသည်။ ဦးဗြားကြီးက ဘာမှ မဖြစ်သလိုနှင့် သွားကြီးဖြဲပြီး

"ဩော်. . ကိုနံတို့ မိရွှမ်းတို့ ရောက်တာကြာပြီလား၊
လာကြိုတဲ့ကားက နောက်ကျတယ်ကွနော၊ ဟဲဟဲ"

ဆိုကာ သူလဲ ဖုတ်ဖက်ခါ ထလာသည်။ ကိုနံကသာ





မျက်လုံးပြူးပြီး. .

"ဟင်၊ ခင်ဗျားတို့ ခင်ဗျားတို့၊ ဘာလုပ်နေကြတာလဲ"

သူ့အမေးကို ဦးဗြားကြီးက. .

"အော် . . အဟဲ . . အီးပါနေကြတာလေ။ အဟီး
ဘာဖြစ်လို့လဲ"

"ဟင်၊ အီးပါတာကလဲ ဖုန်တထောင်းထောင်းနဲ့"

သူ့အမေးကို ဦးဗြားကြီးက သွားကြီးဖြဲ ခေါင်းကုပ်ပြီး

"ဩော် အဲ့တာကဟိုလေ။အီးပါထားတာ သူများ မြင်မှာ
ဆိုးလို့ ဖုန်တွေနဲ့ ပြန်ဖုံးနေတာ။ အဟဲ၊ အဲဒါကြောင့် ဖုန်တွေက ဖလွှား
ဖလွှားနဲ့ ဖြစ်နေတာ၊ နော်. မခင်သန်း ခစ်ခစ်"

ဦးဗြားကြီးက လက်ညှိုးကောက်ကောက်ထိုးပြီး၊ မခင်သန်းကို
အကူအညီတောင်းသည်။ မခင်သန်းကတော့ ခပ်တည်တည်ပင်။ ဒါကို
မြင်တတ်သော မိရွှမ်းက. .

"ဟင် ၊ အီးပါတယ်လဲပြောသေး မရီးခင်သန်း ကျောမှာလဲ
ရိုးပြတ်တွေနဲ့"

မိရွှမ်းစကားကို မခင်သန်းစိတ်ဆိုးသွားပြီး. . .

"အိပ်ပြီး ပါတာပေါ့၊ အိပ်ပြီးပါတာ။ နေပူလို့ ကန်သင်းရိုးရိပ်မှာ
အီးအိပ်ပြီးပါတာ။ အံမယ်. . ကဗျာတောင် ဆန်သွားသေး"

"အိပ်ပြီးပါတာက ထားပါတော့၊ အီးပါတာ နှစ်ယောက်
ပူးကြီး"

မိရွှမ်းစကားကို ဦးဗြားကြီးက သွားဖြဲ၊ နားဖြဲနှင့်

"ဩော်၊ အဲဒါကလေ၊ ရှေးခေတ်က မနုသီဟ ဖင်နှစ်ခွ
အီးပါရင်ဘယ်လိုဖြစ်မလဲ၊ ငါနဲ့ခင်သန်း စမ်းကြည့်နေတာ။
ရှေးဟောင်းလေ ရှေးဟောင်း"

ကိုနံ ဘာပြောရမှန်းမသိတော့။ အမှန်တော့ ဦးဗြားကြီးမှာ

လက်ရှိ မိသားစုရှိသည်။ ဘယ်လိုမှ ထင်မှတ်မထားသော အခြေအနေပင်။ နားထဲတွင်လဲ

"စည်းကမ်းမရှိတာ၊ ငါတို့စည်းကမ်းပဲကွ"

ဆိုသော ဝေကြီး စကားသာ အထပ်ထပ် ကြားယောင်နေမိသည်။

ဒါကို မခင်သန်းက ဘာမှမဖြစ်သလိုဟန်ဖြင့်. .

"ဟယ်. ကိုနံ နင့် လက်ထဲမှာ မှန်နဲ့ ပြစမ်း"

ဆိုကာ ကိုနံ ခုဖြုတ်ယူခဲ့သော ကားဘက်(ခ်)မှန်ကို ဆတ်ခနဲဆွဲယူလိုက်သည်။ နောက်မှန်ကို ကြည့်ပြီး ရယ်ကျဲကျဲနှင့်

"ဟဲဟဲ၊ အတော်ပဲ၊ ငါလဲ အိမ်မှာ မှန်လိုလို့ ယူသွားပြီ"

ကိုနံ ဝေါင်စင်းစင်းနှင့် ကြက်ကြီးလည်လိမ်ထား သလိုငြိမ်နေသည်။ ထိုနေ့က ဘယ်ကားမှ လာမကြိုပါ။

နေဝင်ဆည်းဆာမှာ လူလေးယောက် အဝေးပြေး လမ်းတွင် မတ်တပ်ရပ်နေကြသည်။

မခင်သန်းကတော့ ခါးမှာ ကိုနံပေးထားသော တယ်လီဖုန်းကို ခါးချိတ်။ ကိုနံဆီမှ ရရှိထားသော ကား ဘက်(ခ်)မှန်ကိုကြည့်ပြီး ရွှင်မြူးနေသည်။

မိရွှမ်းကတော့

"အဝေးပြေးလမ်းနံဘေး လယ်ကန်သင်းရိုးမှာ နဂါးသိုက်ဝင်နေသော နဂါးမောင်နှမ"

ဆိုပြီး ခုန ရိုက်ထားတာကို Movie တင်လိုက်သည်။ သိပ်မကြာပါ။ မန့်တွေမနည်း တက်လာပြီး လူပေါင်း မြောက်မြားစွာ ဝင်ကြည့်၍ မှတ်ချက်ပေးကြသည်။

"အတော်ကြမ်းတာပဲနော်၊ နဂါးမောင်နှမ"

"ခေါင်းလောင်းကြီးရှိနေလို့ နဂါးမြူးတာဖြစ်မယ်"





"နတ်နဲ့နဂါး လှည့်စားနေတာလား"

စသည်ဖြင့် မှတ်ချက်ပြုကြသည်။

ကိုနံတစ်ယောက်သာ ခေါင်းငိုက်စိုက်နှင့် စိတ်ဓာတ်ပါ နေဝင်နေသည်။

"အရင်တစ်ခါ ပရဟိတတုန်းက မထည့်ဝင်ဖြစ်တဲ့ တစ်ပြား၊ အခုအခါမှ ပြန်ပေးနေသလား မခင်သန်းရယ်"

အတွေးထဲတွင်တော့ ဒဏ္ဍာရီထဲက မနုသီဟ ဖင်နှစ်ခွ၊ ဖုန်ထအောင် အင်အင်း ဘယ်လိုများပါခဲ့လဲ စဉ်းစားဆဲ။

× × × × × ×

"ငါရဲ့ ကောင်းကင်"

ကောင်းကင်ကို ကောင်းကင်ထဲထည့်လိုက်တာ၊
ကောင်းကင်ဟာ၊ ကောင်းကင်ဖြစ်လာတယ်။
ကောင်းကင်ဟာ ကောင်းကင်လိုပဲနေတယ်။
ကောင်းကင်ဟာ ကောင်းကင်လိုပဲပြာတယ်။
ကောင်းကင်ဟာ ကောင်းကင်လိုပဲညာတယ်။
ကောင်းကင်ဟာ ကောင်းကင်လိုပဲလာတယ်။
ဒါကြောင့် ကောင်းကင်ကို မုန်းတယ်။
ခင်သန်းကြည်ကို ချစ်တယ်။

ကဗျာကဝိ၊ ကိုနံ(လူမသန်)
ခေတ္တ၊ ကျုံးကျော်

× × × × × ×





မနက်ဝေလီဝေလင်းမှာပင် ကိုနံ ဆိုက္ကားကို ဖင်ကြား ညှပ်၍ အသင့်ပြင်ထားသည်။ မကြာမီ မခင်သန်း ငံပြာရည်ကြော် အရောင်း ထွက်တော့မည်ကိုး။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ ကိုနံ မခင်သန်းကို အပြစ် မမြင်ခဲ့။ မခင်သန်းစကားကို ကိုနံ ယုံ၏။

မိရွှမ်း၏ ဖော်ကောင်ကောင်းမှုနှင့် မခင်သန်းမှာ ကန်သင်းရိုး နံဘေးက 'နဂါးမောင်နဲ့'အဖြစ် Facebook ပေါ် နာမည်ကြီးခဲ့ သော်လည်း မခင်သန်း၏

"မနုသီဟ ဖင်နှစ်ခွ အင်အင်းဖုန်ထအောင် ဘယ်လိုပါလဲ စမ်းကြည့်နေတာ" ဟူသော စကားကိုသာ သူယုံ၏။ ထို့ပြင်မက မခင်သန်း မည်သို့ပင်ဖြစ်ခဲ့ဖြစ်ခဲ့ မခင်သန်းသာလျှင် သူ၏ကောင်းကင်။

ကိုနံ သူ၏ကောင်းကင် လာရာလမ်းကို လှမ်းမျှော်ကြည့် လိုက်သည်။ မနက်ဝေလီဝေလင်းမို့ ဘာမှမသဲကွဲ။

ကြည့်နေရင်းက သူတို့ တဲများဖက်မှ တိုးထွက်လာသော အရိပ်တစ်ခု။

"ဟော၊ လာပြီ"

ကိုနံ ရင်ထဲ ဒိတ်ခနဲ။

ဘယ်အချိန်ပဲဖြစ်ဖြစ် ရင်ခုန်ရပါသည် ခင်သန်း ကြည်။

ကိုနံ လုံချည် ပြင်ဝတ်လိုက်သည်။ ဆိုက္ကားအား ကုန်းနင်းရန်မဟုတ်။ နေရာဖယ်ပေးရန်။

အမှောင်မှ ထိုးထွက်လာသောအရိပ်။

"ဟာ"

ကိုနံ အံ့အားသင့်သွားသည်။ အမှောင်ထဲမှ ထွက်လာ သူက သူထင်သလို မခင်သန်းမဟုတ်။

"မိမြ"

မှန်ပေသည်။ မိမြက သူကြိုက်သော ပြောင်းဖူး တောင်းကြီး ခေါင်းရွက်၍ ရပ်ကွက်ထဲက ထွက်လာသည်။ မိမြကိုမြင်တော့ ကိုနံ့ အံ့အားသင့်သွားသည်။ ဒီအချိန်က မခင်သန်း ငံပြာရည်ရောင်း ထွက်ချိန်ကိုး။ ထို့ကြောင့်. .

"ဟဲ့၊ မိမြ"

ဟိုက ပုတုပုတုနှင့် မော့ကြည့်သည်။

"ဪ ဦးနံ့"

မိမြက ဦးအရွယ်မို့ ဦးတပ်ခေါ်သည်။ ကိုနံ့ကသာ အနောက် ဖက်မျှော်ကြည့်ရင်း

"ဟိုလေ . . မခင်သန်းရောဟင်"

"အံမယ်လေးလေ"

မိမြက မခင်သန်းအသံကြားသည်နှင့် မျက်နှာရှုံ့မဲ့၍ ရေရွတ်သည်။ ပြီးမှ. .

"ဘယ်မှာသွား အိပ်ပျော်နေလဲမသိဘူး။ ဖင့်စပွတ်လေး (Facebook) လေးဘာလေးလှန်ကြည့်ဦး၊ မခင်သန်းနဲ့ဦးဖြားကြီး နိုင်ငံခြားခရီးစဉ် ပါသွားတာ ကြာပေါ့"

"ဟာ"

ကိုနံ့ အံ့အားသင့်သွားသည်။ မိမြက သူကြိုက်သော ပြောင်းဖူးတောင်းခေါင်းရွက်ပြီး ရပ်ကွက်အတွင်း ဝင်ချ သွား၏။ ကိုနံ့သာ ကြက်သေသေနေမိသည်။

အမှန်ဆိုလျှင် ဟိုခရီးစဉ်မှာ ဦးဖြားကြီးကိစ္စ နဂါးမောင်နှမ ပေါ်လာ၍ ကိုနံ့ စိတ်နာပြီး တစ်ပတ်ခန့် မခင်သန်းကို မတွေ့ဖြစ်ခဲ့။ ထို့ကြောင့် ထိုအတောအတွင်း ဘာဖြစ်နေသည်ကို အဆက်အသွယ် ပြတ်ခဲ့သည်။ အခုတော့ သူတို့က နိုင်ငံခြားမှာတဲ့။





"ဟာ ရှာမှပဲ"

ကိုနံ့ ကမန်းကတမ်း ခါးကြားထိုးထားသော တယ်လီ ဖုန်းကိုယူပြီး Facebook ကိုဖွင့်လိုက်သည်။ ပြီးနောက် မခင်သန်း အကောင့်ကို ရှာဖွေလိုက်ရာ. .

"ဟာ"

ကိုနံ့ မျက်လုံးပြူးသွားသည်။ မခင်သန်း သူ့ဓာတ်ပုံနှင့် တင်ထားသည်များက. .

"ဂျပန်နိုင်ငံမှာတော့ ဒို့က ကချင်မလေးပေါ့"

ဒါကတစ်ခု။ နောက်တစ်ခုက ကရင်ဝတ်စုံနှင့် နိုင်ငံခြား သံရုံးရှေ့မှာ

"အမေကြီးကားမှာတော့ ကရင်မလေးပါ"

ဒါကတစ်ခါ။ နောက်တစ်ခုက

"ဖင်လန်မှာတော့ ရခိုင်မလေးဖြစ်ရပြန်"

ရခိုင်ဝတ်စုံနှင့်ကြည့်ရတာကို လူကြီးတစ်ယောက်၏ နိုင်ငံခြားခရီးစဉ်ကို တောက်လျှောက် ကလော်ကလယ်လုပ်ဖို့ ခရီးစဉ် ဆွဲသွားပုံရ၏။ သူ့အသား မည်းကြီးနှင့် လူမျိုးတွေ ကို စုံနေတာ။

ကိုနံ့ ထပ်ပြီးရှာကြည်တော့. .

"ဟာ"

မြင်လိုက်ရသောမြင်ကွင်းက ကိုနံ့ကို မျက်လုံးပြူး စေသည်။ အကောင့်တစ်ခုက တင်ထားသည်က. .

"နေရာတကာ၊ ဒီမိန်းမတစ်ယောက်ပဲ ရှိလို့လား"တဲ့။ အောက်မှာက ဝတ်စုံအမျိုးမျိုးနှင့် မခင်သန်း ပုံများ

"ရှမ်းမဲကြီး"

"ကချင်မှာ ဒီလိုရုပ်မျိုးရှိလား"

"ကချင်ဝတ်စုံသူပုံနှင့်"၊"ဒါလားရခိုင်"မခင်သန်းပင်။ဝတ်စုံသာ

ပြောင်းသည်။ လူမပြောင်း။

"ကျောင်းသူတဲ့ဟေ့။ ကြည့်လုပ်ပါဦး"

ဒါလဲမခင်သန်းပါပဲ။ ကျောင်းဝတ်စုံနှင့် ကွမ်းသွားနှင့်။

အောက်ဆုံးမှာမှ . .

"လက်စသက်တော့ နဂါးမောင်နှမကိုး"

မိရွှမ်းရိုက်ထားသော ဖုန်လုံးကြားက နဂါးမောင်နှမ Movie။

အခြေအနေမကောင်းမှန်း ကိုနံရိပ်မိပြီ။ ထိုပုံများ လူတွေကြားထဲမည်မျှပျံ့နေပြီလဲမသိ။ ထိုခဏမှာပင်။

"မခင်သန်းတို့ တီဗီမှာ ပါတယ်ဟေ့"

အော်သံကြားတော့ ကိုနံ ဆိုက္ကားပေါ်မှ ဆင်းပြီး အပြေးအလွှားသွားကြည့်ရာ. .

"ဟာ"

ဘယ်နိုင်ငံက သံရုံးရှေ့မှန်းမသိ။ မခင်သန်း ဆာရီကြီးခြုံထားလေပြီ။ လက်ထဲမှာလည်း သူနားလည်လား၊ နားမလည်လား မသိသည့် အင်္ဂလိပ်ဆိုင်းဘုတ်နှင့်။ တီဗီပေါ်မှာ သူ့အသားမဲက အထင်းသား။

ပါးစပ်ကလဲ ဘာတွေ အော်နေမှန်းမသိ။ မာန်တော့ ပါသည်။

မခင်သန်းကိုကြည့်ပြီး ကိုနံ မျက်ရည်ဝဲလာသည်။

ဒါသည် မခင်သန်း၏အောင်မြင်မှုမဟုတ်။ မခင်သန်း၏ကျဆုံးမည့်အန္တရာယ်တစ်ခုပင်။

ဤအလုပ်တွင် မျက်နှာမမှတ်မိစေရန် အဓိက ထားကြိုးစားရသည်။ မဟုတ်ပါလား။ မျက်နှာကို မှတ်မိပြီဆိုမှ လူတိုင်းပစ်မှတ်ထားကြပေတော့မည်။ တစ်ခါကလဲ ထိုကဲ့သို့ နာမည်ကြီးသောပွဲတိုင်းကျော် မမြင့်သန်းဆိုသူ ရှိခဲ့ဖူးသည်။ လူသိများလာသောအခါ လူတိုင်းကပစ်မှတ်ထားကာ ဤအဖွဲ့က





ထွက်ခိုင်းသည်။ မမြင့်သန်းကလည်း သူ့အောင် မြင်မှုကိုမနာလို၍ ထွက်ခိုင်းသည်မှတ်ပြီး မထွက်။ နောက်ဆုံး တော့ မမြင့်သန်း ပျောက်ခြင်းမလှ ပျောက်သွားသည်။ ဘယ် ရောက်သွားသည်ကို မည်သူမျှမသိကြတော့။ အစအနပင် ရှာမရတော့။ လူတောထဲ ပေါ်မလာတော့။ လူလောက မှာပင် မမြင့်သန်းရှိသေးရဲ့လား မရှိတော့လား မသေချာတော့။

ယခုလည်း ကိုနံ တီဗွီများ Facebook များ ကြည့်ပြီး မခင်သန်းအတွက် စိုးရိမ်လာမိသည်။ ထိုမျှ ပါလေရာ ဖြစ်လာ လျှင် အသက်အန္တရာယ်ပါ စိုးရိမ်ရ ပေပြီ။

"မခင်သန်း၊ မခင်သန်း အဲဒါ ဒုက္ခဟဲ့"

ကိုနံ အသံမထွက်အောင် အံကြိတ်ရေရွတ် မိသည်။

ချစ်လှစွာသော မခင်သန်းအတွက်လည်း လွန်စွာ စိုးရိမ်နေမိတော့သည်။

ချစ်လှစွာသော မခင်သန်းအတွက် သူ တစ်ခုခု ဆုံးဖြတ်ချက်ချရတော့မည်။

× × × × × ×

စိုးရိမ်စိတ်သည် အမြင်အာရုံ၊ အကြားအာရုံမှ တဆင့် ဦးနှောက်ထဲ ဝင်၏။ နောက် နှလုံးသားဆီသို့ တိုက်ရိုက် သွား၏။

စိုးရိမ်စိတ်သည် နှလုံးသားမှတဆင့် ခန္ဓာကိုယ် တစ်ခုလုံး ပျံ့နှံ့သွားသည်။ ထိုမှတဆင့် ဦးနှောက်ထဲ ပြန်လည် ရောက်ရှိကာ အတွေးထဲ၌ မျိုးစုံသော ပုံဖော်နည်းများဖြင့် ပုံဖော်တော့သည်။

စိုးရိမ်စိတ်သည် တကယ်မဖြစ်သေးသော အဖြစ် အပျက် တစ်ခုကို ရည်ညွှန်းပါသည်။ ကလေးတစ်ယောက် လဲမကျမိ၊ လူတစ်ယောက်အသက်မဆုံးပါးမိ၊ ကိုင်ထားသော ကွဲလုလု ဖန်ခွက်ကလေးမကွဲမိ စသော အချိန်များ၌ စိုးရိမ်စိတ် ဝင်လာတတ်ပါသည်။

စိုးရိမ်စိတ်တွင် အဓိကအားဖြင့် နှစ်မျိုးရှိတတ်ပါသည်။ ချစ်လွန်း၍စိုးရိမ်ခြင်းနှင့် ကြောက်၍ စိုးရိမ်ခြင်း ဖြစ်ပါသည်။ အဆိုးဆုံးကတော့ ချစ်လွန်း၍ တစ်ခုခု ဖြစ်မှာ ကြောက်စိတ်ဝင်၍ စိုးရိမ်ခြင်းပင်။

ယခုလဲ ကိုနံ့ မခင်သန်းအတွက် ချစ်လွန်း၍ ကြောက်စိတ်ဝင် စိုးရိမ်နေမိခြင်းပင်။

"မခင်သန်း"

မခင်သန်း လှည့်မှုမကြည့်။ ကိုနံ့ဆီမှရသော ကားဘက်(ခ်)မှန်မှ သူ့မျက်ခွက်သူကြည့်ပြီး ကြေနပ် နေခြင်း ဖြစ်သည်။

"ကျွန်တော် သတိပေးစရာရှိလို့ မခင်သန်း"

မခင်သန်းက သူ့မျက်နှာမဲမဲတို့ဖတ်ဆွဲရင်း ဘက်(ခ်) မှန်ထဲမှ ကိုနံ့ကို ပြန်ကြည့်သည်။ ကိုနံ့က မျက်လွှာလေး ချပြီး. .

"မခင်သန်းအတွက် စိုးရိမ်လို့ပါ မခင်သန်း"

မခင်သန်း တို့ဖတ်ကို ခပ်ကြမ်းကြမ်းရိုက်ပြီး





"အမယ်လေး၊ ဗလချင်းပဲ ယှဉ်ကြည့်စမ်းပါဦး၊ ဇချင်းတော့ လာမယှဉ်နဲ့ ။ ဇ ရှိလို့ ဇစ်ဖြုတ်လာတာ မှတ်ထား။ လည်ပင်း တက်ခုန်လိုက်လို့ အသက်တောင် ဘယ်နားထွက်မှန်းမသိ ဖြစ်သွားမယ်"

ကိုနံ့ ခေါင်းကုတ်လိုက်သည်။ စိတ်လဲညစ်သွားပုံ။

"မဟုတ်ဘူး မခင်သန်း၊ အခု ကျွန်တော်ပြောတာ မခင်သန်းအတွက် စိုးရိမ်လို့ပြောတာပါ"

မခင်သန်း မျက်မှောင်ကျုံ့သွားသည်။

"ငါ့အတွက်စိုးရိမ်ရအောင်၊ ငါက ဘာဖြစ်နေ လို့လဲ"

ကိုနံ့ မခင်သန်းကို တစ်ချက်ကြည့်သည်။

"မခင်သန်းလဲ သိမှာပေါ့။ မမြသန်းတုန်းကလဲ ဒီလိုပဲလေ။ နောက်ဆုံးတော့ ဘယ်လို ဇာတ်သိမ်းသွားလဲ။ မခင် သန်းသိမှာပါ"

သူ့စကားကို မခင်သန်း ဒေါသထွက်သွားပုံ ရသည်။ ကိုင်ထားသောမှန်ကို ဂွပ်ခနဲ ပစ်ချလိုက်ပြီး. .

"အောင်မလေး ကျားကိုမှ သားကောင်ဖမ်း လာသင် နေသေး။ ခင်သန်းဟေ့ ခင်သန်း။ မြသန်း မဟုတ်ဘူး။ ရှုတ်ရှုတ် လာမလုပ်နဲ့ တုတ်ထည့်လိုက်မယ်"

ကိုနံ့ ခေါင်းကို တဖြင်းဖြင်းကုတ်သည်။

"မဟုတ်ဘူး မခင်သန်း၊ အခုက ခေတ်လဲ ပြောင်းနေပြီနော်။ လူတွေကလဲ အားလုံးသိနေပြီ"

"လူသိတော့၊ ဘာဖြစ်လဲ၊ ဆယ်လီဖြစ်တာပေါ့။ ဘာလဲ၊ နင်က ခင်သန်းအောင်မြင်တာ မနာလိုတာလား"

ကိုနံ့ ဖြေရှင်းရခက်သွားသည်။ သူကလဲ စကားကို လိမ့်ပတ်လည်အောင် မပြောတတ်။ ထို့ကြောင့် တတ်နိုင်သမျှ စဉ်းစားပြီး. .

"မဟုတ်သေးပါဘူး။ မခင်သန်း ဒီလိုနာမည်ကြီးတာ ကောင်းတာမဟုတ်ဘူး။ ကိုယ်တိုင်ခံယူချက်မရှိ၊ ယုံကြည် ချက်မရှိပဲ၊ သူများပေးသလောက်၊ ကျွေးသလောက်လေးနဲ့ ပြေးလွှားနေရတာ။ ခံယူချက်ရှိဖို့ မပြောနဲ့ ကိုယ်နေတဲ့ နိုင်ငံတောင် ဘာနိုင်ငံလဲသိလို့လား"

မခင်သန်း တွေဝေသွားသည်။ ကိုနံ မေးတာကို သူလဲ သိပုံမပေါ်။ ထို့ကြောင့် ကိုနံကိုသာ အကြာကြီး စိုက်ကြည့် သည်။ ကိုနံလဲ သူပြောသည့်စကား ထိရောက်သွားပြီမို့ ခပ်တိုးတိုးဖြင့်. . .

"ကိုယ်နေတဲ့နိုင်ငံတောင် ဘာနိုင်ငံလဲမသိပဲ မခင် သန်းရယ်။ သူများပိုက်ဆံပေးတိုင်း ဆန္ဒပြမနေပါနဲ့"

ထိုတော့မှ မခင်သန်း မိစ္ဆန်တောင်ဆွဲပြီး အသံ ကျယ်ကျယ်ဖြင့်

"သူတောင်းစားနိုင်ငံဟေ့။ သူတောင်းစားနိုင်ငံ။ ကိုယ် ကိုယ်တိုင်တောင် ဘာကောင်မှန်းမသိဘဲ သူများကို အပြစ်ပြော ချင်တဲ့နိုင်ငံ။ ပါးစပ်ကဘုရားဘုရားဆိုပြီး လက်က ကားယားကားယား လုပ်တဲ့နိုင်ငံ။ ကိုယ့်ဟာ ကိုယ်ကျ ထမင်းတောင် ရှာမစားနိုင်တဲ့နိုင်ငံ၊ သူများ သောက်အလုပ်လုပ်နေတာကို သောက်ပစ်ပြောဖို့ ထိပ်ဆုံးက ရှိတဲ့နိုင်ငံ။ ကိုယ့်ထက်သာသွားရင် မနာလို အများကြီးရှိတဲ့နိုင်ငံ။ ကား ဘက်(ခ်)မှန်တောင် ဖြုတ်ခိုးတဲ့ သူခိုးက လူတွေကို ကြီးစိုးချင်တဲ့နိုင်ငံ။ လက်ညှိုးထိုးဖို့နဲ့ လက်ခလည်ထောင်ပြဖို့လောက် သိတဲ့နိုင်ငံ။ လိုတစ်မျိုး မလိုတစ်မျိုးနဲ့၊ ကိုယ်သာမယ်ထင်ရင် အချင်းချင်းတောင် ထောင်ထဲပို့တဲ့နိုင်ငံ။ ရှိသမျှ အကုန်ခိုးပြီး လူရိုးကြီး လုပ်နေကြတဲ့နိုင်ငံ။

"ကဲ. . ဘာကျန်သေးလဲပြော"

ပြောစရာစကားမရှိတော့။ မခင်သန်း၏ လက်ညှိုးက ကိုနံနဖူးပေါ်မိုးနေပြီကိုး။ ကိုနံ သက်ပြင်း ချရုံသာ တတ်နိုင်တော့၏။

ကိုနံ ဖြည်းညင်းစွာ မခင်သန်းတို့ အိမ်ပေါ်က ဆင်းလိုက်သည်။





လမ်းကျဉ်းကလေးက ပိုကျဉ်းနေသယောင်။ ရှောင် မလွတ်သော ဗွက်အိုင်များက ပိုများလာသယောင်။ အိမ်ဝိုင်း ထဲကလေးတွေက ပိုများလာသယောင်။ မခင်သန်း မျက်နှာ ကြီးက တာစားလာသယောင်။

ပိန်ကပ်ကပ် ကိုနံ ရင်ထဲတော့ ပိုလေးပင် နေသယောင်။ နောက်. . .

သက်ပြင်းကိုချသည်။ လက်သီးကို ဆုပ်သည်။

"ဟုတ်ပြီ။ မခင်သန်းကောင်းဖို့ ငါအဲဒီအတိုင်းကို လုပ်ရမယ်"

ကိုနံ ဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်သည်။

× × × × × ×

မိုးကား နာမည်ပျက်ရုံရှာနေသည်။

လူတွေအပြင်ထွက်ရအဆင်မပြေရုံ၊ ရှိရင်းစွဲ ချိုင့်ခွက်များ ပွက်ထရုံ၊ ဝတ်ထားသောအင်္ကျီကလေးများ ဖားဥစွဲရုံမျှ အသာအယာ ရွာနေ၏။

အပြင်သွားလိုသူတစ်ယောက်အနေနှင့်ဆို ထီးပဲ ယူသွားရ ကောင်းနိုး။ ဒီတိုင်းပဲ မိုးဖွဲကြား ပြေးလွှား သွားရနိုးနှင့် ဝေခွဲမရ မိုးပေါ်မော့ကြည့်ကာ. .

"သေချင်းဆိုးမိုး၊ ဘယ်လိုမျိုးရွာနေတာလဲ"

ဟုကျိန်ဆဲမိရုံလေး ဖွဲတဲဖွဲတဲရွာနေသည်။

ထိုမိုးဖွဲဖွဲကြားမှာမှ ငြိမ်သက်စွာစီတန်းနေသော လူများ။ ထိုလူများနှင့် မလှမ်းမကမ်းမှာမှ တာလပတ်များ အလုံပိတ်ပြီး ငြိမ်သက်နေသော ကားနှစ်စီး။

ထိုကားထဲတွင်တော့ ဦးဖြားကြီးဦးဆောင်သော ကိုနံတို့လူစု။

ခင်သန်းကြည်ကတော့ တယ်လီဖုန်းပွတ်ရင်း အလုပ်ရှုပ်နေသည်။ ကိုနံ မခင်သန်းကို စွေစောင်း ကြည့်ရင်း စိတ်လှုပ်ရှားနေသည်။ သူအကြံအစည်

"အောင်မြင်ပါ့မလား"

ဆိုပြီး သံသယစိတ်လဲ ဝင်နေမိသည်။ ဒီလို အချိန်မျိုး





သူငယ်ချင်းအကောင်းစားဝေကြီးကိုလဲ သတိရမိ၏။

"ဝေကြီးရှိရင် အလုပ်ဖြစ်ပြီ"

စိတ်ထဲတွင် မချိတင်ကဲဖြစ်နေမိသည်။ နောက် အသက်ကို ခပ်ပြင်းပြင်းရှူသွင်းပြီး. . .

"မခင်သန်းကောင်းစားဖို့ပဲ ငါရင်းရမှာပေါ့"

ဟုသာ အားတင်းထားလိုက်မိတော့သည်။

မခင်သန်းကတော့ လက်နှစ်ချောင်းထောင် ပါးဖောင်းပြီး ဆယ်လ်ဖီဆွဲကောင်းတုန်း။

"ကလင်ကလင်ကလင်"

ဖုန်းဝင်လာပြီ။ အားလုံးအင်္ကျီတွေဆန့် မျက်နှာတွေ သပ်လုံချည်တွေပြင်ဝတ်ကြပြီ။

"ကဲအားလုံးအသင့်ပြင်။ လူဖြန့်ပြီးဝင်မယ်၊ သိပ်အလောတကြီး မသွားနဲ့။ဟိုတစ်ခါလို ရိပ်မိကုန်မယ်။ကားပေါ်ကဆင်းတာနဲ့ ဘေးနားက ရပ်ကြည့် သလိုလို ဘာလိုနေမယ်။ တဖြည်းဖြည်းချင်းမှ အထဲဝင်မယ် မခင်သန်း ဝင်မှ စဝင်မယ်"

ဦးဖြားကြီးစကားကို ကိုနံက

"မခင်သန်းအရင်ဝင်လို့ ဖြစ်မလား သူ့ကို လုပ်စား သွားမှန်း လူတိုင်းသိနေပြီကို"

သူ့စကားကို မခင်သန်းတင်းသွားပြီး. .

"ဟဲ့ မသာ၊ ငါ့နာမည်ကြီးနေတာ မနာလို ဖြစ်နေတယ် မဟုတ်လား၊ ငါအခု တက်ပွတ်လိုက်ရ မျက်နှာပါ အပြားလိုက် ဖြစ်သွားမယ်"

မခင်သန်း၏စကား။ ဦးဖြားကြီးက. .

"ဟိတ်၊ တိတ်တိတ်နေကြစမ်း။ နင်တို့လုပ်တာနဲ့ ပွဲမဖြစ်ခင် ပျက်တော့မယ်။ ကဲ. . ကားပေါ်က ဆင်းကြ"

ဘာစကားမှ ထပ်မဆက်တော့ပဲ ကားပေါ်က အသာအယာ ဆင်းကြသည်။

လူအုပ်ကြီးက ဟီးထနေသည်။ တစ်ဖက်မှာ ဓွေစောင်းတို့ အဖွဲ့မှကောင်များ ကြိုရောက်နေနှင့်ကြပြီ။ ကိုနံ တုတ်ပိုင်းတစ်ပိုင်းကို ခါးထိုးလိုက်သည်။

တွေ့ပြီ။ လူအုပ်ထဲမှာ သူ့ကို အုပ်နေကျ ခေါင်းနီ ကောင်။ ဒီတစ်ခါက သူတို့အုပ်ရမည့် အလှည့်ကိုး။

ကိုနံ မသိမသာ မခင်သန်းကို အဲ့ဒီကောင်ဖက် တွန်းသွားသည်။

လူတွေတဖြည်းဖြည်းများလာတော့ အရင်ရှိရင်းစွဲ သူများ ရိပ်မိလာကြသည်။

"ဟေ့ဟေ့၊ လူတွေတဖြည်းဖြည်းများလာပြီနော်"

"လူစိမ်းတွေဝင်လာပြီ. . လူစိမ်းတွေဝင်လာပြီ။ နယ်ခံတွေ သတိထားကြ"

သတိပေးသံများ စနေပြီ။

"ဟေ့ ဟေ့ နယ်ခံတွေ တစ်ဖက်ကပ်၊ နယ်ခံတွေ တစ်ဖက်ကပ်။ လူစိမ်းတွေ များလာပြီ"

သူတို့ဝင်လာတာသိတော့ မူလ လူများ ရုတ်ရုတ် သဲသဲ ဖြစ်လာသည်။ နောက် သူတို့ကို အသေအချာ ကြည့်ပြီး

"ဟေ့၊ ဟေ့၊ ဒီဟာ Facebook မှာ အမြဲပါနေတဲ့ မိန်းမကြီး မဟုတ်လား၊ သူပဲ မဟုတ်လား"

နှစ်ပသူတစ်ချို့က မခင်သန်းကို ရိပ်မိပြီ။

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒီအဖွားကြီးပဲ သတိထား ကြဟေ့"

သူတို့သတိပေးလို့ မဆုံးမီ သူတို့ထက်ပိုပြီး ဝါရင့်သော မခင်သန်းက. .

"ဟာ၊ ခဲနဲ့ ပစ်တယ်ဟ၊ ပြန်ချပြန်ချ"





ဝုန်းခနဲ လူတွေအားလုံး ရုတ်ရုတ်သဲသဲနှင့် လုံးသွားကြသည်။ ထိုခနမှာပင် ကိုနံထံ ပြေးဝင်လာသော ဓွေစောင်း တပည့် ခေါင်းနီ။ ကိုနံ မကြောက်တော့။ မခင်သန်းနား ပြေးကပ်ပြီး၊ လူအုပ်ကြီးထဲ လိုက်သွား၏။ ဟိုခေါင်းနီကလည်း သူနှင့်မခင်သန်းဖက် တည့်တည့် ဦးတည်လာသည်။ ခေါင်းနီ ကောင်အနားရောက်သည်နှင့် ကိုနံ မခင်သန်းကျောပေါ် ဖတ်ခနဲခုန်တက်လိုက်သည်။

"ဟင်၊ ဘယ်သူ၊ ဘယ်သူကြီးလဲ"

မခင်သန်းအော်သံ ပြီးနောက်

"အင်းဟာ အင်းဟာ"

ဆိုပြီးသူ့ကျောပေါ်က ကိုနံကိုခါချသည်။ ကိုနံ ကျောပေါ်က မကျအောင် မခင်သန်းလည်ပင်းကို လက်နှစ်ဖက်နှင့် ပြန်ခွေပြီး ဖက်ထားလိုက်သည်။

"ဟင်၊ ဟင် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ အင်းဟာ အင်းဟာ"

မခင်သန်းခါချလို့မကျတော့၊ ထိုအချိန်မှာပင် အတိုင်ဖြစ်ဖြစ် အအုပ်ဖြစ်ဖြစ် သူ့ကိုပဲ ဝင်လုမယ်ဆိုပြီး ပြေးလာသော ခေါင်းနီကောင်။

တုတ်တိုတစ်ချောင်းနှင့် ကိုနံထံ ပြေးလာကာ. .

"သောက်မြင်ကတ်စရာ အကောင်းဆုံးကောင်၊ အင်းဟာ"

ဆိုပြီး လှမ်းအရိုက် ကိုနံ မခင်သန်း လည်ကို လှည့်၍ ခေါင်းတည်ပေးလိုက်သည်။

"ဒေါင်"

"အား"

ဟိုကောင်တုတ်က မခင်သန်းကိုမှန်ပြီး မခင်သန်း ခွေလဲမလို ဖြစ်သွားသည်။ ခေါင်းနီကောင်ကလဲ ကိုနံကိုသာ မဲပြီး ဆော်သည်။ သူဆော်သမျှ ကိုနံကလဲ မခင်သန်း ခေါင်းကြီး တည်တည်ပေးသည်။

"ဒေါင်၊ ဒေါင်၊ ဒေါင်"

"အား၊ သေပါပြီ။ သေပါပြီ။ ဘယ်သေချင်းဆိုးလဲ"

မခင်သန်းအော်သံ။ သူ့ကျောပေါ် ကိုနံ့ရှိနေတော့ ပြေးလို့မရ။ လူကလဲ ဟိုကောင်ထုလို့ ခွေကျခါနီး နေပြီကိုး။ ထိုတော့မှ ကိုနံ့က

"ဟော့ကောင်ခေါင်းနီ။ ဒီအဖွားကြီး ဝင်ဖမ်း ကြည့်စမ်း၊ အိနေတာပဲ"

ဆိုလိုက်သည်နှင့် ခေါင်းနီကောင်ကလဲ၊ ဂယောင် ပဲကိုး။

"အေး၊ ဟုတ်လား ဒါဆိုငါဖမ်းပြီ"

ဆိုပြီး မခင်သန်း၏ လည်ပင်းကို တံတောင်နှင့် ပတ်ပြီး မြေပြင်ပေါ် ဆွဲချလိုက်သည်။

"ဖုန်း"

"အင့်"

မခင်သန်း မြေပေါ် မှောက်လျက်ကြီးကျသည်။ ကိုနံ့က မခင်သန်းကျောပေါ် တက်ဖိပြီး. .

"ဒီမှာ တစ်ယောက်မိပြီ။ ဒီမှာ တစ်ယောက်မိပြီ"

အသံကျယ်ကျယ်နှင့် ထအော်လိုက်ရာ၊ တာဝန်ရှိသူ များ အပြေးရောက်လာပြီး

"ဖယ်ကြ အားလုံးဖယ်ကြ"

"ဟာ၊ ဒါ၊ ဟို နာမည်ကြီး အဘွားကြီးပဲ၊ ဖမ်း ဖမ်း"

ဆိုကာ မခင်သန်းကို လက်ထိပ်ခတ်လိုက်သည်။

"ကလစ်"

"ဟာ"

မခင်သန်း လန့်သွားသည်။ အခြေအနေက သူမ မထင်မှတ်သည့်အခြေအနေ၊ သူ့ဟာသူ ဘာဖြစ်လို့ ဖြစ်မှန်း မသိ။ သူ့ကို ဆွဲထူမှ

"ဟင်. . ကိုနံ့ နင်၊ နင်ယုတ်မာလှချည်လား၊ ယုတ်မာ





လှချည်လား"

ကိုနံ့ ခေါင်းကိုသာ ငိုက်စိုက်ချထားလိုက်သည်။ တာဝန်ရှိသူများက မခင်သန်းကို ဆွဲခေါ်သွားသည်။

"ကဲ. . ကဲ. . မြန်မြန်ခေါ်သွား၊ မြန်မြန်ခေါ်သွား"

မခင်သန်း တရွတ်တိုက်ပါသွားသည်။

"ကိုနံ့၊ လူယုတ်မာ၊ နင်ငါနဲ့ တစ်နေ့တွေ့မယ်"

ကိုနံ့ ခေါင်းကိုမမော့တော့။

နံ့ဘေးနားမှာ သူတို့လုပ်၍ ပြေးလွှားနေကြသူများ။ တချို့ကလဲ ဖုန်အလိမ်းလိမ်းနှင့်၊ တချို့ကလဲ ပြေးတာမမှုလို့။ တချို့ကလဲ ရန်မဖြစ်ရန် တားမြစ် နေသံများနှင့်။

"ကိုနံ့ လူယုတ်မာ"

မခင်သန်းရဲ့ အော်သံကျယ်ကျယ်။ မခင်သန်းကို တင်ဆောင်ထားသောကားကလေးက ဝူးခနဲ မောင်းထွက်သွားလေပြီ။

ကိုနံ့ ခေါင်းကို မမော့တော့။ မျက်ဝန်းမှာလဲ မျက်ရည်စလိုလို စီးနေ၏။ လူတွေကရှုပ်ထွေးနေတုန်း။ ပြေးသူကပြေးနေတုန်း။ လိုက်သူက လိုက်နေကြတုန်း။ ကိုနံ့ တစ်ယောက်သာ ငြိမ်သက်လျက်။

× × × × × ×

လိုသမျှ မရတဲ့လောကြီးမှာ တောင်းတိုင်း ပြန်ပြန်ပေးနေရတာ လောကခံပေါ့။ အဆိုအမိန့် အမှားတွေ ခံယူချက်အမှားတွေနဲ့၊ ဝါဒဆိုတာကို ပါဝါဖြစ်နေသရွေ့၊ ဘယ်နေ့များကောင်းလာမှာလဲ။ ကိုယ့်ဘဝ ရှင်သန်ရပ်တည်ဖို့၊ မျိုးစေ့ အမှားတွေကျဲချ၊ အဆိပ်တွေနဲ့ ရေလောင်း ပေါင်းသင်၊ ပင်စည်မှာ ကပ်ပေါက်တဲ့ ရေသောက်မြစ်က ချိုချင်သေးသတဲ့လား။

ကိုယ်ဖြစ်ချင်တာမဖြစ်တိုင်း ကျန်တဲ့သူတွေကို မြက်ပင်ပေါင်းပင်တွေလို ခုတ်ပစ်နေတော့ရော ပြီးသွားမှာ မို့လား။ ဘဝဆိုတာ သန္ဓေကစပြီး ခါးနေတဲ့နောက်ပိုင်း ပြန်လည်ချိုမြိန်နိုင်ဦးမှာလားလေ။

မဲမှောင်နေတဲ့ အနာဂတ်ကို ဆွဲကိုင်ပြီး၊ အလင်းရောင်လိုချင်သေးသတဲ့လား။ မဖြစ်နိုင်တာ။

ကောင်းကင်မှာ တိမ်တွေကင်းနေတာ၊ သူတို့ အတွက်မဟုတ်ဘူးကွယ်။

ကိုယ့်အနာဂတ်ကို ကိုယ်တိုင်သတ်ခဲ့တဲ့သူတွေက၊ အတိတ်မှာလဲ အာဏာပါးကွက်သားပဲ၊ ဖြစ်ခဲ့ကြမှာပေါ့။

ဘဝဆိုတာ တိုတိုလေးဆိုပေမယ့်

နာမည်ကောင်းက အသက်ရှည်တယ်လေ။

× × × × × ×





ဤသို့ ချစ်ရပါသော မခင်သန်းကြည်။

ရထားဆိပ်၊ ကားဆိပ်၊ ခေါင်းအုံးအိပ်ခဲ့ရသည်ကို သတိရမိပါ၏။

သူများယောင်တိုင်း လိုက်ယောင်၊ ဂယောင် ဂယောင်နှင့် လူတွင်ကျယ်ဘဝကိုလဲ လွမ်းမိပါသည်။

မီးပွိုင့်တစ်ခုနဲ့တစ်ခုကြား မီးနီသွားရင်တောင် ဆန္ဒပြရင်ကောင်းမလား အတွေးများကိုလဲ တမ်းတမိပါသည်။ လူလိုက်တော့ပြေး၊ လူပြေးတော့လိုက်နှင့် မော်တော် ကားနောက်ပြေး လိုက်တဲ့ခွေးလို တကယ် မိတော့လဲ ဘာမှ မလုပ်တတ်၊ တစ်ချက်နှစ်ချက် ထိုးဟောင်ပြီး၊ အမောက် ထောင် ပြန်ခဲ့တဲ့ ဘဝတွေကိုလဲ အမှတ်ရ နေပါသေးသည်။

မရှိလည်းလွမ်း ရှိလည်းလွမ်းနှင့်၊ ပုဆိုးစုတ် ညစ် ကျယ်ကျယ်ကို မနက်လည်းခြုံ၊ ညလည်းခြုံ၊ မလုံလည်းလွမ်း၊ လုံလည်းလွမ်းပါသည်။

အကျီအဖြူ ချေးအထပ်ထပ်၊ မေးရက်စရာ မရှိအောင် ညစ်နေလဲ၊ တစ်ခါကဖြူဖူးတာကိုသတိရ၊ မယုံလဲလွမ်း၊ ယုံလဲလွမ်းရပါသည်။

ရာဇဝင်အဆက်ဆက် အာယာတတရားတွေ ကြီးမားနေခဲ့ရင်တောင်

"မခင်သန်းရယ်"

နင်ဟာ ငါ့ရဲ့ကောင်းကင်၊ နင်ဟာ ငါ့ရဲ့မြို့တော်၊ နင်ဟာ ငါ့ရဲ့နိဗ္ဗာန်၊ နင်ဟာ ငါ့ရဲ့ မိုးခေါင်ရေရှား ရပ်ဝန်းထဲက လူသားဆန်တဲ့ ပန်းဥယျာဉ်လေးတစ်ခုပေါ့။

ခင်သန်းကြည်ရယ်. .

မင်းနဲ့ငရဲလမ်းအတူသွားဖို့ ရွေးချယ်လိုက်တာဟာ

ငါ့ရဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်. .

ဤသို့ချစ်ရပါသည် ခင်သန်းကြည်။

× × × × × ×

ငရဲတံခါးဂျိုင်းခနဲ မြည်သံပေး၍ ပွင့်လာသည်။

ထောင်သားဝတ်စုံ ညစ်ထေးထေးနှင့် ခင်သန်းကြည်။

ကိုနံကိုမြင်တော့ မျက်လုံးပြူးပြီး

"ဟင်၊ မသာ နင်က လာသေးတယ်ဟုတ်လား"

ဆိုပြီး ဒေါသတကြီး ပြေးဝင်လာသည်။

"ထောင်ကျ၊ သတိထား"

အစောင့်မှလှမ်းဟန့်၍ မခင်သန်း ခြေလှမ်းတန့်သွား သည်။ နောက်မှ စိတ်ကိုထိန်းပြီး ကိုနံရှေ့ ဖြည်းညင်းစွာ ထိုင်လိုက်သည်။

"နေကောင်းရဲ့လား မခင်သန်း"

သူ့အမေးကို ခင်သန်းကြည်မဖြေ။ ပေ၍သာ ထိုင်နေသည်။

"မခင်သန်းအတွက်၊ ကျွန်တော်ငပိကြော်ဘူးတွေ ယူလာတယ်"

မခင်သန်းက ငပိဘူးတွေကို စောင်းငဲ့ကြည့်သည်။

"ငါးခြောက်ကြော်လဲပါတယ်၊ မခင်သန်း"

ခင်သန်းကြည် ငါးခြောက်ဘူးကို လှမ်းယူလိုက်သည်။ ငါးခြောက်ကြော်က အထဲမှာဆို နတ်သုဒ္ဓါပဲကိုး။ နောက် သက်သာချောင်ချိခွင့်လက်မှတ်။ ငါးခြောက်ကြော်လေးပေးပြီး အေးဆေးနေလို့ရသည်လေ။

"ကျွန်တော်လဲ အရင်အလုပ် မလုပ်တော့ဘူး ခင်သန်းကြည်"

ခင်သန်းကြည် ကိုနံကို စောင်းငဲ့ကြည့်သည်။

"အခု ကျွန်တော် ငုံးဥပြုတ်တို့ ကွမ်းယာ၊ စီးကရက်တို့ လိုက်ရောင်းနေတယ်"

မခင်သန်း ကိုနံကို ကြည့်သည်။

"ဒီလောက် ပင်ပန်းတာကြီးကို"

ကိုနံ သက်ပြင်းချသည်။





"ခေတ်ပြောင်းသွားပြီ မခင်သန်း၊ ကျွန်တော်တို့ ကိုလဲ လူတွေမှတ်မိပြီး အရင်လို လုပ်လို့မရတော့ဘူး"

မခင်သန်းပါ သက်ပြင်းချသည်။

"အဆင်ပြေတယ်၊ မခင်သန်းရဲ့ တစ်နေ့လေးငါးထောင်လောက်ရတယ်"

မခင်သန်းမျက်ဝန်း အရောင်လက်သွားသယောင်။ ကိုနံ အားတက်သွားသည်။

"ကျွန်တော် အခုရတဲ့ ပိုက်ဆံတွေလဲ စုနေတယ်။ အရင်လို အရက်လဲ မသောက်တော့ဘူး။

ပိုက်ဆံလေးထပ်စုလို့ရရင် ကွမ်းယာဆိုင်လေး ထောင်နိုင်တော့မယ်"

မခင်သန်း စိတ်ဝင်စားပုံရသည်။

"ဟဲ့ ကွမ်းယာဆိုင်က သိန်းချီကုန်မယ့်ဟာကို"

ကိုနံ အားတက်လာသည်။

"ဟုတ်တယ်၊ မခင်သန်းရဲ့၊ ဒါပေမယ့် ကျွန်တော် ရအောင်စုမှာပါ။ မခင်သန်း ပြန်ထွက်လာတဲ့ အချိန် ဆိုင်ဖွင့်နိုင်အောင် ကြိုးစားမယ်။ မခင်သန်းက ကွမ်းယာရောင်းပေါ့"

မခင်သန်း နှုတ်ခမ်းစူသွားသည်။

"ဟယ်၊ ကွမ်းယာရောင်းရမှာ . . ရှက်စရာကြီးဟယ်"

ဩော်၊ သမ္မာအာဇီဝ ကွမ်းယာရောင်းတာ ရှက်စရာကြီးတဲ့။ ဟိုလိုမျိုးကျ မရှက်မကြောက်။ ကိုနံ စကားဆက်သည်။

"ကွမ်းယာဆိုင်က ဆိုင်သေးမဟုတ်ဘူး၊ မခင်သန်းရဲ့၊ ဆိုင်ကြီး။ စီးကရက်ရော အချိုရည်ရော ပါမှာ"

မခင်သန်း မျက်ဝန်းတို့ တောက်ပလာသည်။ ကိုနံလဲ အားတက်ပြီး

"မခင်သန်းက အိန္ဒြေရရ ဆိုင်ထိုင်၊ ကျွန်တော်က ကိုယ်ပိုင် ဆိုက္ကားနင်း။ မခင်သန်း လိုသမျှ ဈေးဝယ်ပေးမှာပေါ့"

မခင်သန်းက မျက်လုံးပြူးသွားသည်။

"ဆိုက္ကားကဘယ်ကရမှာ"

ကိုနံ မရှိသည့်ရင်ကော့ပြီး

"ဝယ်မှာပေါ့မခင်သန်းရဲ့၊ ဆိုက္ကားလဲ ကိုယ်ပိုင် ဝယ်နိုင် အောင် ကျွန်တော်ကြိုးစားမှာ"

"ဟယ် ပင်ပန်းမှာပေါ့နော်"

"မပင်ပန်းပါဘူး မခန်သန်းရယ်။မခင်သန်းအတွက်ဆို ကိုနံ အမြဲရွှင်လန်းနေမှာပါ"

မခင်သန်းက ကိုနံကို ရွှန်းရွှန်းစားစားကြည့်သည်။

"ကျွန်တော်တို့တွေ ဒီဘဝကလွတ်ဖို့ ကျွန်တော် တကယ် ကြိုးစားနေတာပါ မခင်သန်းရဲ့"

ထိုနေ့ကား ရာသီဥတုသာယာပါသည်။ မိုးလဲ မရွာပါ။ နေသည်လဲ ထင်သလောက်မပူပါ။ ကိုယ်ချင်းစာတရားဖြင့် အရာအရာ အားလုံး အေးမြနေပါသည်။ အုတ်နံရံများဆီမှ အောက်သက်သက် အနံ့တွေကလဲ ခမ်းနားမှု အနာဂတ်တွေ ကြောင့်မွှေးကြိုင်နေပါသည်။ ခဏတာတွေ့ဆုံရခြင်းက တစ်ဘဝစာလုံခြုံစေဖို့ အရာရာ ဖြစ်နိုင် နေသည်။

ရရှိခဲ့သော အချိန်အနည်းငယ်အတွင်း ကိုနံ ပြောခဲ့သည်မှာ တိုက်ချည်းပဲသုံးလုံး၊ ကိုယ်ပိုင်ဆန်စက် တစ်စက်နှင့် မခင်သန်းပင် ကလေးသုံးယောက် မွေးပြီးနေပြီ။

လှပပါသည်။ အညတရပင်ဖြစ်သော်ငြားလည်း၊ အချစ်စိတ် ကြောင့် အရာရာလှပနေပါလေတော့သည်။





"ကျွန်တော် အရင်အလုပ်ကိုတော့ တစ်သက် ပြန် မလုပ်တော့ဘူး. . မခင်သန်း"

မခင်သန်းက ရွှန်းရွှန်းစားစားကြည့်သည်။ ကိုနံ ဇလပါ ကြီးလာသယောင်ထင်ရသည်။

ဤသို့ ချစ်ရပါသည် ခင်သန်းကြည်။

× × × × × ×

ရက်ရက်ရောရော ပုံအောလိုက်ကာမှ၊ ဆတိုးနဲ့ ပြန်လည် ရုံးနိမ့်လိုက်ပုံမျိုး။

သာမန်ဖိနပ်မှာ နာမည်ကြီးတံဆိပ် ကပ်လိုက်တဲ့အခါ တန်ဖိုးတက်သွားသလိုမျိုး။ ချစ်သူပန်ဖို့ ချိုးထားတဲ့ ပန်းတွေက အိမ်မက်ထဲမှာသာ ပွင့်နေသလိုမျိုး။ ကိုယ့်သမိုင်း ကိုယ်ရေးတာတောင် ကိုယ့်စာမျက်နှာကို ပြန်မလှန်ရဲတဲ့ မျက်နှာနဲ့ ငြိမ်းချမ်းစွာ သဘောထား ကွဲလွဲကြတယ်ဆိုတဲ့ စကားတွေ အတွက် သစ္စာတရားမပါတဲ့ ကျိန်ဆိုမှု ဟာ လိမ်လည်မှုနဲ့သာ ပြီးဆုံးတယ်လေ။ လက်ဖြောင့်သေနတ် သမားဟာ မပစ်ခင် ဘယ်တော့မှ လက်ခုပ်ထတီးလေ့မရှိဘူး။

× × × × × ×

ယဉ်ပါးနေသောရန်၊ ဖြစ်နေကျကြောက်စိတ်နဲ့ အတူ ချစ်သူလာရာလမ်းမ မျှော်ငေးနေမိ။

နံဘေးနားမှာတော့ ငိုယိုနေကြသူ၊ အလွမ်းသယ် နေကြသူတို့နှင့် တိုးတိတ်စွာ ပွက်ပွက်ညံနေ ကြသည်။

မရောက်သင့် မရောက်အပ်သော အရပ်ဒေသဟု အများက သတ်မှတ်ထားသော်လည်း လွမ်းဆွတ်စိတ်နှင့် ရောက်မိနေပြန်ပြီ။ ချစ်သူထွက်လာမည့်တံခါးဝကို မျှော်ငေး ရင်း မျှော်ငေးရင်းသာ. . .

ကိုနံ ဝမ်းသာနေသည်။ မခင်သန်းနှင့် တွေ့သည့်အခါ သူ၏ စီးပွားရေးကို ပြောပြမည်။

ယခု သူက လမ်းမပေါ်လျှောက်လှမ်း၍ ဈေးရောင်း ရသူ မဟုတ်သည့်အကြောင်း။ ကွမ်းယာဆိုင် ထူထောင်နိုင်ပြီး ဆိုင်ပိုင်ရှင် ဖြစ်နေပြီဆိုသည့်အကြောင်း။ မခင်သန်း ပြန်ထွက်လာလျှင် ပင်ပင် ပန်းပန်း မလုပ်ရတော့မည့်အကြောင်း။ သူတို့၏ အနာဂါတ် လျှောက်လှမ်းကြမည့်အကြောင်းများ။ တွေးရင်း ပျော်နေမိသည်။ မှန်ပေသည်။ သူကား ကွမ်းယာ ဆိုင်ပိုင်ရှင် ဖြစ်နေပေပြီ။ အပျော်စိတ်နှင့် လှမ်းမျှော်ကြည့် လိုက်သည်။

"ဟော. . . လာပြီ"

ကိုနံ ရင်ထဲ ထိတ်ခနဲ။

"အို. . လှလိုက်တာ"

မခင်သန်းကြည်က အထဲရောက်မှဖြူပြီး 'ဝ'လာသေး။ ကိုနံ မခင်သန်းကြည်ကိုပေးရန် ယူလာသော ငါးခြောက်ကြော်ထုပ်နှင့် ငါးပိဗူးကို မြှောက်ပြလိုက်သည်။

မခင်သန်းကြည်က သူ့ကို တစ်ချက်သာ ဝေ့ကြည့်သည်။ ပြီးတော့ သူ့ခြေလှမ်းတွေက





"ဟာ"

မခင်သန်းက သူ့ဆီလာခြင်းမဟုတ်ဘဲ ခြေလှမ်းများက တခြားဖက်ကွေ့သွား၏။

ကြည့်လိုက်တော့ အင်္ကျီအဖြူများ၊ တိုက်ပုံများနှင့် သားသား နားနားလူတစ်စု။ မခင်သန်းက သူ့တို့ရှေ့မှာ ခပ်တည်တည် ထိုင်လိုက်သည်။ ပြီးတော့ စကားတွေ ဖောင်ဖွဲ့နေကြသည်။

"ဘယ်လိုဖြစ်တာလဲ"

ကိုနံ မစဉ်းစားတတ်။ မခင်သန်းဆီ ဘယ်က လူစိမ်း ဧည့်သည်တွေ ရောက်နေပါလိမ့်။

သူမသိ၊ ထိုစဉ်မှာပင်. .

"နောင်ကြီး ဆိုတာလား"

"ဗျာ"

အနီးကပ် မေးလိုက်သောမေးခွန်းကြောင့် ကိုနံ လန့်သွား သည်။ မော့ကြည့်လိုက်တော့

"ဟင်. . မင်း. . -မင်း. ."

ထိုသူကိုမြင်တော့ ကိုနံ ပို၍ ထိတ်လန့်သွားသည်။ ထိုကောင် မှာ ခေါင်းနီကောင်။ လူရှုပ်ရှုပ်ဖြစ်တိုင်း သူ့ကို သမနေကျ ခေါင်းနီ ကောင်။ ခုတော့ အင်္ကျီအဖြူနှင့် ပိုးပုဆိုးနှင့် ခန့်သန့်နေတာ။ ခေါင်းနီက သူ့ကို တစ်ခါမှ မမြင်ဘူး သလိုနဲ့

"ဒီမှာ ၊ ချစ်သမီးက ပေးခိုင်းလိုက်တာ"

"ဟင်"

ခေါင်းနီက လက်မှကိုင်ထားသည်များကို 'မ' ပြသည်။

"အလို"

ပေါင်မုန့်ထောပတ်သုတ်လဲပါသည်။ ကိတ်မုန့် များလဲ ပါသည်။ စတော်ဘယ်ရီသီး၊ လိမ္မော်သီးများလည်းပါသည်။

ဈေးကြီးသော နဂါးမောက်သီးနှင့် ပန်းသစ်တော်ပင် ပါလိုက်သေး၏။

"ဒါ၊ ဒါတွေက"

"ချစ်သမီးလေ ပေးခိုင်းလိုက်တာ"

"ဟင်"

ကိုနံ အံ့အားသင့်သွားရသည်။ ချစ်သမီးတဲ့ သူမကြားဖူးသော နာမည်။ ထို့ကြောင့် ဇဝေဇဝါဖြင့်

"ချစ်သမီးဆိုတာ ဘယ်သူ"

ခေါင်းနီက ခပ်တည်တည်ပင် လက်ညိုးညွှန်ပြသည်။

"ဟိုမှာလေ။ နိုင်ငံရေးအကြောင်း ဦးဆောင်ဆွေးနွေးနေတာ"

"ငင်"

သူလက်ညှိုးပြတာက မခင်သန်းကြီး။ မခင်သန်း ဘယ်တုန်းက နာမည်ပြောင်းသွားလဲ သူ မစဉ်းတတ်။

"သိပ်ရဲရင့်တဲ့အမျိုးသမီးပေါ့ဗျာ။ တိုင်းပြည် ကောင်းစားဖို့ဆိုရင် ကိုယ့်ကိုကိုယ်တောင် အနစ်နာခံရတာ။ မသမာသူ လူတစ်စုကြောင့် အကျဉ်းကျခံနေရတာ။ သိပ်လေးစားတယ်ဗျာ"

"ငှယ်"

သူ့ရှေ့မှာ အတည်ကြီးလာပြောနေတော့ ကိုနံပင် လေသွား၏။ ဟိုကောင်က မရယ်၊ အတည်။ အတူ ကျူးတဲမှာ နေ၊ ရေကန်က ရေကိုသောက်၊ ဂယောက်ဂယက်နှင့် ပိုက်ဆံရလျှင် ဆန္ဒအတူ လိုက်ပြနေ သူက ခုတော့ . . .

"သိပ်လေးစားဖို့ကောင်းတာတဲ့"

ကိုနံ ဘာပြောရမှန်းမသိ။ ခိုးပဲရယ်ရမလား၊ ထောက်ပံ့ခံရမလားမသိ။

"မသမာသူလူတစ်စုကြောင့် အထဲရောက်နေတာ" တဲ့။





အမှန်တော့ ကိုနံကိုယ်တိုင်ပဲ ဖမ်းထည့်ခဲ့တာ။ သူလဲပါသည်။ ယခုတော့ ဘာမှမသိသလို၊ မလုပ်ခဲ့သလို အိုက်တင်ကြီးနှင့်။ အကယ်ဒမီတောင် ထပေးချင်စိတ် ပေါက်သွား၏။

ကိုနံ ဘာမှပင် မပြောတတ်တော့။ ခေါင်းနီကသာ

"ကဲ . . သွားလိုက်ဦးမယ်။ သူ့သြဝါဒလေးတွေ သိပ်ကောင်းတယ်ဗျာ။ ဪ . . ဒါနဲ့ သူက မှာလိုက်သေးတယ်။ နောက်လဲမလာပါနဲ့တော့တဲ့။ တိုင်းရေး ပြည်ရေး အချိန်ပေးနေရတာမို့ အားမှာမဟုတ်ဘူးတဲ့။ ထွက်တဲ့နေ့မှပဲ လာချင်လာပါတဲ့။ ကဲ . . သွားပြီဗျာ။ သူ့သြဝါဒလေးတွေ သွားမှတ်သားလိုက်ဦးမယ်"

ကိုနံပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့သည်။ သူ့လက်ထဲမှာ အထုပ်ပေါင်းများစွာ။

ခေါင်းနီကောင် ခြေလှမ်းတွေက မခင်သန်းဆီ ရွေ့သွားသည်။

မခင်သန်းကား သူ့ကိုလှည့်ပင်မကြည့်။ ဝတ်ကောင်းစားလှလူတစ်စုနှင့် ဘာတွေပွားနေသည် မသိ။ စားနေတာတော့ မြင်ရသည်။ ကြက်ကြော်ပါသည်။ ငါးသလောက်ဥပါသည်။ အချိုတည်းရန် မုန့်လက်ဆောင်း တောင် ပါလိုက်သေးသည်။ အားလုံးက မခင်သန်းစကားကို ခေါင်းတညိတ်ညိတ်။

ကိုနံ ဘယ်လိုမှ နားမလည်နိုင်တော့။ ပါးစပ် အဟောင်းနှင့်ပင် ငေးကြည့်နေမိသည်။

ကိုနံ သက်ပြင်းချမိသည်။ ပြီးနောက် ပေးထားသော အထုပ်များကို ကြည့်သည်။ နောက်မှ . .

"အလကားရနည်းလား"

ဆိုသည့် စိတ်နှင့်အထုပ်များကိုဆွဲပြီး အပြင်သို့ ထွက်ရန် ခြေလှမ်းကိုပြင်လိုက်သည်။

"သိပ်အံ့သြနေလား ကိုနံ"

"ဟင်"

တံခါးဝရောက်လုလုမှာ ကြားလိုက်ရသော အသံကြောင့် ကိုနံ ခြေလှမ်းတုန့်သွားသည်။

လှမ်းကြည့်လိုက်တော့

"ဟင်၊ ဦးဗြားကြီး"

အပေါက်ဝ ရောက်နေသော ယခင်က သူတို့ ခေါင်းဆောင် ဦးဗြားကြီးကို မြင်တော့ ကိုနံ အံ့အားသင့် သွားသည်။ ဦးဗြားကြီးက မချိုပြုံးပြုံးရင်း . .

"အပြောင်းအလဲတွေများလွန်းလို့ အံ့အားသင့် နေတာလား"

ကိုနံ မျက်မှောင်ကြုတ်သွားသည်။ ပြန်ပြီးတော့လဲ စဉ်းစားမိသည်။

တရားရုံးမှာ မခင်သန်းကို အမိန့်ချမည့်ရက်ကို သွားဖြစ်သေးသည်။ ထိုတုန်းက တရားရုံးမှ မခင်သန်း ထွက်လာသည်နှင့် စောင့်ကြိုနေသော လူအုပ်ကြီးက. .

"မသာမကြီး တစ်သက်တစ်ကျွန်းကျပါစေ"

"အင်ကြီးဟေ့၊ အင်ကြီး၊ ထောင်ထဲမှာ အရိုးဆွေး ပါစေ"

စသည်ဖြင့် အော်ဟစ်ဆဲဆိုခံရ၍ ခေါင်းပင် မဖော် ဝံ့ခဲ့။ ထို့အပြင် များမကြာမီ သူလာတွေ့တုန်းကပင် ဘယ်သူမှ လာရောက်တွေ့ဆုံခြင်းမရှိ၍ သူ့ ငပိကြော်ကို သူ့ရှေ့မှာပင် အငမ်းမရ နှစ်ကော်မျှ စားပြီး

"မြိန်လိုက်တာ"

ဟု ဆိုသွားသေး၏။ ယခုတော့ လက်ဖက်၊ ထမင်း ပေါင်းအသုပ်စုံ အကြော်အလှော်၊ မုန့်လက်ဆောင်းနှင့် အကောင်းစားကြီး ကောင်းစားနေ၍ သူ မယုံကြည်နိုင် ဖြစ်နေမိ၏။ ဦးဗြားကြီးက ခပ်နွမ်းနွမ်းပြုံးပြီး





"ငါတို့တွေက မခင်သန်းနဲ့ အလွှာချင်းခြားသွားပြီ ကိုနံ"

"အင်"

ဦးဗြားကြီးစကားကို ကိုနံနားမလည်။ ထို့ကြောင့် ခေါင်းကုပ်ပြီး

"သူက ဘာလို့ အခုမှ ကောင်းစားသွားတာလဲ ဟင်"

ဦးဗြားကြီးက ကိုနံပခုံးကို ပုတ်ပြီး. .

"သူက ဒေါ်ဒေါ်ကြီးတစ်ယောက်ဆီက ဂွဒ်လဒ် (Good luck) ရသွားတာလေ"

"အင်"

ဦးဗြားကြီးစကားကို ကိုနံနားမလည်။ ထို့ကြောင့်

"ဂွဒ်လဒ်ဆိုတာ ဘာလဲဟင်"

ဦးဗြားကြီးမျက်နှာ ဖရိုဖရဲဖြစ်သွား၏။ သူလဲ နားလည်ပုံ မပေါ်။

"ဂွဒ်လဒ်က ဂွဒ်လဒ်ပေါ့ကွာ"

"ဩော်၊ ဂွဒ်လဒ်ပေါ့နော်"

ကိုနံ ရှင်းသွားသည်။ ဒါကို ဦးဗြားကြီးက. . .

"အဲလို ဂွဒ်လဒ်ရသွားရင် ဒေါ်ဒေါ်အောက်က ဒေါ်ဒေါ်ကြောက်တွေက သူ့ကိုမြင်ရင် ဂွဒ်လဒ်လို့ ပြောနေရတာပေါ့"

ကိုနံရှင်းလာသည်။

"ဒါနဲ့ သူ့ကို ဘာလို့ ချစ်သမီးလို့ ပြောင်းခေါ်ကြတာလဲ"

"မေမေကြီးချစ်တဲ့ သမီးမို့ အားလုံးက ချစ်သမီးလို့ ပြောင်းခေါ်ကြရတာပေါ့ကွာ"

"မေမေကြီးဆိုတာ"

"ဒေါ်ဒေါ်လေ"

"ဒေါ်ဒေါ်က"

"ဂွဒ်လဒ်လေ"

"ဂွဒ်လဒ်ဆိုတာက"

"နင့်မေလင်လေ"

"အော်"

ကြာတော့ လွမ်းလွမ်းဆွေးဆွေးရှင်းပြနေသည့် ဦးဖြားကြီးတောင် သည်းမခံနိုင်တော့။

ကိုနံ အနောက်ကို ပြန်ငဲ့စောင်းကြည့်မိသည်။

မခင်သန်းကတော့ ပက်ကော့ပက်ကော့နှင့် အထဲပြန်ဝင်သည်။ ကျန်သည့်သူများက အထုပ်ဆွဲပြီး လိုက်ပို့ကြသည်။

ကိုနံ သက်ပြင်းချ၍ ခြေလှမ်းကို ပြန်ရွှေ့သည်။

အပြင်မှာ ရာသီဥတုက သာသာယာယာ။

ကိုနံ၏ ခြေလှမ်းများကား လေးလေးမှန်မှန်။

သူဆွဲလာသော အထုပ်က စီးစီးပိုင်ပိုင်

သို့သော်. . .

ရင်ထဲမှာတော့. . .

ဗလာ။

အတွေးထဲမှာတော့ "ဂွဒ်လဒ်၊ ချစ်သမီး ခင်သန်း ကြည်"

× × × × × ×





ကိုနံ ရင်တုန်လောက်အောင် ဝမ်းသာနေသည်။

အပျော်ဆုံးနေ့တွေထဲက တစ်နေ့ တကယ် ရောက်ခဲ့ပြီလေ။

ဒီနေ့ မခင်သန်းအပြင်ထွက်ရမည့်နေ့။

အချိန်ကာလ တစ်ခုအထိ စိတ်ရှည်ရှည် စောင့်စားခဲ့ရသည့်နေ့ မဟုတ်ပါလား။

အမှောင်ကို မကြောက်၊ အလင်းရောင်ကို ကြောက်သည့်ဘဝ။ ဒီမျှနှင့် လွန်မြောက်လေပြီ။

ပြစ်တင်ဝေဖန်မှုများစွာကို ပြုံးပြုံးကြီး ပျော်ဝင်နေတတ်ပြီ။ အကောင်းမြင်လောကကြီးကို မသိခဲ့သူ၏ နောက်ဆုံးနေ့ပင်ဖြစ်လိမ့်မည်။

အပြင်ရောက်သည်နှင့် မခင်သန်းကို တစ်ပါထဲအိမ်ခေါ်လာမည်။ (မခင်သန်းနှင့် သူနေထိုင်ဖို့ သပ်သပ်ရပ်ရပ် အိမ်လေးတစ်လုံး ငှားထားပြီးပြီ) ပြီးလျှင် သူအောင်မြင်နေသော ကွမ်းယာအပါအဝင် စတိုးဆိုင်အသေးလေးကို ပြမည်။ ပြီးလျှင် လောကကြီးကို မပူမပင် မကြောင့်မကြ အတူတကွ ဖြတ်သန်းကြရပေတော့မည်။

"ခင်သန်း၊ ပင်ပန်းမှာစိုးလို့ ဖင်တောင် ပေးမရမ်းတော့ဘူး"

သူ့ဆိုင်က ဘယ်လောက်ထိအောင်မြင်သလဲဆိုရင် အရင်က မိရှမ်းတို့ မိမြတို့ကိုတောင် ငှားထားနိုင်ပြီး ဟိုနှစ်ယောက်ကလဲအငြိမ်မနေ။

"စမီး၊ လှလား" ပုံတင်ရင်း နှင့်အောင်မြင်လာတာ။

လူကလဲ နှာဘူးများ၏။ ဂျပုမများ ပုံတင်သည်ကို တွေ့ချင်သူက တစ်ထော။

လာကြည့်ပြီးခါမှ "သွားမကြည့်နဲ့၊ ဂျပုမတွေ"

ဆိုလျှင်လဲ လာကြည့်ကြသည်။

အခု အပုနှစ်ပုနှင့် သူတောင် ခရုနေပြီ။

ကိုနံ ကိုယ့်အတွေးနှင့် ကိုယ်ပျော်နေမိသည်။

စုထားသမျှ အဝတ်အစားတွေထဲက အကောင်းဆုံး

အဝတ်အစားတစ်စုံထုတ်ယူ ဝတ်ဆင်လိုက်သည်။ နောက် သိပ်မကြာပါ။

“ကိုနောင်ကြီး ဒီနေ့တယ်သပ်ရပ်ပါလား”

“ကွမ်းယာဘောစိ၊ တယ်လှပါလား”

စသော နှုတ်ဆက်သံများ ကြားရသည်။ ပတ်ဝန်းကျင်အသစ် နေထိုင်မှုအသစ်နှင့် သူ၏ဘဝက လှပခဲ့ပြီ။ လူမသန် ကိုနံ ဟူသော အမည်ကို ရုတ်သိမ်းပြီး “သူဌေးကလေး နောင်ကြီး” အဖြစ် သူရှင်သန် နေနိုင်ခဲ့ပြီ။ ဆိုင်နာမည်ကိုက “နောင်ခင်”

ဖြတ်သွားဖြတ်လာတက္ကစီတစ်စီး သူ လက်လှမ်းပြ လိုက်သည်။ သူတက္ကစီလောက်တော့ အသာလေး ငှားစီးနေနိုင်ပြီ။

ဒီလိုနေ့မျိုး သူနောက်ကျ၍မဖြစ်။

အချစ်ရှိရာ သူသွားလာရဦးမှာကိုး. . .

× × × × × ×





“ဟာ”

သူရောက်လာတော့ တံခါးဝမှာ လူအများ ပြည့်လျှံ နေသည်။

“ဘယ်အရေးကြီးလူကို လာကြိုကြပါလိမ့်”

သူနာရီကို လှမ်းကြည့်လိုက်သည်။ မခင်သန်း ထွက်မည့်အချိန်ကကွက်တိ။

“ကျွီ” ခနဲ တံခါးဖွင့်သံကြားရသည်။ သူလူအုပ်ထဲ အတင်းတိုးဝင်လိုက်သည်။

“ဟာ”

ရင်ထဲလှိုက်ခနဲ။

“မခင်သန်းရယ်”

မခင်သန်းကို မြင်ရပြီ။

မခင်သန်းကား ပါတိတ်ဝမ်းဆက်နှင့် ခေါင်းမှာလဲ ပန်းတွေဝေနေအောင် ပန်ထားသည်။ သူ့ပုံက အထဲက ထွက်လာသည် နှင့်မတူ။ ပွဲကရန် ပြင်ဆင်ထားပုံ။

မခင်သန်း လက်ကို ဝှေ့ယမ်းပြသည်။ သူ့ကို မဟုတ်။ လူအများဖက်ကို။

“မခင်သန်း”

ကိုနံ အော်သံ။ သို့သော် သူ့အော်သံက တိုး မပေါက်။

“အမျိုးမှန်၊ အဖိုးတန်သမီးလေး၊ ချစ်သမီးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ”

“ချစ်သမီး ခင်သန်းကြည် ကျန်းမာပါစေ”

စသည့်အော်သံများ ကြွေးကြော်သံများ စီညံနေ၏။

ပထမတော့ ကိုနံ ကြောင်နေသေး၏။ နောက်မှ သတိတရ ဝေ့ကြည့်လိုက်မှ. . .

“ဟင်”

တူညီဝတ်စုံများ၊ ဆိုင်းဘုတ်ကိုင်မြှောက် ထား သူများ။

"ဂွဒ်လဒ်၊ ချစ်သမီးခင်သန်းကြည်"

"ပြည်သူ့အချစ်တော် မခင်သန်းကြည်"

"ဟာ"

သူ ဝေ့ကြည့်လိုက်တော့

"ဟင်"

အရင်လူဟောင်းများ၊ ဦးဖြားကြီးဦးဆောင်သည့် အဖွဲ့အပြင် စွေစောင်းတို့အဖွဲ့က ခေါင်းနီကောင်ကို တွေ့ရ သည်၊ ခေါင်းနီကောင်က သူ့ကို မြင်တော့ သူရထားသော နေ့တွက်ဒံပေါက်ထုပ်မြှောက်ပြကာ

"စားဦးမလား"

ဆိုပြီး တိုးတိုးလှမ်းပြောသည်။ ကိုနံ ယောင်ပြီး ခေါင်းယမ်းလိုက်သည်။

လူတွေက ကိုနံကို တိုးတိုက်လွှတ်သည်။ ကင်မရာ များ၊ အသံဖမ်းစက်များ အတုတွေမှန်းကိုနံသိ သည်။

"ချစ်သမီး တစ်ခုခုပြောပါ"

တောင်းဆိုသံများ၊ မခင်သန်းက လက်ကို လှရုံလေးမြှောက်ပြပြီး

"အမျိုးသားရေးကို နိုင်ငံတော်နဲ့ ညှိနှိုင်း အကောင် အထည်ဖော်သွားပါ့မယ်။ ခုတော့ ဒီလောက်ပဲ ပြောချင်ပါ သေးတယ်။ ကျွန်မ အနားယူရဦးမယ်လေ ဟင်းဟင်း"

"ဝေး"

"ခင်သန်းကြည်ကွ"

စသည့်အော်သံများ ကြားရသည်။ မခင်သန်းကမူ ကိုနံဖက်ကို လှည့်ပင်မကြည့်၊ အသင့် တံခါးဖွင့်ထားသော ကားပေါ်တက်ထိုင် လိုက်သည်။ သူကားပေါ်ရောက်သည်နှင့် ကားကဝူးကနဲ မောင်း ထွက်သွားသည်။





"မခင်သန်း၊ မခင်သန်း"

ကိုနံ အသံကုန် ခြစ်အော်မိသည်။ သို့သော် ကားပေါ် မှ မခင်သန်းလက်ကလေးသာ လှုပ်ယမ်းသွားသည်ကို တွေ့ရ၏။

သူ့အကျီက ပိတောက်ခြောက်နှင့်အစိမ်း၊ သူ့ အသည်းနှလုံးက အစိမ်း၊ သူ့ဦးကျောက်က ဘာမှ မသုံးရ သေးတဲ့အစိမ်း။

ကိုနံ အပေါ်မှာ စိမ်းလေပြီ။

စိမ်းကားလေပြီ ခင်သန်းကြည်။

× × × × × ×

ခြေလှမ်းတွေက နေးသယောင်ထင်ရသည်။

အရင်က ယဉ်ပါးခဲ့သည့်လမ်း။ အခုတော့ ပိုပြီး ကြမ်းတမ်းနေသယောင်။

ယခင်က သတိမထားခဲ့မိသော ချိုင့်ခွက်များ စည်းမဲ့ ကမ်းမဲ့ အမှိုက်များ လမ်းမပေါ် ပျံ့ကျဲလျက်နေသည်။ ထိုအရာများကို ကြည့်ပြီး ကိုနံခေါင်းထဲ၌

"ဩော်၊ ငါတို့ အတော်စည်းကမ်းပျက်ခဲ့ပါလား"

ဟုပင် တွေးမိနေတော့သည်။ လမ်းပေါ်မှာလဲ အပုပ် နံ့တွေ တလှိုင်းလှိုင်း။ ကိုနံ ပြန်လှည့်ချင်သွားသည်။ သို့သော် မသွား၍ ကားမဖြစ်။ နောက်ဆုံးအကြိမ်အဖြစ် သူသွားရ ဦးမည်။

အဘယ့်ကြောင့်ဆိုသော် ချစ်ရပါသော ခင်သန်းကြည်ကိုအပါခေါ်ရန်. . .

"ဟဲ့၊ ဟိုဟာက ကိုနံမဟုတ်လား"

"အေး၊ ဟုတ်ပ့ါ သန့်ပြန့်နေတာ၊ ရုပ်နဲ့ကို မလိုက်ဘူး"

"ဟာ ကိုနံကြီး ဘယ်လိုဖြစ်လာတာတုန်း"

ယခင်လုပ်ဖော်ကိုင်ဖက်များ၏ စကားသံများ။ ကိုနံ ဘာမှ မတုံ့ပြန်ဘဲ ကျော်သွားလိုက်သည်။ သူ့ခြေလှမ်းတွေက ချစ်လှစွာသော ခင်သန်းကြည်နေအိမ်သို့။ နေအိမ်ရှေ့ ခြေချ လိုက်သည်နှင့်. . .

"ဟာ"

ဟာလာဟင်းလင်း မြင်နေရသော ခင်သန်းကြည် အိမ်။

လူမနေတာ ကြာပြီဖြစ်ကြောင်း ရှဲ့စောင်း ပျက်စီး နေသော နေအိမ်မှ သက်သေခံသည်။

"မခင်သန်း ဒီကို မပြန်ပဲ ဘယ်ကို ရောက်သွား တာလဲ"

ကိုနံ စဉ်းစားရကြပ်သွားသည်။ မခင်သန်းမှာ အခြား အိမ်ရှိတယ်လဲ တစ်ခါမှ မကြားဘူး။ ယခုဒီအိမ်လဲ မရောက်ဘူး





ဆိုတော့ စိတ်ထဲက ဇဝေဇဝါ။

နောက်မှ သတိရပြီး

"ဟုတ်ပြီ၊ ဦးဖြားကြီးကို သွားမေးရမယ်"

ဆိုကာ ဦးဖြားကြီးတို့ အိမ်ဖက် ခြေဦးလှည့် လိုက် သည်။

× × × × × ×

ဦးဖြားကြီးတို့ အိမ်က ယခင်အတိုင်းပင်။ သို့သော် အိမ်ကသာ ဝါးတဲ။ အိမ်ဘေးမှာ စလောင်းနဲ့ ဘာနဲ့။

"လေးဖြား၊ လေးဖြား"

"ဟေ၊ ဘယ်သူလဲကွ"

"ကျွန်တော်ပါ နောင်ကြီး။ အဲလေ၊ ကိုနံပါ"

"ဟေ"

ကိုနံ အသံကြားတော့ ဦးဖြားကြီး အံ့အားသင့်သွား ပုံရ၏။ ခေါင်းမလွတ်သော သူ့အိမ်ထဲကနေ ကုန်းကွပြီး ထွက်လာသည်။ ကိုနံကို မြင်တော့. . .

"ဟာ၊ ကိုနံ သန့်လို့ပြန့်လို့ပါလား။ ဘာလဲ အလုပ် လိုချင်လို့လား။ လိုချင်ရင် ငါခေါ်တဲ့အချိန်လာ။ အခုတော့ အလုပ်ကပါးသကွာ"

ကိုနံ ခေါင်းယမ်းလိုက်သည်။

"အာ၊ လေးဖြားရာ၊ ကျွန်တော် အဲ့ဒီအလုပ်တွေ မလုပ်တော့ဘူး။ သိချင်တာလေး ရှိလို့ပါ"

ဦးဖြားကြီးက သူ့အိမ်ပေါက်ဝ ဆောင့်ကြောင့်ထိုင် ရင်း.

"ကဲ၊ ဘာသိချင်လဲ ပြော"

"မခင်သန်းအကြောင်းပါ"

"ဘာ"

ငုတ်တုတ်ထိုင်နေသော ဦးဖြားကြီး ခါးမတ် သွား သည်။ ပြီးနောက် အတန်ကြာငေးငိုင်သွားသည်။ နောက်မှ သက်ပြင်းချပြီး. .

"မခင်သန်းက ကောင်းစားသွားပြီကိုနံ"

"ဗျာ"

ကိုနံ ကြောင်ပြီး ဦးဖြားကြီးကို ကြည့်သည်။ ဦးဖြားကြီး က ခပ်ဝေးဝေးငေးရီရင်း.

"ဟုတ်တယ်ကွ၊ အခုတော့ သူက လူကြီးတွေရဲ.





လက်ရင်းဖြစ်သွားပြီ။ အိမ်တွေ ကားတွေ ဖုန်းတွေပေးပြီး သူတို့အနားခေါ်ထားတာ"

ကိုနံ ဘာပြောရမှန်းမသိတော့။ သူ့ခမျာ အိမ်လေး ငှားနိုင်ဖို့တောင် မနည်းကြိုးစားခဲ့ရတာလေ။ အခု မခင်သန်း ကတော့ နေ့ချင်းညချင်း အိမ်နဲ့ ကားနဲ့ ဆိုပါလား။

"အခုတော့ သူက တစ်ကိုယ်တော်အနေနဲ့ လှုပ်ရှား နေပြီ။ အင်းလေ၊ နာမည်ရသွားပြီကိုး. . ဒို့လို လူမျိုးနဲ့ ဘယ်ပေါင်းတော့မလဲ"

ကောင်းကင်က မှိုင်းညို့သွားသည်။ ကိုနံ ရင်ထဲလဲ ညို့တက်လာသည်။

"လူတွေ အဆဲခံပြီးစားရတဲ့ ထမင်းကမှ ပိုမြိန် နေသလား မခင်သန်းကြည်"

"အခုဆို၊ အဖွဲ့နဲ့ပေါင်းပြီး သူ့ဟောပြောပွဲတွေ လာတော့မှာလေ"

ဝိုင်းဆဲကြမှာ သေချာနေပြီပေါ့။ အဆဲခံရလဲ အားပေး တယ်မှတ်ပြီး စင်ပေါ် ခပ်တည်တည်နေမှာ။

"မတူတော့ဘူး ကိုနံ၊ မခင်သန်းကြည် အရင်လို မဟုတ်တော့ဘူး"

ဦးဖြားကြီးရဲ့ စကားများက မကြားတစ်ချက် ကြား တစ်ချက်။

ကန္တာရမှာ ပေါက်တဲ့ အပင်က ဆူးရှိတာမှန်ပါရဲ့။ ဒါပေမဲ့ အစွယ်ရှိတာ မဟုတ်ဖူးလေ။ ဆူးရှိတဲ့ အပင်ရိပ် ဘယ်သူမှ ခိုအိပ် မနေချင်ပါဘူး။

နှင်းဆီပန်းရဲ့ ဆူးက သူ့ရဲ့အလှအပကို ကိုယ်စား ပြုပေမဲ့ ကန္တာရဆူးက ဘယ်သူ့ကိုမှ ကိုယ်စားမပြုပါဘူး။ ကန္တာရပင် လိုလူတွေက "လာမထိနဲ့ ငါ့မှာ ဆူးနဲ့ကွ"လို့ ကျိန်းဝါးနေတာ ရယ်စရာ တောင်ကောင်းပါတယ် မခင်သန်းကြည်။

ဘယ်သူကများ အနားကပ်ချင်ကြမှာလဲ။

ကိုယ်တိုင်လဲ ဘာနဲ့မှ မမြူဆွယ်နိုင်။ (ဥပမာ-နှင်းဆီဆိုအလှအပနဲ့ပေါ့၊ ထိကရုန်းပန်းက စိမ်းလန်းခြင်းနဲ့ပေါ့) အနားကပ်ပြန်ရင်လဲ ဆူးအဆိပ် တက်တတ်တာမို့ ဘယ်သူတွေကများ တို့ထိချင်ပါ့မလဲ။

ကန္တာရပင်ချင်းပဲပေါင်းပြီး ကန္တာရဆူးတောကြီးပဲ ဖြစ်ကျန်ရစ်မှာပေါ့။ ဒါကိုမှ

"လာမထိနဲ့၊ ငါတို့မှာ ဆူးရှိတယ်"

ကြွေးကြော်နေရုံမျှနဲ့ ဘယ်သူက အနားကပ်ချင် ကြမလဲကွယ်။

ခင်သန်းကြည်ရယ်. . .

အခုတော့ ဆူးလေးတစ်ချောင်းတော့ ဖြစ်နေပြီပေါ့။ ဒါပေမဲ့. . .

မင်းဟာ လူအသုံးမလိုတဲ့ ကန္တာရဆူးတစ်ချောင်းပါကွယ်။

× × × × ×



BURMESE CLASSIC .com



ချစ်ခြင်းရဲ့အတိမ်အနက်ကို ချိန်စက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဘယ်သူက ဘယ်လိုအပြစ်မြင်မြင်၊ ချစ်ခင်စိတ်နဲ့ ကြည့်ရင် ချစ်ခင်စရာကြီးပါပဲ။ ရင်ထဲမှာရှိတဲ့ဆူး ကန္တာရဆူးပဲ ဖြစ်ပါစေ။ ဘယ်လောက်တောင် နာကျင်ခံစား ရပါစေ။ တကယ်ချစ်ခင်တဲ့အခါ နာကျင်ခြင်းကို နှစ်သက်လာတတ်ပါတယ်။ နှလုံးသားဆိုတာ ကွက်လပ်ထားစရာ နေရာမှ မဟုတ်တာ။

မိဘကို ချစ်တယ်။ သားသမီးတွေချစ်တယ်။ ကဗျာတွေကို ချစ်တယ်။ ကိုယ့်ကိုကိုယ်ချစ်တယ်။ကိုယ်နဲ့ သွေးမတော်သားမစပ်ကိုလဲ နှလုံးသားထဲ ထည့်ထား ရအောင် ချစ်လိုက်တာပဲ မဟုတ်လား။

ချစ်တတ်ခြင်းဟာ ရယ်မောပျော်ရွှင်ဖွယ် တစ်ခု ပဲလေ။ အသည်းခိုက်အောင်နာကျင်ရင်တောင် မျက်ရည် လည်ကြား ရယ်တတ်သေးတာပဲ။

မှန်ပါတယ် မခင်သန်း။

ကျွန်တော် မခင်သန်းကို ချစ်တယ်။ မခင်သန်းက ကန္တာရဆူးဖြစ်နေပါစေ၊ ကျွန်တော်ချစ်တယ်။ ရင်ထဲက ထုတ်မပစ်နိုင်အောင်ချစ်တယ်။

တကယ်ချစ်မိတဲ့အခါ ချစ်သူဖြစ်ချင်တဲ့ဆန္ဒ ကိုယ့်ဆီမှာလဲ တစ်ထပ်ထဲရှိရမှာပေါ့။

"ကျွန်တော် မခင်သန်းကို တကယ်ချစ်တယ်"

ဒါကြောင့် မခင်သန်းဖြစ်ချင်တဲ့ ဆန္ဒ၊ အနီးနားက မဟုတ်ရင်တောင် အဝေးကနေ ဖြည့်စွမ်းပေးနိုင် ရမှာပေါ့။

မခင်သန်းရဲ့ဆန္ဒကို ကျွန်တော် တတ်နိုင်သမျှ ဖြည့်စွမ်းပေးရမှာပေါ့။

ကျွန်တော် ခန္ဓာကိုယ်ကြီး ဘယ်လိုပဲဖြစ်သွားသွား၊ ကျွန်တော့်ကို ဘယ်လိုမျက်လုံးမျိုးနဲ့ပဲ ကြည့်ကြည့် ခင်သန်းကြည်ရဲ့

ဆန္ဒ၊ ကျွန်တော်ဖြည့်ဆည်းရတော့မှာပေါ့။

ဒါကြောင့်လဲ ဘယ်တော့မှ မလုပ်တော့ဘူးဆိုတဲ့ အလုပ်တစ်ခုကို ကျွန်တော် ခင်သန်းကြည်ရဲ့ ဘဝလမ်း ထင်သာမြင်သာရှိဖို့ ကျွန်တော် လျှောက်လှမ်းလိုက်ရ ပါသည်။

ဤသို့ ချစ်ရပါသည် မခင်သန်းကြည်။

× × × × × ×



BURMESE CLASSIC .com



"ငါ့ရဲ့ကောင်းကင်"

ကောင်းကင်ကို ကောင်းကင်ထဲ ထည့်လိုက်တဲ့အခါ
ကောင်းကင်ဟာ ကောင်းကင်ဖြစ်လာတယ်။
ဒီတော့ ကောင်းကင်က ကောင်းကင်ကို မေးတယ်။
"မင်းဟာ ကောင်းကင်လား"
ကောင်းကင်ကပြန်ဖြေတယ်။
"မှားတယ်"
"ငါ့ရဲ့ကောင်းကင်က ခင်သန်းကြည်"
ကဗျာကဝိ ကိုနံ့ (လူမသန့်)
ခေတ္တ လမ်းဘေး။

× × × × × ×

မိုးကား နာမည်ပျက်ရုံလေးရွာနေသည်။

လူတွေ အပြင်ထွက်ဖို့ အဆင်မပြေရုံ၊ ရှိရင်းစွဲ ဗွက်အိုင်များ ဗွက်ထသွားရုံ။ ဝတ်ထားသော အင်္ကျီများ ဖားဥ စွဲရုံမျှ အသာအယာရွာချနေသည်။

မိုးသိပ်သည်းစွာ ရွာချနေသည်မဟုတ်သော်ငြား ရာသီဥတုကလဲ သိပ်မလင်းပါ။ မှိုင်းညို့ညို့အသွင် ကို ဆောင်၏။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်. .

အို. . မိတ်ဆွေ. .

သင်မြင်နိုင်လျှင် မြင်ကြည့်ပါ။

ပတ်ချာလည်ရွာချနေသော မိုးရေများကြား မှိုင်းညို့ညို့ ရာသီဥတုကြား၊ လူတစ်ယောက်ကို ဆိုင်း ဘုတ် အများအပြားနှင့် သင်တွေ့မြင်ပါလိမ့်မည်။ သူသည်ကား. .

"ကျွန်တော့်နာမည် နောင်ကြီးပါ။ ဘယ်သူ တစ်ယောက်ရဲ့ တိုက်တွန်းချက်မှ မဟုတ်၊ ဘယ်သူတစ် ယောက်ရဲ့ ခြိမ်းခြောက်ခြင်းလဲ မဟုတ်။ မိမိဆန္ဒအရ သဘောထားဆန္ဒကို တစ်ကိုယ်တော် ထုတ်ဖော်နေ ခြင်းပါ"

သူ၏ အော်သံက ပတ်ဝန်းကျင်ကို လှုံ့ဆော်နေ သည်။ သူကိုင်ထားသော ဆိုင်းဘုတ်များက

"ပြည်သူ့ရှင်လန်း မခင်သန်း"

"ပြည်သူလန်းပြီ၊ ခင်သန်းကြည်"

"ခင်သန်းကြည် (ခ) ချစ်သမီးကို ထောက်ခံပါသည်"

အနေဝေးနေပေမဲ့လဲ

သံယောဇဉ်အမျှင်ပါးက ရင်ကြားမှာတော့ တလှုလှု။

BURMESE CLASSIC .com

လေးစားစွာကြိုးစားလျက်

*အကြည်တော်*

၈ း ၆ း ၀၁ ၈ ပ